

# ATRC

## Anglican Training & Resource Centre

PDF Compressor Free Version

## အဆောက်အဦအတွက် အလှူရှင်များအားလုံးကို ဖိတ်ခေါ်အပ်ပါသည်

**ရည်ရွယ်ချက်**

ဓမ္မဝိဇ္ဇာဘွဲ့လွန်သင်တန်းများ တိုးချဲ့နိုင်ရန်၊
Liberal Art Program ဖွင့်လှစ်နိုင်ရန်နှင့်
ကျောင်းစာကြည့်တိုက်အား အဆင့်မြင့်နိုင်ရန်

**အသုံးပြုသွားမည့်ပုံစံ**

မြေညီထပ် - စာသင်ခန်း၊ စာကြည့်ခန်းနှင့်ရုံး
ပထမထပ် - ဧည့်သည်ဆရာများနားနေခန်းနှင့် စာသင်ခန်း
ဒုတိယထပ် - စာအုပ် ၂၀၀၀၀ အုပ်ဆန့်သည့် စာကြည့်တိုက်
တတိယထပ် - ဘွဲ့နှင်းသဘင်ခန်းမ

**ခန့်မှန်းကုန်ကျစရိတ်**

ရှစ်ထောင့်ရှစ်ရာငါးဆယ်သိန်း (၈၈၅၀၀၀၀၀၀) ကျပ်
အမေရိကန်ဒေါ်လာ (၆၈၀၀၀၀)

**မည်ကဲ့သို့လှူဒါန်းနိုင်မည်နည်း**

လိုအပ်သောပစ္စည်းများလှူဒါန်းခြင်း၊ ငွေသားများ သို့မဟုတ် နှစ်နှစ်တာ ကတိခံငွေများပေးခြင်း (သို့) အောက်ပါဘဏ်များသို့ ငွေလွှဲခြင်းအားဖြင့် လှူဒါန်းနိုင်ပါသည်။

**နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုပါက**

Name of Bank: The Myanmar Foreign Trade Bank
Address: No.80/86 Maha Bandoola Garden Road, Yangon, Myanmar
Name of Account : The Yangon Diocesan Trust Association
Account No: 1DA 0396242
Bank Swift Code: MFTBMMMY

**မြန်မာကျပ်ငွေဖြင့် လှူဒါန်းလိုပါက**

Bank Account No. 021-302-02106117801
(KANBAWZA BANK Ltd (KMY)
အီးမေးလ်လိပ်စာ - hctcatrcbuilding@gmail.com
လိပ်စာ - အမှတ် (၁၀၄) အင်းလျားလမ်း၊ တက္ကသိုလ်စာတိုက်အမှတ် ၁၁၀၄၁၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်။



အသင်းတော်အတွင်း ကန့်သတ်

**ထပ်မံသိရှိလိုပါက ဆက်သွယ်ရန်**

ဘုန်းတော်ကြီး ဒေါက်တာရှမွေလစံမြတ်ရွှေ
ကျောင်းအုပ်ကြီး
ဖုန်း - ၀၉ - ၉၇၆၂၁၆၀၈၁
- ၀၉ - ၄၂၁၁၁၅၃၆၉
Email - sanmyats@gmail.com

ဒေါက်တာနော်မြတ်ဆုမွန်
ဘဏ္ဍာထိန်း (အဆောက်အဦဖြစ်မြောက်ရေးကော်မတီ)
ဖုန်း - ၀၉ - ၅၀၈၃၈၁၈
Email - nawhteesawmoo@gmail.com

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် SHALOM Magazine 2018-2019

# ရှာလုံ

# SHALOM Magazine 2018-2019

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



ဘုန်းတော်ကြီး ဒေါက်တာရှမွေလစံမြတ်ရွှေ
ကျောင်းအုပ်ကြီး (၂၀၁၀ - ၂၀၁၉)

PDF Compressor Free Version



# ဥပဒေသာ်ဇဥ်

ဘုရားသခင်၏အလိုတော်ပြည့်စုံစေရန်အတွက် တစ်ထောင့်တစ်နေရာမှ ပါဝင်အသုံးခံလျှက်ရှိသည့် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်သည် ယခုနှစ်တွင် နှစ်ပေါင်း (၈၄) နှစ်တိုင်ပြည့်ခဲ့ပြီဖြစ်သည်။ ယခုချိန်အထိ ဓမ္မအမှုတော်ဆောင်ပေါင်း (၃၀၀) ကျော် မွေးထုတ်ပေးကာ အသင်းတော်ကြီး အားဘက်ပေါင်းစုံမှ အစေခံလျက်ရှိပါသည်။ ဤကဲ့သို့ အသုံးတော်ခံခွင့်ပေးသော ဘုရားသခင်၏ ကျေးဇူးတော်ကို ရေတွက်ချီးမွမ်းပါသည်။ အစဉ်သဖြင့်ဝိုင်းဝန်းကူညီဖေးမသောသူတစ်ဦးစီကိုလည်းကျေးဇူးတင်ရှိပါသည်။ ဘုရားသခင်၏ အလိုတော်ပြည့်စုံစေရန်အတွက် နာခံခြင်း၊ ချိုးနှိမ်ခြင်း၊ စင်ကြယ်ခြင်း အသက်တာအားဖြင့်သာသနာတော်ကြီး၏ နေရာဒေသအသီးသီးတွင်ရှိနေသောဓမ္မအမှုတော်ဆောင်အားလုံးအပေါ် ဘုရားရှင် ကြွယ်ဝသောကောင်းချီးမင်္ဂလာနှင့် ဆုကျေးဇူးများဆက်လက်သွန်းလောင်းလျှက် ဆထက်တပိုး ဆောင်ရွက်နိုင်ပါမည့် အကြောင်း ဆုတောင်းလျှက်ရှိပါသည်။ ဤနှစ်တွင်လည်း သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်မှထုတ်ဝေသည့် ရာလုမ်စာစောင်အားဖြင့် ဖတ်ရှုသူ တစ်ဦးစီတိုင်း ဝိညာဉ်ရေးဆိုင်ရာ အသိတရားများတိုးပွားကာ မိမိတို့ရှိသောနေရာတွင် ဘုရားသခင်၏ အလိုတော်သာ၍ ပြည့်စုံစေပါမည့်အကြောင်း ရည်ရွယ်ဆန္ဒပြုအပ်ပါသည်။

**အရှင်တော်မြတ်၌**
**ထုန်းတော်ကြီး ဒေါက်တာရှမွေလစံမြတ်ရွှေ**
**ကျောင်းအုပ်ကြီး**

PDF Compressor Free Version



Rev. Dr. Samuel San Myat Shwe
( B.Th., Ph.D.)
Principal



Dr. Naw Myat Hsu Mon
[B.Sc., B.Th., M.T.S., M.Th., D.Th.]
Academic Dean



Rev. Richard G. Wai Moo
[B.Th., M.A.T.S., M.Th.]
Dean of Studient



Rev. Dr. Andrew Zaw Lwin
( B.A., M.Div., Th.M., D.Min.)



Sayarma Saga Hkawng Tawng
(B.Sc., B.R.E., M.A.C.E.)



Rev. Salai David
( B.A., B.Th., M.A.C.S.)



Rev. Ai Enoka
(B.Th., M.Div., M.Th (Candidate))



Naw Lwin Thida Myint
(B.Sc, B.Th, M.T.S, M.Th.)



Rev. Saw Klo Htoo Wah
(B.Th., M.Div., M.Th (Candidate))



Rev. Dr. Simon Be Bin Htu
( B.Sc., M.Div., M.Th., D.Min.)



Rev. Winston Aung Myo Tun
(B.Th., B.A., M.A.C.S.)



Rev. Dr. Paul Myint Htet Htin Ya
Ph.D.

PDF Compressor Free Version


Rev. Allan Kyaw Myo Naing
(B.Th., M.Div., D.Min. (Candidate)


Dr. U Aung Hla Tun
(E.Enn. (Met.), M.E. (Met.), D.D.)


Rev. Smith Ngut Za Thawng
( B.Sc., B.R.E., M.Th. (F.D.CS.)


Sayagyi Saw Si He
Music Teacher


Saya U San Lin


Sayama Daw Joy Hla Kyaw


Dr. Daw Khin Thida yunt
B.Sc., B.R.R., M.Th., D.Min.


Dr. Grace Mee Bya
B.Sc., M.Div., M.Th., D.min.


Rev. Christopher Min Min Tun
B.A., B.Th. M.Div.


Rev. Sa Sai Noah
B.A.R.S., M.Div.


Saya Sa Samuel
B.A., B.A.R.S., M.Div.


Saya Salai Zin Mg Soe
(Computer Teacher)

PDF Compressor Free Version


Saya U Naw Aung


Rev. Saw John Thet Lwin
(Librarian in charge)


Sayama Daw Wai Wai Myint
(B.A., M.T.S. ) Assistant Librarian


Sayama Naw Mercy See Sein Soe
Assistant Librarian
(B.A., M.Res., M.A.C.S.)


Sayama Naw Martha
(B.A., B.Th., MACS) Head of Office


Nant Thandar Win
Office Assistant


Nant San Phaung Bwa
Accountant


U Saw David
Gardener


Nant San San Thin (Ma Cherry)
Cook


Mg Aung Tu
Driver


Sayarma Mary Hninn Hninn Aye
(B.Th., B.Sc., M.T.S., M.Th.,


Rev. Moses Kaser Htaw
(B.Th, M.Div, M.Th (Candidate)


Rev. Saw Khalay Saw
(B.Th, M.Div)


Sayama Po Po Myint Maung
B.Th., M.Div.(Candidate))


Rev. Sa Shine Luke
B.Th., M.Div.(Candidate)

PDF Compressor Free Version












ဝတ်ဝန်းကျင်ထန့်ရှင်းရေး





PDF Compressor Free Version



ပညာသင်နှစ်အစပြု ဝတ်စောင့်ခြင်း



ဘောလုံးအသင်း



တေးသီချင်းရေစပ်သီဆိုပြိုင်ပွဲ



ဖိလစ်ပိုင်နိုင်ငံမှ ကျမ်းစာကျောင်းအုပ်ဆရာမနှင့် အမှတ်တရ

PDF Compressor Free Version






PDF Compressor Free Version










ဓမ္မတက္ကသိုလ်မိသားစု အားကစားပြိုင်ပွဲ







ကျောင်းဈေးရောင်းပွဲတော်တွင်
လာရောက်ဖျော်ဖြေခဲ့ကြသည့် နိုင်ငံကျော်အဆိုတော်များ





သန့်ရှင်းသောကားတိုင်အသင်းတော် မိသားစု
ဟင်းချက်ပြိုင်ပွဲတွင် ပါဝင်ခြင်း



ပထမနှစ်ကျောင်းသားများအား ဝတ်လုံအပ်နှင်းခြင်း



ဂိုဏ်းပေါင်းစုံ ဝတ်ပြုခြင်းတွင် ပါဝင်ခြင်း



မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်
ကျမ်းစာကျောင်းပေါင်းစုံမိတ်သဟာယ

PDF Compressor Free Version



တတိယနှစ် ကျောင်းသူကျောင်းသားများ



နောက်ဆုံးနှစ် ကျောင်းသူကျောင်းသားများ

PDF Compressor Free Version



ပထမနှစ် ကျောင်းသူကျောင်းသားများ



ဒုတိယနှစ် ကျောင်းသူကျောင်းသားများ

PDF Compressor Free Version



# အယ်ဒီတာ့စကား



အသက်ရှင်တော်မူသော အဖဘုရားရှင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ယခုနှစ်၏ ရှာလုမ် စာစောင်ဖြစ်မြောက်ရေးအတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသည့် ခရစ်တော်၌ ညီအစ်ကို မောင်နှမ တစ်ဦးစီတိုင်းကို ကျေးဇူးတင်ရှိအပ်ပါသည်။ ကျွန်တော်အနေဖြင့် မထိုက်တန် မတတ်ကျွမ်းသော်လည်း ရွေးချယ်တင်မြှောက် လုပ်ကိုင် ခွင့်ပေးသော တာဝန်ရှိသူ တစ်ဦးစီတိုင်းကိုလည်း ကျေးဇူးတင်ရှိအပ်ပါသည်။ ဤရှာလုမ်စာစောင်အားဖြင့် ဖတ်ရှုသူ တစ်ဦးတစ်ယောက်စီ၏ အသက်တာတွင် ဘုရားသခင်၏ကောင်းမြတ်ခြင်းကို ပိုမိုခံစားနားလည်ပြီး၊ မိမိတို့အသက်တာဖြင့် ခရစ်တော်၏ အလင်းကို သာ၍ထွန်းလင်းနိုင်ကြပါမည့်ကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ ""ဘုရားရှင်၏ အလိုတော်သည် ကောင်းကင်ပေါ်၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်တွင် လည်း စုံလင်ပါစေသော။ အာမင်။

ဆိုင်မွန်ဂျာလီအောင်
တာဝန်ခံအယ်ဒီတာ

PDF Compressor Free Version



# ရှာလုမ်မဂ္ဂဇင်းကော်မတီ
## (၂၀၁၈ – ၂၀၁၉)

| | |
|---|---|
| နာယက | - ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ |
| အကြံပေးနှင့် စာမူစိစစ်ရေး | - ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း |
| | - ဘုန်းတော်ကြီး စောကလိုထူးဝါး |
| တာဝန်ခံစာတည်း | - ဆိုင်မွန် ဂျာလီအောင် |
| တွဲဖက်တာဝန်ခံစာတည်း | - နော်ကြည်ကြည်ဝင်း |
| သဘာပတိ | - စောဂျွန်ထင်လင်း |
| ဘဏ္ဍာထိန်း | - ဂွမ်ဂျာအောင် |
| စာမူစုဆောင်းရေးတာဝန်ခံများ | - မောင်ငွေးလွင် (သက်သေခံချက်၊ ဆောင်းပါး) |
| | - ဖိလစ်ဆိန်ဂေါ်ခွမ် (ဝတ္ထု၊ ကဗျာ) |
| | - ဂျော့ရမ်စီ (ကာတွန်း၊ ဟာသ) |
| ဖြန့်ချိရေးအဖွဲ့ | - လုကာအောင်ဇင်ဦး (ရန်ကုန်) |
| | - ဆလိုင်းစတီဗင်မျိုး (ပြည်) |
| | - ဒေးဗစ်မျိုးလွင်ကျော် (ပုသိမ်) |
| | - နော်နီကမွီးစဲ (ဘားအံ) |
| | - စောဂျွန်ထင်လင်း (တောင်ငူ) |
| | - မောင်မိုးဇက်မြင့်မိုရ်ဝင်း (မန္တလေး) |
| | - ဂျိမ်းစ်လဂျာ (မြစ်ကြီးနား) |
| | - ဂျိုးဇက်နိုင်ထွန်းမင်း (စစ်တွေ) |

PDF Compressor Free Version



# ကျေးဇူးတင်စကား



ရှေးဦးစွာ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ရာလုပ်ဖြစ်မြောက်ရေး အတွက် အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးကြသော သူအားလုံးကို ကျေးဇူးတင်ရှိပါသည်။ အထူးသဖြင့် ရာလုပ်တာဝန်ခံ ဆရာဆိုင်မွန်ဂျာလီအောင်နှင့် တွဲဖက်တာဝန်ခံ ဆရာမနော်ကြည်ကြည်ဝင်း၊ စာမူကိုစီစစ်ပေးသော ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း၊ ဘုန်းတော်ကြီး စောကလိုထူးဝါး နှင့် စာမူများကို ကူညီရေးသားပေးကြသော ခရစ်ယာန်ညီအစ်ကိုမောင်နှမ တစ်ယောက်ချင်း စီတိုင်းကို အထူးပင်ကျေးဇူးတင်ရှိအပ်ပါသည်။ အမည်နာမအားဖြင့် မဖော်ပြသော်လည်း ကျေးဇူးတင်ထိုက်သောသူများ အားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

စောဂျွန်ထင်လင်း

သဘာပတိ

PDF Compressor Free Version

SHALOM MAGAZINE

# မာတိကာ


| | | |
|---|---|---|
| ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ (ကျောင်းအုပ်ကြီး) | ၀၀၁ | ဥယျောဇဉ် |
| | ၀၀၂ | ဓါတ်ပုံစာမျက်နှာများ |
| ဆိုင်မွန်ဂျာလီအောင် | ၀၀၉ | အယ်ဒီတာ့စကား |
| | ၀၁၀ | ရှာလုမ်မဂ္ဂဇင်းကော်မတီ ၂၀၁၈-၂၀၁၉ ပညာသင်နှစ် |
| စောထင်လင်း | ၀၁၁ | ကျေးဇူးတင်စကား |
| ဒေါ်ရှိုင်းနင်းထွန်း | ၀၁၄ | အဆိုအမိန့်များ စုစည်းမှု |
| ပျံလွှား (သံတောင်) | ၀၁၅ | အမေ့ထံပေးစာ (ကဗျာ) |
| Rev. John Par Kauk | ၀၁၆ | တောင်ယာဟောင်းက ကျီဟောက်သံ (ကဗျာ) |
| Naw Eden | ၀၁၇ | ငှါမိသားစုလေး (ကဗျာ) |
| | ၀၁၈ | ရင်တွင်းစကား |
| | ၀၂၈ | ဆရာ/မ၊ ကျောင်းသူ/သားဝန်ထမ်း အင်အား (၂၀၁၈-၁၉) |
| ဖိုးသဒါး | ၀၃၀ | ကာတွန်း |
| သခင့်ရဲ့တစ်စုံတစ်ရာ | ၀၃၁ | ခွန်အားပေးခြင်း |
| ကိုမျိုး (ပြည်) | ၀၃၄ | ဒစ်ဂျစ်တယ်စာပေအကြောင်း တစ်စေ့တစ်စောင်း |
| ဦးယုမင်း | ၀၃၈ | ဆန်းကြွယ်ဦးနှောက်နှင့် အံ့ဖွယ်အသိဉာဏ် |
| ဦးအောင်လှထွန်း | ၀၄၃ | ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ |
| လင်းထက် | ၀၄၉ | ဘုရားမဲ့လူ |





PDF Compressor Free Version

SHALOM MAGAZINE


| | | |
|---|---|---|
| သိုးကလေး | ၀၅၂ | သင်သည် ငါနှင့်အဘယ်သို့ဆိုင်သနည်း. . . |
| ဘုန်းတော်ကြီး အိုက်ဇေနောကာ | ၀၅၅ | ရှေ့သို့လှမ်းချီ HCTC |
| လူသား (ဆားမှော်) | ၀၅၈ | အစေခံခေါင်းဆောင်ဆိုသည်မှာ. . |
| ဆလိုင်းဌေးလွင် | ၀၆၃ | သန္ဓေဖျက်ခြင်းနှင့် လူသားတို့၏ ကျင့်ဝတ် |
| မောင်တနိုင်းခ | ၀၆၆ | ကျမ်းတတ်ဆရာနှင့် ဖာရိရှဲတို့ဖြောင့်မတ်ခြင်း |
| Rev. Salai David | ၀၇၁ | Toward a Missional Church in the 21st Century |
| Linn Shan | ၀၈၁ | ကာတွန်း |
| လူဖေက်၊ တေရ | ၀၈၂ | ကာတွန်း |
| ပုံနှိပ်မှတ်တမ်း | ၀၈၃ | |








PDF Compressor Free Version



# အဆိုအမိန့်များ

စုစည်းတင်ပြသူ - ဒေါ်ရှိုင်းနင်းထွန်း (သန့်ရှင်းသော ကားတိုင်အသင်းတော်)

၁။ သမ္မာကျမ်းစာသည် သင့်ကိုအပြစ်မှကာကွယ်မည် (သို့) အပြစ်သည် သင့်ကိုသမ္မာကျမ်းစာမှ ကာကွယ်မည်။ (ဒီအယ်လ်မူးဒီ)

၂။ ကျမ်းစာအုပ်နဲ့ပတ်သတ်ရင် ကျွန်တော်ဟာတစ်ယူသန်ဖြစ်ပါတယ်။ ကျမ်းစာပါ အကြောင်းအရာ အားလုံးကြီးငယ်မရွေး ကျွန်တော်လိုက်နာပါတယ်။ (ဂျွန်ဝက်စလီ)

၃။ ဆုတောင်းခြင်းသည် အသက်ဝိညာဉ်၏အသက်သွေးကြောဖြစ်၏။ (ဂျော့ချ်ဟာ့ဘတ်)

၄။ ဆုတောင်းခြင်းသည် အသစ်သောအသက်တာသို့ရောက်သောသူတို့၏ အသက်ရှူခြင်းဖြစ်သည်။ (ရစ်ချဒ်ဘက်စ်တာ)

၅။ ကမ္ဘာပေါ်တွင် လက်ဝါးကားတိုင်အထမ်းဖူးဘဲနှင့် ကောင်းကင်မှာသရဖူးဆောင်းမည့်သူဆိုတာ မရှိနိုင် ပါဘူး။ (ချားလ်စပါဂျင်)

၆။ လူတစ်ယောက်ရဲ့ ဘုန်းတန်းခိုးကြီးမြတ်မှုဆိုတာ သူ့ရဲ့အရှုံးပေးဆက်ကပ်မှုအတိုင်းအတာပင်ဖြစ် သည်။ (ဂျင်နရယ်ဝီလျံဘွတ်)

၇။ ဘုရားသခင်၏ အစေခံရာ၌ လက်ခံနိုင်ဖွယ်အကောင်းဆုံးအရာမှာ လူတွေအတွက် ဘုရားသခင်- လုပ် ဆောင်နေသော အရာကိုလုပ်ဆောင်ပေးခြင်းပင်ဖြစ်သည်။ (ဖရင့်ကလင်)

၈။ ခရစ်ယာန်များ၏ အဓိကတာဝန်မှာ ပျောက်ဆုံးသူများအား ယေရှုခရစ်တော်ထံသို့ပို့ဆောင်ရေးဖြစ် သည်။ (စကာဘူဒေါက်)

၉။ ဝိညာဉ်တော်အရှိန်တန်ခိုးမပါသော တရားဒေသနာဟောကြားခြင်းသည် ဘုရားသခင်၏ ဂုဏ်သိက္ခာ ကျစေခြင်းဖြစ်သည်။ (ရစ်ခ်ဝါရင်)

၁၀။ သခင်ယေရှုနှင့်နှိုင်းစာလျှင် လောက၌ရှိသောအကောင်းဆုံးမိတ်ဆွေသည် အရိပ်မျှသာ ဖြစ်သည်။ (အော့စ်ဝါလ်ချမ်ဘာ)

၁၁။ ဆေးဝါးထဲမှ အကောင်းဆုံးဆေးဝါးကတော့ အနားယူခြင်းနှင့် အစာရှောင်ခြင်းပဲဖြစ်ပါတယ်။ (ဘင်ဂျမင်ဖရန်ကလင်)

၁၂။ လူအယောက်တစ်ရာကို မကျွေးနိုင်ဘူးဆိုရင် တစ်ယောက်ကိုပဲကျွေးလိုက်ပါ။ (မာသာထရီဆာ)

၁၃။ မကောင်းတဲ့သူတွေနဲ့ပေါင်းသင်းတာထက် တစ်ဦးတည်းနေရတာက အများကြီး ပိုကောင်းပါတယ်။ (ဂျော့ချ်ဝါရှင်တန်)

PDF Compressor Free Version

ကဗျာ
ကဏ္ဍ

# အမေ့ထံပေးစာ

ပျံလွှား (သံတောင်)

၁။ ကျွန်မရဲ့မေမေ
အမှောင်မိုက်ဆုံး
နာရီများစွာထဲမှာတောင်
မျှော်လင့်ခြင်းတရားရှိဖို့
ကျွန်မတို့ကိုသွန်သင်ပေးခဲ့ × × ×။
၂။ ကျွန်မတို့ခပ်ငယ်ငယ်
အမေ့ရဲ့တဲနဘေး
ပြေးလွှားဆော့ကစား
ယောကျ်ားလေးများလည်း
ကျီစားနောက်ပြောင်
အကြမ်းပတမ်း
ဘော်လုံးကစားကြ
ဖုန်တသောသောထဲ
သူတို့ကစားတာ
ကျွန်မတို့မိန်းမငယ်တွေ
ကြည့်နေခဲ့ကြ × × ×။
၃။ ကျောင်းနေအရွယ်
ကျောင်းသို့သွားခဲ့
လောကအကြောင်းသင်ယူရင်း
သိခဲ့ကမ္ဘာ
အမေ့ရဲ့တဲ
ကျွန်မတို့ရွာထက် ပိုမိုကြီးနေပါတကား × × ×။
၇။ မေမေ × × ×
ဒုက္ခတွေကြုံတွေ့ရတဲ့
ကာလများစွာထဲမှာတောင်
မျှော်လင့်ခြင်းအကြောင်း
ကျွန်မတို့ကိုသွန်သင်ခဲ့ × × ×။
၈။ ဒါပေမယ့် မေမေ
ဘဝဟာ
ကျွန်မရဲ့မျှော်လင့်ချက်အကုန်လုံးကို
သတ်ဖြတ်ခဲ့ပြီ။
မျက်ရည်တွေနဲ့ရေးတဲ့ဒီစာ
အမေ့ဆီရောက်ပါ့မလား × × ×။
အဖော်ကင်းမဲ့
အေးစက်စက်မြေပေါ်မှာ
ကျွန်မရှိနေခဲ့တာ × × ×။
အိပ်မက်တွေလည်း
ကြမ်းခင်းပေါ်မှာပြန့်ကျဲလို့ × × ×။
မျက်ရည်တွေလည်း
အိပ်မက်အပိုင်းအစတွေနဲ့
ရောပြွမ်းလို့ × × ×။
လှည့်ဖျားခံလိုက်ရတဲ့
ကျွန်မရဲ့မျှော်လင့်ချက်တွေ
ဘယ်သောအခါမှ
ဖြစ်မလာတော့ × × ×။
၄။ အမေ့ရဲ့တဲကလေးကျွန်မကိုကျေနပ်မှုမပေးနိုင်
ကျွန်မတို့နိုင်ငံ (ကင်ညာနိုင်ငံ)လူကုံထံတွေနေတဲ့
အိမ်ကောင်းကောင်းလေးတစ်လုံးလိုချင်ဆန္ဒ
အိပ်မက်ကမ္ဘာထဲမှာ ဖြစ်ပေါ်လာခဲ့ × × ×။
၅။ အဲဒီရဲ့နောက်အသားဖြူလူတစ်ဦး
အိမ်ကောင်းကောင်းတစ်လုံးကရေသည်အလုပ်ကောင်းတစ်ခုနဲ့
ငွေမြောက်များစွာအတွက်ကျွန်မကိုကတိတွေပေးခဲ့ × × ×
"အက" ကိုကျွန်မနှစ်သက် အမေလည်းသိခဲ့တယ်။
ကျွန်မဘယ်လောက်ပျော်သွားခဲ့သလဲ ရှာပွဲလမ်းတွေမှာ
ကျွန်မကောင်းကောင်းကခဲ့ဖူးတာ × × ×။
၆။ အမေ့ရဲ့ သတိပေးစကား စိုးရိမ်ပူပန်မှုတွေကြားထဲက
ကျွန်မထွက်လာခဲ့ ကျွန်မရဲ့အိပ်မက်တွေ
အကောင်အထည်ဖြစ်လာဖို့သာ ခေါင်းထဲမှာပြည့်နေတာ × × ×။
၉။ ဘာတွေဘယ်လိုဖြစ်ခဲ့တာ အမေ့ကိုတောင်ပြောဖို့ရှက်စရာ
ကျွန်မကိုယ်ခန္ဓာ ရောင်းကုန်ဖြစ်ခဲ့
ဂုဏ်သိက္ခာတွေစွန်းထင်းပေကျံခဲ့၊ အတင်းအကြပ်စော်ကားခံခဲ့ရ၊
ကျွန်မဘဝမှာ × × × နောက်ထပ် ဘေးလည်းမသိနိုင်
ကကြိုးလည်းမချိုးနိုင် တစ်ခုခုဆီသို့ပြန်မလှည့်နိုင်၊
အမေနဲ့မိသားစုအတွက် အရှက်ရစရာတွေသာဖြစ်ခဲ့ × × ×။
၁၀။ ကျွန်မဘဝဟာ မမှည့်ခင်ကြွေခဲ့ရတဲ့
သရက်သီးတစ်လုံးလို × × × အဖော်ကင်းမဲ့တဲ့တစ်နေရာမှာ
ပုတ်သိုးဆွေးမြေ့နေတာ × × × ဒီငရဲကလွတ်မြောက်ဖို့
အဘယ်သူ ကယ်တင်ပါ့မလဲ × × ×။
၁၁။ ခွင့်လွှတ်ပါအမေ
အမေ့စကားနားမထောင်ခဲ့
ဒီသမီးမိုက်အတွက်
တစ်ကြိမ်တစ်ခါ ပြန်လည်တွေ့ခွင့်
မျှော်လင့်လျက်သာ × × ×
အမှောင်မိုက်ဆုံး
နာရီများစွာထဲမှာတောင်
မျှော်လင့်ခြင်းရှိဖို့
ကျွန်မကိုသွန်သင်ခဲ့သူဟာ
အမေတစ်ယောက်သာပါ × × ×။

(မူရင်း။ Sr. Martia Vander Burgt ကလေးသူငယ်များအား
ဆုံးရှုံးခဲ့သော အသားမည်းမိခင်များ သို့ ရည်ညွှန်းသည်။)

0153HCTC

PDF Compressor Free Version



# တောင်ယာဟောင်းက ကျီဟောက်သံ

Rev.John Par Kauk

ဒီချိန်ဆိုနာဂတောင်တန်းကြီးရဲ့
Holy Cross မှာနာဂသားလေး လွမ်းလှပါဘိ
လေယူရာယိမ်းနွဲ့ လှပတဲ့စပါးခင်းရဲ့
ဒို့တောမလေ့ ပျော်စရာဒီချိန်ဆို
ပြောင်းဖူးရဲ့အမွှေးသီးရဲ့ ထမ်းလို့လာပါတော့လား

ချစ်ဇနီး နာဂသူလေးတို့ရဲ့ ပျော်ရွှင်စရာ ယာခင်းလေးမှာ
ရာသီတွေရဲ့အလီလီပြောင်းလို့ လာခဲ့လည်း
ဟောင်းလို့ လာအုံးမလာဆိုခဲ့လည်း သတိရလွမ်းရစမြဲ
ဟောင်းလေ သာလေ ယာခင်းလေးရဲ့
ကျီးဟောက်သံ အလှဆင်ထားတဲ့
ယာဟောင်းလေးတော့ အမှီလှမ်းခဲ့ အုံးမယ်လေ။

Holy Cross မှာပညာတွေဖူး
ဝိဉာဉ်ပြည့်မှ ပြန်လာခဲ့မယ် နာဂမြေ
တောင်ယာတွေဟောင်း
အချိန်ပြောင်းမှကြုံဆိုပါတော့ ချစ်ဇနီးအေး
တောင်ယာဟောင်းလဲ လွမ်းမကုန်ပါ
သဘာဝလဲ ဆွေးမကုန်ပါ
အေးမြတဲ့လေ သွင်သွင်စီးတဲ့စမ်း
နာဂမြေကို အလှဆင်ဖူးပါတယ်

တောင်ယာစိုက်ခင်း ဟောင်နွမ်းလာလဲ
ဇာငှက်လေးက ဆိုမကုန်းတေး
အူဝဲအော်ဆဲ မြောက်ကလေးလဲ
တောင်ထိပ်ကပန်း မကြွေသေး
ယာတဲနားကရှဉ့် ကလေး သစ်ပင်ပေါ်မှာ ခုန်အုံးမှာပဲ
တောင်ယာဟောင်းကကျီကလေးလဲ ဟောက်အုံးမှာပဲ
အလွန်သာယာစေခဲ့ဖူးတဲ့ ကျီဟောက်သံလေးရဲ့
လွမ်းလှပါတယ် ငါ့ဘဝ ဆွေးလှပါတယ်
ငါ့သစ္စာ လှမ်းခဲ့အုံးမယ် ငါ့ငှာနေ ကတိပေးပါတယ်
ကျီဟောက်သံလေးရဲ့ အစေခံရအုံးမယ်လေ။

PDF Compressor Free Version

# 'ငါ့မိသားစုလေး'

Naw Eden



သူများတွေ အဆင်ပြေပြီး အိမ်ကောင်းကောင်းကြီးမှာနေနိုင်ကြပေမဲ့
ငါ့မှာကျတော့ အာဖြစ်လို့သေးကွေးတဲ့ အိမ်လေးမှာ
ဆင်းရဲစွာနေရသလဲ ဆိုပြီး စဉ်းစားမိချိန်မှာ
ချက်ချင်းဝင်လာတဲ့အသိတစ်ခုက -------------------
အိမ်ကောင်းကောင်းကြီးမှာ တစ်ယောက်တစ်ခန်းစီ
အေးဆေးအနားယူတဲ့အချိန်မှာ ငါတို့မိ သားစုလေးကတော့
အိမ်သေးသေးလေးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း
စကားဝိုင်းဖွဲ့ ပြောကြတာကို ငါနှစ်သက်တယ်။
တီဗီအကြီးကြီးရှေ့မှာထိုင်ပြီး ကိုယ်ကြိုက်တဲ့လိုင်းကို
ရွေးကြည့်ကြချိန်မှာ ငါတို့မိသားစုလေးကတော့
ဖုန်းလေးတစ်လုံးကို ဝိုင်းဖွဲ့ပြီး အတူတူအသုံးပြုကြတာကို ငါနှစ်သက်တယ်။
အိမ်ကထမင်း၊ ဟင်းမစားချင်လို့ အပြင်ထွက်စားတဲ့အချိန်ရှိကြပေမဲ့
ငါတို့မိသားစုလေးကတော့ ချက်ထားဟင်းလေးတစ်ခွက်ကို
လောက်ငအောင်နေ့တိုင်း အတူတူဝိုင်းဖွဲ့ပြီး ဝေမျှစားကြတာကို ငါနှစ်သက်တယ်။
ကိုယ်နဲ့သက်ဆိုင်တဲ့လုပ်ငန်းကို မိုးလင်းတာနဲ့တစ်ယောက်တစ်နေရာစီ
ထွက်သွားချိန်မှာ ငါတို့မိသားစုလေးကတော့ ရှိတဲ့လယ်ကွက်လေးမှာ
တစ်မိသားစုလုံး အတူတူအလုပ်ဆင်း ရတာငါ နှစ်သက်တယ်။
အခက်အခဲ သေးသေးကြီးကြီးကြုံလာရင်လည်း မိသားစုမသိအောင်
ဖြေရှင်းပေးနိုင်လောက်တဲ့ အငေါ်င်းအသင်းမရှိတော့
ရှိတဲ့မိသားစုလေးကပဲ ပြဿနာ သေးသေးလေးကအစ
တူတူဝိုင်းပြီး ဖြေရှင်း ကြတာကိုလည်း ငါနှစ်သက်တယ်။
ငါတို့မိသားစုလေးကအားနည်းပြီး ဆင်းရဲပေမယ့်
ဘုရားသခင်ဆီကကြီးမားတဲ့ကောင်းချီး ကတော့ စည်းလုံးပြီး
နားလည်မှုရှိတဲ့ မိသားစုလေးနဲ့အချိန်တွေကို ကုန်ဆုံးနေပါလား ----------
ဘုရားသခင်ရှေ့မှာ အဆင့်အတန်းမခွဲပဲ သူ့သားသမီးအားလုံးအတွက်
တစ်ဦးနဲ့တစ်ဦး မတူညီတဲ့ ပျော်ရွှင်မှုလေးတွေကို ပေးထားပါလား ----------------017 HCTC

PDF Compressor Free Version

# ရင်တွင်းစကား

## ပထမနှစ်



အမည် - ပီတာအောင်မျိုးလီ
မွေးသက္ကရာဇ် - ၁၄.၈.၁၉၉၉
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ဗမာနွေလအသင်းတော် (မိုးကောင်)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား -မထိုက်တန်သော်လည်း ဤကဲ့သို့အမှုတော်ဆောင်ရန် ပြင်ဆင်လေ့ကျင့်သင်ကြားခွင့်ရ၍ ဘုရားသခင်၏ဂုဏ်တော်ကို ချီးမွမ်းမဆုံးနိုင်ကြောင်း။



အမည် - မိုးဇက် ဗဒစ်တောင်လာ
မွေးသက္ကရာဇ် - ၂၀.၅.၁၉၉၅
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ကသီဒြယ် (မြစ်ကြီးနား)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား - When you are down to nothing,
God is up to something.



အမည် - လဖိုင်လမျှင်
မွေးသက္ကရာဇ် - ၂၀.၅.၁၉၉၉
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်အန္ဒြေအသင်းတော် (တနိုင်း)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ
ရင်တွင်းစကား - ကျေးဇူးတော်မှတပါး အခြားသောမင်္ဂလာ ကျွန်ုပ်၌မရှိ။



အမည် - ယောဟန်နော်ဆန့်
မွေးသက္ကရာဇ် - ၂၇.၁၂.၁၉၉၉
ဘုန်းကြီးပိုင်နယ် - ဗမာနွေလအသင်းတော် (မိုးညှင်း)
လူမျိုး - ကချင်
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား - I can do everything by Jesus.

PDF Compressor Free Version





အမည် - ဂျိမ်းလဂျာ
မွေးသက္ကရာဇ် - ၃.၆.၁၉၉၉
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်မဿဲအသင်းတော် (နမ္မတီး)
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား - မှန်တဲ့အမှုကိုပြုနေစဉ် ဝေဖန်ခံရလျှင် ချီးမွမ်းစကားဟု မှတ်ယူတတ်ပါစေ။



အမည် - စဒေးဗစ်မျိုးလွင်ကျော်
မွေးသက္ကရာဇ် - ၈. ၈. ၁၉၉၆
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်ယောဟန်အသင်းတော် (ကျောင်းတော်)
သာသနာပိုင်နယ် - မြစ်ဝကျွန်းပေါ်သာသနာပြုသာသနာပိုင်နယ်
ရင်တွင်းစကား - ဘုရားသခင်ကို ချစ်သောသူတည်းဟူသော ကြံစည်တော်မူခြင်းအတိုင်း ခေါ်တော်မူသောသူတို့၏ အကျိုးကို ခပ်သိမ်းသောအရာတို့သည် တညီတညွတ်တည်းပြုစုကြသည်ကို ငါတို့သိကြ ၏။(ရောမ - ၈း၂၈)



အမည် - စောကောင်းထက်မြတ်
မွေးသက္ကရာဇ် - ၉.၁၁.၁၉၈၇
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်ပေါလုအသင်းတော် (ကသီဒြယ်)
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
ရင်တွင်းစကား - Knowledge is life with wings.

PDF Compressor Free Version



# ဒုတိယနှစ်



အမည် - ဂျော့ရှ် ရမ်စီ
မွေးသက္ကရာဇ် - ၁၃. ၉. ၁၉၉၇
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်မာကုအသင်းတော်
သာသနာပိုင်နယ် - ဘားအံ
ရင်တွင်းစကား - သခင်အလိုရှိသည့်အတိုင်း ဆက်လက်အသုံးပြုပါ။



အမည် - ဂျိမ်းဆွတ်မုန်ရာ
မွေးသက္ကရာဇ် - ၂. ၁၀. ၁၉၉၈
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ဗောနွေလအသင်းတော် (မိုးညှင်း)
သာသနာပိုင်နယ် - မြစ်ကြီးနား
ရင်တွင်းစကား - No Pray, no Power.



အမည် - ဂျာဆိုင်းလုံ
မွေးသက္ကရာဇ် - ၈. ၁၀. ၁၉၉၄
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်ဗာသောလမဲအသင်းတော် (ဗန်းမော်)
သာသနာပိုင်နယ် - မြစ်ကြီးနား
ရင်တွင်းစကား - သက်ဆုံးထိတိုင်ကိုယ်တော်ပေးသော အစွမ်းအစခွန်အားနှင့်ကူညီအားပေးခြင်းဖြင့် ဆက်ကပ်မည်။



အမည် - ဂျိုးဇက်နိုင်ထွန်းမင်း
မွေးသက္ကရာဇ် - ၂၉. ၉. ၁၉၈၇
လူမျိုး - ချင်း + ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်အန္ဒြေ
သာသနာပိုင်နယ် - ရန်ကုန်
ရင်တွင်းစကား - အရာရာတိုင်းမှာကျေးဇူးတော်ချီးမွမ်းမည်။

PDF Compressor Free Version



အမည် - နော်ကြည်ကြည်ဝင်း
မွေးသက္ကရာဇ် - ၁၀. ၆. ၁၉၉၆
လူမျိုး - ကရင် + ရခိုင်
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရုကသီဒြယ်
သာသနာပိုင်နယ် - ဘားအံ
ရင်တွင်းစကား - ရရှိထားသောကောင်းကြီးမင်္ဂလာများအပေါ်၌ သစ္စာရှိစွာဖြင့် ကိုယ်တော်အမှုတော်ဆောင်ရန် ကြိုးစားအားထုတ်လျက်..



အမည် - နော်မေရီကမ္ဘီးဆဲ
မွေးသက္ကရာဇ် - ၂၉. ၉. ၁၉၉၇
လူမျိုး - ကရင် + ဗမာ
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရုကသီဒြယ်
သာသနာပိုင်နယ် - ဘားအံ
ရင်တွင်းစကား - ဝိညာဉ်တော်ဘုရားလမ်းပြပါ၊ စောင့်ထိန်းပါ၊ ကွယ်ကာတော်မူပါ။



အမည် - နော်ပဝေါ်ဖော
မွေးသက္ကရာဇ် - ၂၂. ၇. ၁၉၉၁
လူမျိုး - ကရင် + ကယား
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရုကသီဒြယ်
သာသနာပိုင်နယ် - ဘားအံ
ရင်တွင်းစကား - ငါ့ကိုချီးမြောက်သောသူတို့ကို ငါချီးမြောက်မည်။ ငါ့ကိုမထီမဲ့မြင်ပြုသောသူတို့သည် ဂုဏ်သရေ ပျက်ကြလိမ့်မည်။ (ဓမ္မရာဇဝင်ပဌမစောင် - ၂း၃၀)



အမည် - ဆလိုင်းစတီဗင်မျိုး
မွေးသက္ကရာဇ် - ၃၀. ၈. ၁၉၉၆
လူမျိုး - ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် - ခရစ်တော်ဘုရင်ဘွဲ့ခံ (အင်းစိန်)
သာသနာပိုင်နယ် - ရန်ကုန်
ရင်တွင်းစကား - ကိုယ်တော်ရှင်၏အမှုတော်၌ သစ္စာရှိသောသူဖြစ်စေပါ။



အမည် - မောင်တူးအောင်
မွေးသက္ကရာဇ် - ၂၇. ၇. ၁၉၉၀
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ကသီဒြယ်
သာသနာပိုင်နယ် - မြစ်ကြီးနား
ရင်တွင်းစကား - ကျေးဇူးတော်မှတစ်ပါးအခြားသော မင်္ဂလာကျွန်ုပ်၌ မရှိပါ။ ဟာလေလုယာ။

PDF Compressor Free Version



# တတိယနှစ်



အမည် - ဆိုင်မွန်ဂျာလီအောင်
အသင်းတော် - ဓမ္မာနွေလအသင်းတော် (မိုးကောင်း)
မွေးသက္ကရာဇ် - ၁၂ .၅ .၁၉၈၇
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး - ကချင်
ရင်တွင်းစကား - ကိုယ်တော်ဘုရား အကျွန်ုပ်စိတ်နှလုံးသားထဲမှာ သက်ဆုံးတိုင်ရှိနေပေးပါ။



အမည် - ထက်ရှားကိုကို
အသင်းတော် - ကသီဒြယ် (မြစ်ကြီးနား)
မွေးသက္ကရာဇ် - ၁၄ .၆ .၁၉၉၇
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး - ကချင်၊ဗမာ
ရင်တွင်းစကား - God is good all the time.



အမည် - လုကာအောင်ဇင်ဦး
အသင်းတော် - ရှင်ယောဟန်အသင်းတော် (လမ်းမတော်)
မွေးသက္ကရာဇ် - ၂၇ .၁၀ .၁၉၉၆
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
လူမျိုး - ဗမာ+ကရင်
ရင်တွင်းစကား - ကျရာနေရာမှာအစေခံနိုင်သူဖြစ်စေပါ။



အမည် - ဂျော့ချ်တင်ထွန်း
အသင်းတော် - ရှင်ပေါလုအသင်းတော် (ကျိုက်လတ်)
မွေးသက္ကရာဇ် - ၁၉ .၉ .၁၉၉၄
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
လူမျိုး - ဗမာ+ကရင်
ရင်တွင်းစကား - ကိုယ့်အတွက်ကိုယ် မကြည့်ပါနဲ့။

PDF Compressor Free Version





အမည် - စောဂျွန်ထင်လင်း

အသင်းတော် - ရှင်မာကုအသင်းတော် (၁၃မိုင်)

မွေးသက္ကရာဇ် - ၂၂ .၁၁ .၁၉၉၅

သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်

လူမျိုး - ကရင် (ဘွဲ)

ရင်တွင်းစကား - ရွှင်လန်းခြင်းဖြင့်အမှုတော်ဆောင်နိုင်ရန် ခွန်အားများစုနေသည်။



အမည် - ဘားနဒ့်လော့ဒ်အောင်

အသင်းတော် - ကသီဒြယ် (မြစ်ကြီးနား)

မွေးသက္ကရာဇ် - ၂၄ .၁၁ .၁၉၉၆

သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

လူမျိုး - ကချင်

ရင်တွင်းစကား - ကားတိုင်တော်အလင်း၏နာမ်စားများ



အမည် - ဂျိမ်း(စ်)တူးနမ်အောင်

အသင်းတော် - ကသီဒြယ် (မြစ်ကြီးနား)

မွေးသက္ကရာဇ် - ၁၆ .၆ .၁၉၉၅

သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

လူမျိုး - ကချင်

ရင်တွင်းစကား - ငါ... တွေးထားတဲ.... ငါ....မဟုတ်တဲ့....ငါ....ကင်းဝေးနိုင်စေကြောင်း ဆုတောင်းပါ၏။



အမည် - မောင်ဂွန်ဂျာအောင်

အသင်းတော် - ကားတိုင်ရောင်ခြည် (နမ္မား)

မွေးသက္ကရာဇ် - ၂၄ .၃ .၁၉၉၆


သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်

လူမျိုး - ကချင်

ရင်တွင်းစကား - ကျွန်ုပ်သည်ဘုရားကိုမပိုင်ပါ ဘုရားသည်ကျွန်ုပ်ကို ပိုင်ပါ၏။

PDF Compressor Free Version






အမည် - မောင်ဂျေလန္တန်နော်
အသင်းတော် - ရှင်ပေါလုအသင်းတော် (ဘုမ်ဆန်)
မွေးသက္ကရာဇ် - ၂၆.၂.၁၉၉၆
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး - ကချင်
ရင်တွင်းစကား - အလိုတော်ကိုနားလည် သိရှိလက်ခံခွင့်ပေးပါဘုရား။ အာမင်။



အမည် - မစံပယ်ဖြူ (ခ) မေရီခေါန်နန်
အသင်းတော် - ဇမာနွေလအသင်းတော် (မိုးညှင်း)
မွေးသက္ကရာဇ် - ၆.၂.၁၉၉၄
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
လူမျိုး - ဗမာ+ကချင်
ရင်တွင်းစကား - Thanks for everything & sorry.



PDF Compressor Free Version



# စတုတ္ထနှစ်



အမည် - မောင်ဌေးလွင်
မွေးသက္ကရာဇ် - ၁၀ .၄ .၈၄
လူမျိုး - ချင်း (အရှို)
ဘုန်းကြီးပိုင်နယ် - ကြာအင်း ( ရှင်ပေါလု )
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်
ရင်တွင်းစကား - ခေါင်းဆောင်ကောင်းဆိုသည်မှာငယ်သားများ၏ အရေးကိုမိမိ၏ အရေးကိစ္စကဲ့သို့စဉ်းစားပေးတတ်သူ ဖြစ်သည်။



အမည် - စောအယ်ဒိုစိုး
မွေးသက္ကရာဇ် - ၂၅ .၆ .၉၅
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရုကသီဒြယ်
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား - ရိုးရှင်းစွာအမှုတော်ဆောင်ပါ။



အမည် - မောင်အိုက်ဇက်ဂျာလှ
မွေးသက္ကရာဇ် - ၂၈ .၁၀ .၉၆
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်ပေါလု ( ဆားမော် )
သာသနာပိုင်နယ် - မြစ်ကြီးနားသာသနာပိုင်နယ်
ရင်တွင်းစကား - ဘုရားသခင်၏ကြီးမားလှသော ကျေးဇူးဂရုဏာတော်ကား ချိုမြိန်လှသည်။



အမည် - စောဘာဘလုထူး
မွေးသက္ကရာဇ် - ၁၉.၁၂.၁၉၉၁
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်ပေတရု ကသီဒြယ်
သာသနာပိုင်နယ် - ဘားအံသာသနာပိုင်နယ်
ရင်တွင်းစကား - နှုတ်ကပတ်တော်ကို ဆင်ခြင်နလုံးသွင်းသည့်အချိန်တိုင်းမှာ ကျွန်ုပ်နလုံးသားကိုလောင်ကျွမ်းမှုပြုပါ ထာဝရဘုရား။

PDF Compressor Free Version





အမည် - မိုးဇက်မြင့်မိုရ်ဝင်း
မွေးသက္ကရာဇ် - ၂၀ .၁၁ .၉၃
လူမျိုး - ဗမာ
ဘုန်းကြီးပိုင်နယ် - သန့်ရှင်းသူအပေါင်း ( ရွှေဘို )
သာသနာပိုင်နယ် - မန္တလေးသာသနာပိုင်နယ်
ရင်တွင်းစကား - ငြိမ်းချမ်းပါစေ။ မြန်မာပြည်။



အမည် - စောအယ်မူးဝါး
မွေးသက္ကရာဇ် - ၁၀ .၁၂ .၉၆
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်အန္ဒြေအသင်းတော် ( ကွမ်ဘီ )
သာသနာပိုင်နယ် - ဘာအံသာသနာပိုင်နယ်
ရင်တွင်းစကား - လေးနှစ်တာလုံးအတွက်မကြာခင်ဖြတ်ကျော်နိုင်တော့မည်။



အမည် - ဖိလစ် ဆိန်ဂေါ်န်ခွမ်
မွေးသက္ကရာဇ် - ၂၆. ၉. ၉၅
လူမျိုး - ကချင်
ဘုန်းကြီးပိုင်နယ် - ရှင်အန္ဒြေအသင်းတော် ( တနိုင်း )
သာသနာပိုင်နယ် - မြစ်ကြီးနား သာသနာပိုင်နယ်
ရင်တွင်းစကား - ကျွန်ုပ်ဘဝ၊ ကျွန်ုပ်၏အသက်တာ၊ ကျွန်ုပ်ခန္ဓာ၊ စိတ်၊ ဝိညာဉ် ကျွန်၏နှတ်၊ လျှာ၊ ပါးစပ်နှင့် ကျွန်ုပ်၏အရာခပ်သိမ်းတို့ဖြင့် သခင်ဘုရား၏အမှုတော်ကို ထမ်းဆောင်ဖို့ပြင်ဆင်ထားပါသည်။



အမည် - နော်မေရီ အယ်ဂျူလင်း
မွေးသက္ကရာဇ် - ၂ .၃ .၉၅
လူမျိုး - ကရင်
ဘုန်းကြီးပိုင်နယ် - ရှင်ယောဟန်အသင်းတော် ( ဒေါန )
ဘုန်းကြီးပိုင်နယ် - ဘာအံသာနာပိုင်နယ်
ရင်တွင်းစကား - ကျေးဇူးတော်မှတစ်ပါး။

PDF Compressor Free Version



# အထူးကျောင်းသား

အမည် - စောပီတာသော်
အသင်းတော် - ဇမာနွေလအသင်းတော် (ဘားအံ)
မွေးသက္ကရာဇ် - ၁၈.၄.၁၉၇၄
သာသနာပိုင်နယ် - တောင်ငူသာသနာပိုင်နယ်
လူမျိုး - ကရင်
ရင်တွင်းစကား - ""ထိုပြည်ကိုသိမ်းယူဝင်စားခြင်းငှာ မဖင့်နွဲ့ကြနှင့်"" (တရားသူကြီးမှတ်စာ - ၁၈း၉)။

အမည် - ဆရာသောင်းလိုင်
အသင်းတော် - ရှင်ဗာနဗ
မွေးသက္ကရာဇ် - ၂၉.၅.၁၉၆၉
သာသနာပိုင်နယ် - ရန်ကုန်သာသနာပိုင်နယ်
လူမျိုး - တရုတ်
ရင်တွင်းစကား - သင်ယူလေ့လာခွင့်ရရှိသည့်အတွက် ကျေးဇူးတော်အပေါင်းကို ချီးမွမ်းပါသည်။



PDF Compressor Free Version

## ဆရာ/ဆရာမ၊ ကျောင်းသူကျောင်းသား၊ ဝန်ထမ်းအင်အား (၂၀၁၈–၂၀၁၉)

### အချိန်ပြည့်ဆရာ၊ဆရာမများ

၁။ ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ – ကျောင်းအုပ်ကြီး၊
၂။ ဘုန်းတော်ကြီး ဒေါက်တာအန္တြူးမန်းဇော်လွင်
၃။ ဒေါက်တာနော်မြတ်ဆုမွန် – သင်ကြားရေးတာဝန်ခံ၊
၄။ ဘုန်းတော်ကြီး ရစ်ချက်ဝေမူး – ကျောင်းသားရေးရာတာဝန်ခံ
၅။ ဘုန်းတော်ကြီး ဆလိုင်းဒါဝိဒ်
၆။ ဆရာမ ဆဂခေါန်တောင်
၇။ ဆရာမနော်လွင်သီတာမြင့်
၈။ ဘုန်းတော်ကြီး အိုက်ဇနောကာ
၉။ ဘုန်းတော်ကြီး စောကလိုထူးဝါး

### အချိန်ပိုင်းဆရာ၊ ဆရာမများ

၁။ ဘုန်းတော်ကြီး ဒေါက်တာပေါလ်မြင့်ထက်ထင်ရ
၂။ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
၃။ ဘုန်းတော်ကြီး ဝင်စတန်အောင်မျိုးထွန်း
၄။ ဘုန်းတော်ကြီး အယ်လင်ကျော်မျိုးနိုင်
၅။ ဆရာကြီး ဒေါက်တာဦးအောင်လှထွန်း
၆။ ဆရာ စောစီးဟဲ ၇။ ဆရာဦးနော်အောင် ၈။ ဆရာ ဦးစံလင်း
၉။ ဆရာမ အန်တီဂျိုင်းလှကျော် ၁၀။ ဆရာမ ဒေါက်တာဒေါ်ခင်သီတာညွန့်
၁၁။ Dr.Grace Mee Bya ၁၂။ Rev. Dr.Smith Ngut Za Thawng
၁၃။ ဆရာစဆယ်မြူရယ် ၁၄။ ဘုန်းတော်ကြီး စစိုင်းနောဇ
၁၅။ ဘုန်းတော်ကြီး ခရစ္စတိုဖာမင်းမင်းထွန်း၊ ၁၆။ ဆရာဆလိုင်းဇင်မောင်စိုး

### စာကြည့်တိုက်ဝန်ထမ်းများ

၁။ ဘုန်းတော်ကြီးစောဂျွန်သက်လွင် (စာကြည့်တိုက်မှူး)
၂။ ဆရာမဒေါ်ဝေဝေမြင့် (လက်ထောက်စာကြည့်တိုက်မှူး)
၃။ ဆရာမနော်မားစီစည်းစိမ်စိုး (လက်ထောက်စာကြည့်တိုက်မှူး)

### ရုံးဝန်ထမ်းများ

ရုံးအုပ် – ဆရာမနော်မာသ
ရုံးဝန်ထမ်း – ဆရာမနန့်သန္တာဝင်း
ရုံးဝန်ထမ်း – ဆရာမနန့်ဆန်းဖောင်ဘွား
ဥယျာဉ်မှူး – စောဒေးဗစ်
ထမင်းချက် – နန့်စန်းစန်းသင်း (မချယ်ရီ)
ယာဉ်မောင်း – အောင်တူး

PDF Compressor Free Version

**ကျောင်းသ[illegible] (၂၀၁၈ - ၂၀၁၉)**

| **သာသနာပိုင်နယ်** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|
| ရန်ကုန် | ၆ | | ၆ |
| မန္တလေး | ၁ | - | ၁ |
| တောင်ငူ | ၂ | - | ၂ |
| စစ်တွေ | - | - | - |
| ဘားအံ | ၄ | ၄ | ၈ |
| မြစ်ကြီးနား | ၁၅ | ၂ | ၁၇ |
| **စုစုပေါင်း** | **၂၈** | **၆** | **၃၄** |

**အတန်းလိုက် ကျောင်းသား၊ ကျောင်းသူများစာရင်း**

| **အတန်း** | **ကျား** | **မ** | **စုစုပေါင်း** |
|---|---|---|---|
| ပထမနှစ် | ၇ | - | ၇ |
| ဒုတိယနှစ် | ၅ | ၄ | ၉ |
| တတိယနှစ် | ၉ | ၁ | ၁၀ |
| စတုတ္ထနှစ် | ၇ | ၁ | ၈ |
| **စုစုပေါင်း** | **၂၈** | **၆** | **၃၄** |

**အမှုတော်ဆောင်ခြင်းဆိုင်ရာ မဟာဘွဲ့သင်သန်းသူ/သားများ (၂၀၁၈ - )**

၁။ ဆရာမခင်နွယ်နွယ်ထွန်း (စစ်တွေ)
၂။ ဘုန်းတော်ကြီး စတီဖင်ဖွေဆီး (စစ်တွေ)
၃။ ဆရာမနော်တာမလာ (ဘားအံ)
၄။ ဘုန်းတော်ကြီးစောကျော်ဒိုမှူး (ဘားအံ)
၅။ ဘုန်းတော်ကြီးစောဘွယ်ဟီထူး (တောင်ငူ)
၆။ ဘုန်းတော်ကြီး စောစိုးပိုင်အေး (တောင်ငူ)
၇။ ဘုန်းတော်ကြီး ပြည့်ငြိမ်းဘွယ်ထူး (တောင်ငူ)
၈။ ဘုန်းတော်ကြီးလုကာထွန်းထွန်းဝင်း (ရန်ကုန်)
၉။ ဘုန်းတော်ကြီးစည်သူအောင် (ရန်ကုန်)

**မွမ်းမံသင်တန်းသားများ**

၁။ ဘုန်းတော်ကြီးအိုက်ထန် (မန္တလေး)
၂။ ဘုန်းတော်ကြီးပခေါက် (စစ်တွေ)

**အထူးကျောင်းသားများစာရင်း**

၁။ ဆရာသောင်းလှိုင် (ရန်ကုန်)
၂။ စောပီတာသော် (ဘားအံ)

**ဆရာ၊ဆရာမများ အရည်အချင်းမြှင့်တင်ရေးအစီအစဉ်**

၁။ ဘုန်းတော်ကြီး မိုးဇက်ကစိုထော - M.Th. Candidate (Singapore,Trinity College)
၂။ ဆရာမမေရီနှင်းနှင်းအေး - Ph.D. Candidate (Australia)
၃။ ဆရာစရှိုင်းလုကာ - M.Div. (MIT)
၄။ ဆရာမပိုပိုမြင့်မောင် - M.Div. (MIT)

PDF Compressor Free Version

SHALOM MAGAZINE




030- HCTC

PDF Compressor Free Version





# ခွန်အားပေးခြင်း

သခင့်ရဲ့တစ်စုံတစ်ရာ

သုတ္တံ ၆း၆ အချင်းလူပျင်း၊ ပရွက်ဆိတ်ထံသို့ သွား၍ သူ၏အပြုအမူတို့ကို ဆင်ခြင်သဖြင့် ပညာရှိစေလော့။

ကျွန်ုပ်သည် ထိုကျမ်းပိုဒ်အားဖြင့် များစွာပညာရမိပါ၏။ စာပေပညာရပ်များကို လေ့လာနေသူတစ်ဦးဖြစ်စေ၊ လုပ်ငန်းခွင်၌ အလုပ်လုပ်ကိုင်နေသူဖြစ်စေ ဤကျမ်းပိုဒ်သည် လူတစ်ဦးစီအား ရည်ညွှန်းနေခြင်းပင်ဖြစ်လေသည်။ ကျွန်ုပ်သည် အမှန်တကယ်အားဖြင့် တိုးတက်ခြင်းမရှိ ဆုတ်ယုတ်နေသော အသက်တာထဲတွင် ကျင်လည်နေသူတစ်ဦးဖြစ်လေသည်။ ထိုသို့ဆိုရခြင်းမှာ မိမိကိုယ်ကို မိမိသိနေသောကြောင့်ဖြစ်သည်။ ထိုသို့ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းထဲမှ တစ်ချက်မှာ ကျွန်ုပ်သည် ပျင်းရိခြင်းများစွာ ပိုင်ဆိုင်ထားခြင်းကြောင့်ဖြစ်ပါသည်။ ထိုသို့သိသည်နှင့် တပြိုင်နက် ကျွန်ုပ်သည် အမှန်တရားတစ်ခု အလင်းတန်းတစ်ခုရရှိခဲ့ပါသည်။ ထိုအလင်းကဲ့သို့ အမှန်တရားတစ်ခုကို မိမိအတွက် ကောင်းမွန်ရန်၊ ကြီးပွါးလာရန် မည်ကဲ့သို့ အားထုတ်မည်နည်း။ ဤသည်မှာ အရေးကြီးသော မေးခွန်းဖြစ်ပေသည်။

ကျွန်ုပ်သည် အထက်ဆိုခဲ့ပြီးသည်အတိုင်း ပျင်းရိခြင်းမှ ရုန်းထွက်ရန် နံပါတ်တစ်အဆင့်အားဖြင့် တစ်စုံတစ်ခုကို ယခုပင်ထလုပ်သင့်ပေသည်။ ယခုကျွန်ုပ်သည် အများတကာတို့၏ တိုးတက်မှုနောက်၌ မိမိကျန်နေခဲ့မည် စိုးလွန်းသော အသိစိတ်တစ်ခုကြောင့် ဤစာများကို ရေးနေရခြင်းဖြစ်ပါ၏။ အမှန်စင်စစ် ကျွန်ုပ်၏စာမူကိုမဂ္ဂဇင်း၌ ပါလို၏။ ထိုအခါ စာဖတ်သူများ ဖတ်မိ၍ ကျွန်ုပ်အားအတုယူ၍ တစ်စုံတစ်ခု လုပ်ဆောင်ပြီး အောင်မြင်ကာ ဘဝ၏အနှစ်သာရအမျိုးမျိုး ခံစားရသော လူဖြစ်ရကျိုးနပ်သော၊ ဘုရား၏ အလိုတော် ပိုမိုလိုက်လျှောက်နိုင်သော သားသမီးဖြစ်ကာ အဆင်ပြေနေမှုမျိုးဖြင့်သာ ကြုံရနေလျှင် ဤစာကို ကျွန်ုပ်ရေးရကျိုးနပ်သည်မှာ အမှန်ပင်ဖြစ်ပေတော့မည်။

ကျွန်ုပ်သည် ဘုရားသခင်၏ ချစ်ခြင်းကို အတိုင်းအတာများစွာ လွန်ကဲ၍ ခံစားနေရသူတစ်ဦးဖြစ်ပါသည်။ သို့သော် ကိုယ်တော်၏ ထိုကျေးဇူးများ ပြန်လည်ပေးဆပ်ရန်မှာ ကျွန်ုပ်၌ စာပေရေးသားခြင်းအတတ်ပညာတစ်ခုသာ အကောင်းဆုံးဖြစ်နေပေသည်။ ကျွန်ုပ်သည် စာပေများဖြင့် ဘုရား၏အမှုတော်၌ ပါဝင်ရန်

PDF Compressor Free Version

လည်း ပိုင်းဖြတ်မိပါသည်။ စာပေသည် ယခုကျွန်ုပ်အတွက် ဘုရား၏ချစ်ခြင်းကို ဖော်ပြနိုင်သော တစ်ခုတည်းသောအရာ ဖြစ်နေလေသည်။ ထိုအတွက် ကိုယ်တော်ကို ကျေးဇူးတင်မိသည်။

ယခု ကျွန်ုပ်ရေးလိုသောဆောင်းပါးမှာ ကျွန်ုပ်မပျင်းသူ၊ အပျင်းကြီးသူ မဖြစ်ရန်သာမက တစ်ပါး သူအတွက်ပါ ခွန်အားရပြီး ပျင်းရိခြင်းကို ရှောင်ရှားနိုင်ရန် ရည်ရွယ်ချက်ထားရေးသားခြင်း ဖြစ်ပါသည်။ ကျွန်ုပ်သည် မိမိအသင်းတော်၌ နေရာကဏ္ဍအတော်များများ၌ ပါဝင်ဆက်ကပ်ဖူးပါသည်။ ငယ်ရွယ်စဉ် ဓမ္မပညာသင်ကြားချိန်၌လည်း ထူးထူးချွန်ချွန်ဖြစ်လာရန် ကြိုးစားခဲ့ဖူးပါသည်။ ဓမ္မပညာ ကလေးအရွယ်ဖြစ်သည်နှင့်အလျောက်လည်း စာပေဆု၊ ထူးချွန်ဆု အစရှိသဖြင့် အများသူငါကဲ့သို့ ဆုရဖူးပါသည်။ လူငယ်ဖြစ်လာသော် လိမ္မာရေးခြားရှိသော လူငယ်ဖြစ်ရန် တစ်ဖန်ကြိုးစားလာပြန်ပါသည်။ သို့သော် လူငယ်ဘဝသည် ဓမ္မပညာသင်သော ကလေးအရွယ်ကဲ့သို့ မလွယ်ကူမှန်း လူတိုင်းသိကြပါသည်။ လူငယ်ဖြစ်သည့်အလျောက် စိန်ခေါ်မှုများနှင့် များစွာရင်ဆိုင်ရပါသည်။ အများထက် သာလွန်နေပြန်လျှင်လည်း မနာလိုဖြစ်ခြင်းကို ခံရပါသည်။ အများထက်နောက်ကျ၊ အောက်ကျပြန်လျှင်လည်း အထင်သေးခံရ၍ ပူးတွဲအနှိမ်ခံရသော ဆုပါရရှိပါသည်။ သို့သော် ထိုအရာထဲမှ ထပ်မပျင်းရန် အထူး အရေး ကြီးပါသည်။ ရေနစ်သူ ဝါးကူထိုး၊ နူရာဝဲစွဲ၊ လဲရာသူခိုးထောင်းကဲ့သို့ အောက်ကျ၊ နောက်ကျနေသော မိမိသည်ထပ်၍မပျင်းရဲလောက်အောင် ဘဝ၏သင်ခန်းစာများစွာက လှောင်ပြောင်၍ စကားပြောနေလေသည်။ ဥပမာအားဖြင့် သင်ပျင်းရဲသေးလား၊ ပျင်းချင်ဦးမလားဟု မေးနေသယောင် ခံစားရခက်သော မေး ခွန်းများကို ကြားယောင်လာရပါသည်။ ထိုအချိန်တိုင်း တစ်ခုခုကို ကြိုးစားအားထုတ်ရန် စိတ်ကိုပြောင်းလဲမွေးမြူလာတတ်ခဲ့သည်။ ထိုအရာသည် ကျွန်ုပ်အတွက် အဆိုးထဲမှ အကောင်းတစ်ခုတော့ ဖြစ်လာနေ ပါသေးသည်။

ထို့ကြောင့် ဘုရားအလိုတော် ဆောင်လိုလျှင် ထိုပျင်းရိခြင်းနတ်ဆိုးကို ဦးစွာမောင်းထုတ်ရမည် ဖြစ်သည်။ ထိုပျင်းရိခြင်းနတ်ဆိုးဝင်လာလျှင် ကျန်သောဆိုးကျိုးများပါ ပူးတွဲပါလာတတ်သည်မှာ အထူးပင်ပြောစရာလိုမည်မထင်ပါ။ မိမိသည် ယခုအချိန်၌ လူငယ်ပင်ဖြစ်သော်လည်း ဂစ်တာကိုကောင်းစွာ မတီး

> ထပ်၍
> မပျင်းရဲလောက်အောင်
> ဘဝ၏
> သင်ခန်းစာများစွာက
> လှောင်ပြောင်၍
> စကားပြောနေလေသည်

တတ်ပါ။ အခြားဘာသာဝင် သူငယ်ချင်းများကပင် ဂစ်တာမတီးတတ်ခြင်းကို အံ့ဩကြပါသည်။ သူတို့ အမြင်၌ ခရစ်ယာန်ယုံကြည်သူအများစုသည် ဂစ်တာတီးတတ်ကြသည်ဟူ၍ဖြစ်သည်။ သို့သော် ကျွန်ုပ်မတီး တတ်ခြင်းမှာ ကျွန်ုပ်၌ ပါရမီမရှိခြင်းသော်လည်းကောင်း၊ ဖွဲလုံ့လနှင့် မသင်ကြားခဲ့၍သော် လည်းကောင်း၊ အချိန် မပေးခဲ့၍သော်လည်းကောင်း၊ ဖြစ်ပေသည်။ သို့သော် အလယ်တန်းအဆင့်မှစ၍ စိတ်ဝင်စားခဲ့ပြီး အထက်တန်းအဆင့်၌ ဂစ်တာသင်တန်းတက်၍ အချိန်ပေးလေ့လာဖူးပါသည်။ သို့သော် တစ်နှစ်ခွဲမျှ သော အချိန်ကာလသည် ကျွမ်းကျင်သူ တစ်ယောက်အဖြစ်သို့ ရောက်ရန်မတွန်းပို့နိုင်ပေ။ နှစ်ရှည်လများ သင်ယူရမည်မှာ အမှန်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် စာပေအရေးအသား အားဖြင့်သာ မိမိကိုယ်ကို နှစ်သိမ့်၍ ကျေနပ်မှုကို

PDF Compressor Free Version

ရယူနေရပါသည်။ ခရစ်စမတ်သီချင်းဆိုချိန်ကို မဆိုထားနှင့် အားလပ်ချိန်၌ ဂစ်တာတီး၍သီချင်းဆိုသော မိတ်ဆွေ၊ အပေါင်းအသင်းများကို မြင်တွေ့နေလျှင် အားကျနေရသည်။ သူတို့ကဲ့သို့ တီးတတ်ချင်နေသည်မှာ ပြောမပြနိုင်လောက်အောင်ပင်ဖြစ်ပါသည်။



ယခုအချိန်အခါ၌ ပို၍တွင်ကျယ်လာသော ဖေ့ဘွတ်အင်တာနက်ကြောင့် ဂစ်တာတီးနေသော ကလေးများ၊ လူငယ်များကို online ပေါ်၌တွေ့လျှင် ပို၍ပင် တီးတတ်ချင်စိတ်ဖြစ်လာပါသည်။ ထို့ကြောင့် ဂစ်တာတီးသင်ရန် အစီအစဉ်ကို ခေါင်းထဲ၌ စတင်ကြံစည်ရေးဆွဲလာမိပါသည်။ မည်မျှအချိန်ပေးရမည်၊ မည်သို့လေ့လာမည်၊ စသဖြင့် စိတ်ကူးနှင့် ကြံစည်မိပါသည်။ တစ်နေ့တွင် ဂစ်တာတီး ကျွမ်းကျင်သူတစ်ဦး ဖြစ်ရမည်ဟုသော အမြင်အာရုံတွင် မြင်ယောင်ရင်းကြည်နူးဝမ်းသာ နေမိပါသည်။

အမှန်တကယ်တော့ မိမိသည် နေထိုင်ရာပတ်ဝန်းကျင်တစ်ခု၌ ထူးချွန်ပြောင်မြောက်သော ပညာရပ် တစ်ခုထဲသာ ရှိနေလျှင် လုံလောက်ပါသည်။ အရာအားလုံး တတ်မြောက်ရန်လည်း မိမိတို့ အနေဖြင့် မလွယ်ကူနိုင်ချေ။ မိမိဝါသနာပါရာ၊ စိတ်အားထက်သန်ရာတစ်ခုထဲ၌ ကြိုးစား၍ အားထုတ်ပြီး ထူးချွန်နေလျှင် အများက အထင်မသေးရဲ၊ မနှိမ်ရဲပဲ ရှိနေလိမ့်မည်ဖြစ်သည်။ မိမိကိုယ်တိုင်လည်း မိမိကိုယ်ကို အားငယ်စရာမလိုတော့ပေ။ သိမ်ငယ်စိတ်လည်း ဝင်လာစရာအကြောင်း ရှိနိုင်မည် မဟုတ်ပေ။ အချုပ်အားဖြင့် ဆိုရလျှင် မိမိဘဝကို ထူးချွန်ရန်၊ တိုးတက်နေစေရန် ရဲရင့်ခြင်း၊ တည်ကြည်ခြင်း၊ မိမိကိုယ်ကို ယုံကြည်ခြင်း၊ ဘုရားစကားနားထောင်ခြင်းရှိပြီး ပျင်းရိခြင်းကင်းသော အသက်တာ၊ ပျင်းရိသူတစ်ယောက်မဟုတ်သောသူဖြစ်ရန် တိုက်တွန်းရင်း ခွန်အားယူစေရန် ဤသို့ရေးသား တင်ပြလိုက်ရပါသည်။


ကျေးဇူးတော်များစွာဖြင့်

သခင့်ရဲ့တစ်စုံတစ်ရာ

PDF Compressor Free Version

# ဒစ်ဂျစ်တယ်စာပေအကြောင်း တစ်စေ့တစ်စောင်း

ကိုမျိုး(မြည်)



ဒစ်ဂျစ်တယ်စာပေသည် မီဒီယာစာပေ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ အမျိုးမျိုးသောဒစ်ဂျစ်တယ်ပလက်ဖောင်းများ (Facebook, Instagram, Twitter, YouTube) အစရှိသည်တို့၌ ဆက်သွယ်ရေးသားသော ပုံစံများအားဖြင့် ရှင်းလင်းသော သတင်းအချက်အလက်များကို ထုတ်လုပ်ခြင်း၊ သုံးသပ်ခြင်း၊ ရှာဖွေခြင်း အစရှိသည့် စွမ်းဆောင်ရည်များကို တစ်ဦးတည်းလုပ်ဆောင်နိုင်ခြင်းအပေါ် ရည်ညွှန်း ထားသော စာပေပုံစံတစ်ခုဖြစ်သည်။

ဒစ်ဂျစ်တယ်စာပေပုံစံသည် မိမိတို့တစ်ဦးချင်းစီ၏ စာအရေးအသား၊ ကွန်ပြူတာ၊ စသည့်အရည်အသွေးများအလိုက် ဘလော့ဂ်များ၊ ဖေ့စ်ဘွတ်ခ်အပါအဝင် ဆိုရှယ်မီဒီယာများအပေါ်တွင် စင်တင်ပြသသော စာပေပုံစံတစ်ခုလည်းဖြစ်သည်။ ဒစ်ဂျစ်တယ်စာပေသည် ကွန်ပြူတာများ၊ လက်ပ်တော့များ၊ စမတ်ဖုန်းနှင့် တက်ပလက်ဖုန်း အစရှိသည့်ပစ္စည်းများအားဖြင့် အသုံးပြုရေးသားဖော်ပြသော စာပေပုံစံလည်း ဖြစ်သည်။ ကနဦးက ဒစ်ဂျစ်တယ်စာပေသည် ဒစ်ဂျစ်တယ်စွမ်းရည်နှင့် ကွန်ပြူတာများအားဖြင့်သာ ရပ်တည် ခဲ့သော်လည်း အင်တာနက်နှင့် ဆိုရှယ်မီဒီယာများဆီသို့ ပြောင်းရွှေ့ရပ်တည်လာခဲ့ပါသည်။ ဒစ်ဂျစ်တယ်စာပေပုံစံသည် အစဉ်အလာစာပေပုံစံများအစားဝင်ရောက်နေရာယူလာခြင်းမဟုတ်ပါ။ အစဉ်အလာစာ ပေပုံစံများအပေါ်အခြေခံ၍သာ တည် ဆောက် လာခြင်းဖြစ်ပါသည်။

ယနေ့ခေတ်အချိန်ကာလတွင် လူငယ်မျိုးဆက်များ

PDF Compressor Free Version

သည် ဒစ်ဂျစ်တယ်မီဒီများကို အသုံးပြု၍ လေ့လာသင်ယူခြင်း၊ တီထွင်ဖန်တီးခြင်း၊ ဆက်သွယ်ဆောင်ရွက်ခြင်း၊ လေ့လာစူးစမ်းခြင်းတို့ကို ပြုလုပ်လာကြပါသည်။

"ကိုယ်ပိုင် ကွန်ပြူတာတစ်လုံးနှင့် သို့မဟုတ် ကိုယ်ပိုင်စမတ်ဖုန်းတစ်လုံးနှင့် လူတစ်ယောက်ရဲ့ လေ့လာသင်ယူမှုကို တိုးတက်လာအောင် ဒစ်ဂျစ်တယ်စာပေက ကူညီထောက်မပေးနေပါတယ်"ဟု မိုက်ကရိုဆော့ဖ်က ပြောကြားခဲ့ပါသည်။ နေ့စဉ်အသက်တာမှာ တွေ့ကြုံလုပ်ဆောင်နေရသော လုပ်ငန်းဆောင်တာများ၊ လေ့လာသင်ယူမှုများအတွက် နည်းပညာကျွမ်းကျင်မှုသည်လည်း အရေးပါလျက်ရှိပါသည်။

ထိုနည်းပညာကျွမ်းကျင်မှုက လူမှုရေးဆိုင်ရာ၊ ကိုယ်ကျင့်တရားဆိုင်ရာ၊ စဉ်းစားတွေးခေါ်မှုဆိုင်ရာ လက်တွေ့လုပ်ဆောင်ရမည့် အရာများအပေါ် လွှမ်းမိုးလျက်ရှိနေပါသည်။ ဒစ်ဂျစ်တယ်စာပေအတွက် ကန့်သတ်ချက်ဘောင်နှင့် စံနှုန်းများ (၆) ခုထက်မနည်းရှိကြောင်း တွေ့ရပါသည်။ ၎င်းတို့မှာ -

ဆန်းသစ်ပြောင်းလဲခြင်း (innovation)၊ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း (communication and cooperation)၊ သုတေသနပြုခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း (research and information)၊ ဝေဖန်သုံးသပ်စဉ်းစားဆင်ခြင်ခြင်း(critical thinking)၊ ပြဿနာဖြေရှင်းနှင့်ဆုံးဖြတ်ချက်များချမှတ်ခြင်း(problem-solving and decision-making)၊ ဒစ်ဂျစ်တယ်နိုင်ငံသားဖြစ်ခြင်း (digital citizenship)၊ နည်းပညာခံယူချက်များနှင့်လုပ်ငန်းဆောင်ရွက်ခြင်း (technology concepts and operations) တို့ ပါဝင်နေပါသည်။

မီဒီယာစာပေပညာရေး (Media literacy education) သည် အင်္ဂလန်နှင့် အမေရိကတို့၌ ၁၉၃၀ နှစ်များအတွင်း စစ်ပွဲနှင့်ပတ်သတ်သော ဝါဒဖြန့်ချိရေးများအတွက်သော်လည်းကောင်း၊ ၁၉၆၀ နှစ်များအတွင်း စီးပွားရေး၊ နိုင်ငံရေး အစရှိသည့်ကြော်ငြာများ အတွက်သော်လည်းကောင်း အသုံးပြုရန် ကြားခံတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။ ကြိုးကိုင်ခြယ်လှယ်သော သတင်းစကားများအပါအဝင် အခြားမီဒီယာပုံစံများလည်း ပေါ်ထွက်လာခဲ့ပြီး ပညာရေးတွင်လည်း အသုံးပြုလာခဲ့ကြသည်။

တစ်သီးပုဂ္ဂလသင်ကြားခြင်းအတွက်သော်လည်းကောင်း၊ မီဒီယာမှဖော်ပြသည့် သတင်းစကားများကို မည်သို့ဝေဖန်ဆုံးဖြတ်လက်ခံရမည့်အကြောင်းများအတွက်သော်လည်းကောင်း မီဒီယာစာပေပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာစေရန် ပညာဖြန့်ဖြူးသူများက လုပ်ဆောင်လာကြသည်။ မီဒီယာကဖော်ပြသော အကြောင်းအရာများကို တစ်ဦးချင်းအနေဖြင့် ဝေဖန်သုံးသပ်တတ်သောစွမ်းရည်ရှိမှသာ ဘက်လိုက်ဖော်ပြသော သတင်းအကြောင်းအရာများဟုတ်၊ မဟုတ် လွတ်လပ်စွာဆင်ခြင်သုံးသပ်လာနိုင်မည်ဖြစ်ပါသည်။

ဒါနာဘွိုက် (Danah Boyd အချက်အလက်နှင့် လူမှုသုတေသနတက္ကသိုလ်ကို တည်ထောင်သူ ဥက္ကဋ္ဌ။ မိုက်ကရိုဆော့ဖ်သုတေသန၏ သဘာပတိ) က ဝေဖန်သုံးသပ်နိုင်စွမ်းရှိသော မီဒီယာစာပေ (critical media literacy)၏အခန်းကဏ္ဍအရေးကြီးပုံ အထူးသဖြင့်ဆယ်ကျော်သက်များအတွက် ပို၍အရေးကြီးပုံကို ဖော်ပြခဲ့ပါသည်။

ဘွိုက်က " ဝေဖန်သုံးသပ်နိုင်စွမ်းရှိတဲ့ မီဒီယာစာပေစွမ်းရည်တွေထဲမှာ ပထမအဆင့်အနေနဲ့ ပုံနှိပ်ပဲဖြစ်ဖြစ်၊ အွန်လိုင်းပဲဖြစ်ဖြစ် ကြော်ငြာနေတဲ့အရာတွေကို ဘက်လိုက်မှုရှိ၊ မရှိ ဦးစွာစစ်ဆေးနိုင်တဲ့စွမ်းရည်က အရေးကြီးပါတယ်။ ကွန်ပြူတာစနစ်နဲ့ ဝက်ဘ်ဆိုက်တွေနှင့်ပတ်သတ်တဲ့ အသိပညာ၊ နည်းစနစ်ကျွမ်းကျင်မှုတွေက သတင်းအချက်အလက်တွေကို ဘယ်လိုသုံးသပ်ရမယ်ဆိုတာကို အကူအညီပေးနိုင်ပါတယ်။ ဒါကြောင့်

PDF Compressor Free Version

**ပညာရေးနိမ့်ကျလာသည်နှင့်အမျှ တီထွင်ဖန်တီးမှု၊ ဝေဖန်သုံးသပ်နိုင်မှုများလည်း အားနည်းလာရပါသည်။**

ဒစ်ဂျစ်တယ်လောကထဲကို ဝင်ရောက်လာရင်တော့ ကွန်ပြူတာနဲ့ နည်းပညာကျွမ်းကျင်မှုတွေက မရှိမဖြစ်လိုအပ်လာပါတယ်" ဟုပြောခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စာပေ၏ ပလက်ဖောင်းတစ်ခုဖြစ်သော ဖေ့စ်ဘွတ်ခ်ကိုအသုံးပြုသူဦး ရေမှာ ၁၅ သန်းမှ သန်း ၂၀ အကြားရှိသည်ဟု စစ်တမ်းများအရသိရှိရပါသည်။ ထိုအထဲတွင် အသက် ၁၈ နှစ်မှ ၂၄ နှစ်ရှိလူငယ်ဦးရေမှာ ၅၀ ရာခိုင်နှုန်းရှိပါသည်။ အသက် ၂၅ နှစ်မှ ၃၄ နှစ်အရွယ်အထိ အသုံးပြု သူဦးရေမှာ ၃၄ ရာခိုင်နှုန်းရှိပြီး ၃၅ နှစ်အထက်နှင့် ၅၄ နှစ်အထက်ရှိ ဖေ့စ်ဘွတ်ခ်သုံးသူဦးရေ ၉ ရာခိုင် နှုန်းမှ ၂ ရာခိုင်နှုန်းအထိရှိပါသည်။

အထက်ပါစာရင်းအရ ငယ်ရွယ်သူများအကြား ဖေ့စ်ဘွတ်ခ်သုံးသူဦးရေမှာ များပြားလှကြောင်း တွေ့ရပါသည်။ ထိုသူများအကြား ဒစ်ဂျစ်တယ်ပလက်ဖောင်းကို အသုံးပြု၍ ပညာရပ်တစ်ခုခုကိုလေ့လာနေ သူ၊ စာပေများကို ဖတ်ရှုနေသူ မည်မျှရှိပါသနည်း။ သို့တည်းမဟုတ် အတတ်ပညာတစ်ခုခုကို ဝေမျှနေသူ၊ ဖတ်ရှုထားသော စာပေများမှ ကောင်းနိုးရာရာများကို ပြန်လည်ဝေမျှနေသူ မည်မျှရှိပါသနည်း။ ဖေ့စ်ဘွတ်ခ် အသုံးပြုသူ မြန်မာ့လူဦးရေ သန်း ၂၀ တွင် ထိုသို့ပညာလေ့လာ၊ ပြန်လည်ဖြန့်ဖြူးသူဦးရေ ၁သန်းရှိလျှင် မြန်မာနိုင်ငံသည် အလွန်တိုးတက်သော နိုင်ငံတစ်ခုဖြစ်ပါလိမ့်မည်။ အနည်းဆုံး တစ်သိန်းရှိလျှင်တောင် အလွန်ကောင်းမွန်သော ပညာရေးစနစ်နှင့် နိုင်ငံရေးမူဝါဒများကို ပြည်သူအများသိရှိနားလည်လာပြီး ကောင်းမွန်သော လူနေမှုဘဝတစ်ခုဆီသို့လည်း ရောက်ရှိလာနိုင်ပါသည်။

လက်တွေ့ဘဝတွင်မူ ထိုသို့မဟုတ်ပါ။ ဖေ့စ်ဘွတ်ခ် မီဒီယာကိုအသုံးပြု၍ လိမ်လည်နေသူများ၊ အမုန်းစကားဖြန့်ချိနေသူများ၊ ဘာသာရေး၊ လူမျိုးရေး၊ နိုင်ငံရေးပဋိပက္ခများကို ဖန်တီးနေသူများရှိနေကြပါ သည်။ ဖေ့စ်ဘွတ်ခ် တည်ထောင်သူ မာ့ခ်ဇူကါဘိုက် (Mark Zuckerberg) က ဖေ့ခ်ဘွတ်ခ်သည် မြန်မာပြည်အတွက် အလွန်အန္တရာယ်များကြောင်း ပြောခဲ့ဖူးပါသည်။ သူပြောခဲ့သော စကားသည် အလွန်မှန်ကန်ပါသည်။

မြန်မာနိုင်ငံသည် ပညာရေးစနစ်အရ အလွန်နိမ့်ကျသောနိုင်ငံဖြစ်ပါသည်။ အလွတ်ကျက်ပညာရေးကြောင့် လူအများစုသည် စဉ်းစားဝေဖန်သုံး သပ်တတ်သောဉာဏ် (Critical Thinking ) အလွန် နည်းပါးလှပါသည်။ သတင်းတစ်ပုဒ် သို့မဟုတ် ကြော်ငြာတစ်ခုကို ဘက်လိုက်မှု ရှိ၊ မရှိ စစ်ဆေးနိုင်သောစွမ်းရည် အားနည်းကြပါသည်။ ဖေ့စ်ဘွတ်ခ်တွင် ဖော်ပြသော ကျန်းမာရေးအတွက် ဆေးနည်းတစ်ခုခုကိုပင် အလွယ်တကူ ယုံကြည်လက်ခံတတ်ကြပါသည်။ ဘာသာရေးနှင့် ပတ်သတ်လာလျှင်လည်း ဆတ်ဆတ် ထိမခံ ပြန်လည်ရန် တွေ့တတ်ကြ၊ ဆဲဆိုတတ်ကြပါသည်။ လူမျိုးရေး၊ နိုင်ငံရေးကဏ္ဍများတွင်လည်း ထို့ အတူပင်ဖြစ်ပါသည်။ အခြားကဏ္ဍအသီးသီးတွင်လည်း လွယ်

PDF Compressor Free Version



ကူစွာ လက်ခံတတ်သကဲ့သို့ လွယ်ကူစွာ တုံ့ပြန်တတ်ကြပါသည်။

အကြောင်းရင်းမှာ ဆင်းရဲခြင်းကြောင့်ပင်ဖြစ်ပါသည်။ ဆင်းရဲခြင်းဟုဆိုရာတွင် ငွေကြေးဆင်းရဲ ခြင်းပါဝင်သကဲ့သို့ ပညာရေးဆင်းရဲခြင်းလည်း ပါဝင်ပါသည်။ ငွေကြေးဆင်းရဲခြင်းကြောင့် ခေတ်မီနည်းပညာများကို လေ့လာလိုက်စားရာတွင် ငွေအကုန်အကျများသဖြင့် အားနည်းလာရသည်။ ထိုအကျိုးဆက်ကြောင့်ပင် ပညာရေးကဏ္ဍမှာ နိမ့်ကျလာရပါသည်။ ပညာရေးနိမ့်ကျလာသည်နှင့်အမျှ တီထွင်ဖန်တီးမှု၊ ဝေဖန်သုံးသပ်နိုင်မှုများလည်း အားနည်းလာရပါသည်။ ပညာရေးနှင့်တကွ ဝေဖန်သုံးသပ်နိုင်စွမ်းအားနည်းခြင်းသည် ဒစ်ဂျစ်တယ်စာပေဘက်တွင် အကျိုးသက်ရောက်မှု အလွန်နည်းပါးခြင်း၏ အကြောင်းရင်း ပင်ဖြစ်ပါသည်။

ဒစ်ဂျစ်တယ်စာပေကို မြှင့်တင်နိုင်ရန်အတွက် ပညာရေးကဏ္ဍကိုမြှင့်တင်ရမည်ဖြစ်ပါသည်။ အထူး သဖြင့် စာသင်ကျောင်းများတွင် ဒစ်ဂျစ်တယ်နည်း ပညာများသာမက အရေးကြီးဆုံးဖြစ်သည့် စနစ်တကျ ဝေဖန်သုံးသပ်နိုင်သောစွမ်းရည်ကို ထည့်သွင်းသင်ကြားပေးပါသည်။ ထို့အပြင် ဆန်းသစ်ပြောင်းလဲခြင်း (innovation)၊ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း (communication and cooperation)၊ သုတေသနပြုခြင်း နှင့် သတင်းအချက်အလက် ပေးခြင်း ( research and information ) တို့အပြင် ပြဿနာဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်များချမှတ်ခြင်း (problem-solving and decision-making) တို့ကိုလည်း လေ့လာသင်ယူခွင့်နှင့် သင်ကြားပြသပေးမှုရှိရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်စာပေအသုံးပြုမှုသည် နောင်လာမည့်နှစ်များတွင် ပိုမိုများပြားလာဖို့ သာရှိပါသည်။ ထိုအတွက် ယခုအချိန်မှစတင်၍ နောင်မျိုးဆက်သစ်များကို ပညာလေ့လာဖြန့်ဖြူးခြင်းအတွက် အကောင်းဆုံးနည်းစနစ်နှင့် နည်းလမ်းများကို သင်ကြားပေးခြင်း၊ ဝေမျှခြင်းများပြုလုပ်ပါက အနာဂတ်မြန်မာနိုင်ငံတော်ကြီးသည် ခေတ်မီသော၊ တိုးတက်သော၊ အေးချမ်းသာယာသော၊ တီထွင်ဖန်တီးမှုရှိသော၊ ဝေဖန်သုံးသပ်တတ်သော၊ ကြွယ်ဝချမ်းသာသောနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိလာမည်ဖြစ်ပါသည်။ ထိုအခန်းကဏ္ဍအတွက် အသင်းတော်မှလည်း တစ်တပ်တစ်အား ပါဝင်အားဖြည့်ဖို့လိုအပ်ပါသည်။

PDF Compressor Free Version




# ဆန်းကြယ်ဦးနှောက်နှင့် အံ့ဖွယ်အသိဉာဏ်

ဦးယုမင်း (မြစ်ကြီးနား)

ကျမ်းချက်။ ခန္ဓာထဲသို့ဉာဏ်ကို မည်သူ သွင်းသနည်း။ ( ယောဘ ၃၈း၃၆)

### ကမ္ဘာ့အကောင်းဆုံးသောကွန်ပြူတာ

လူ၏ဦးခေါင်းထဲ၌ အလေးချိန်အားဖြင့် ၃ပေါင်မျှရှိသော အင်္ဂါအစိတ်ပိုင်းတစ်ခုပါရှိ၏။ ခွဲစိတ်ကုသမားတော်ကြီးများက ဤအင်္ဂါကိုခွဲစိတ်ရန် ကိုင်တွယ်စမ်းသပ်သောအခါ မဖုတ်သေးခင် နယ်ထားသော ပေါင်မုန့်လုံးနှင့် အလွန်တူသည်ဟု ဆိုကြ၏။ ဂျုံမှုန့်ကို နယ်ဖတ်ထားသကဲ့သို့ထိုဦးခေါင်းအ စိတ်အပိုင်းကို ကျွန်ုပ်တို့က ဦးနှောက် ( The Brain )ဟုခေါ်ဆိုကြလေသည်။

လူ့ဦးနှောက်သည် ပေါင်မုန့်လုံးနှင့် အလွန်တူသော်လည်း၊ ပေါင်မုန့်ကဲ့သို့ သက်မဲ့အရာမဟုတ်ချေ။ ဦးနှောက်သည် စဉ်းစားတွေးခေါ်၊ တွက်ချက်ဆုံးဖြတ်နိုင်စွမ်းရှိသော ဆန်းကြယ်သည့် အင်္ဂါအစိတ်အပိုင်းပင် ဖြစ်သည်။ ပြဿနာရပ်များကို တိုတောင်းသောအချိန်၌၊ အဖြေထုတ်ပေးနိုင်စွမ်းရှိသော ကွန်ပြူတာတလုံးနှင့် လုပ်ငန်းသဘာဝတူသည်ဆိုကြ၏။ စင်စစ်တွင် လူ့ဦးနှောက်သည် ကမ္ဘာပေါ်ရှိ အဆန်းပြားဆုံးသော၊ အကောင်း

PDF Compressor Free Version

ဆုံးသော ကွန်ပြူတာပင်ဖြစ်တော့သည်။

### ဗဟိုသတင်းဌာနချုပ်

ဦးနှောက်ကို အလွန်သေးငယ်လှသော ဆဲလ် ( cells) တို့ဖြင့် ဖွဲ့စည်းတည်ဆောက်ထား၏။ ဦးနှောက်တွင် ဆဲလ် (ကလာပ်စည်း) အရေတွက်ပေါင်း ၁၀ ဘီလီယံ (1010 cells) ပါဝင်၏။

ဤဆဲလ်တို့သည် အချင်းချင်းလုပ်ငန်းပူးပေါင်းရွက်ဆောင်ကြ၍၊ လျှပ်စစ်အချက်ပြမှု (electrical impulses) တို့ကို ပြုလုပ်နေကြသည်။ ခန္ဓာကိုယ်၏ အာရုံကြောများမှတစ်ဆင့် အလွန်လျင်မြန်စွာ သတင်း အချက်အလက်များ ပေးပို့နိုင်ကြသည်။ ခန္ဓာကိုယ်၏ မျက်စိ၊ နား၊ နှာခေါင်း လျှာ စသည်တို့ထံ တစက္ကန့်လျှင် ၃၉၃ ပေနှုန်း (တစ်နာရီလျှင် ၂၇၃ မိုင်) ဖြင့်၊ လျှပ်စစ် အချက်ပြ လျှက် သတင်းပို့နေကြ၏

ဤသတင်းအချက်အလက်များကို ဦးနှောက်က မည်သို့ရရှိသနည်း။ မျက်စိတွင်ရှိသော အ လင်းခံကရိယာ (၁၃၀၀၀၀) နားတွင်ရှိသော အကြားခံကရိယာ (၁၀၀၁၀၀)၊ လျှာအာရုံခံ (၃၀၀၀)၊ ခန္ဓာကိုယ်၏ ထိ - သိ အာရုံခံ (၅၀၀၀၀၀၀) တို့မှ သတင်းအချက်အလက်များကို ဦးနှောက် ( ဗဟိုသ တင်းဌာနချုပ်)မှ အဆက်မပြတ်ရရှိနေခြင်းဖြစ်ပါသည်။ ကမ္ဘာပေါ်တွင် အကောင်းဆုံး ဆက်သွယ်ရေး သတင်းဌာနသည် ဦးနှောက်ပင်ဖြစ်၏။

### မအိပ်စက်သောဦးနှောက်

လူဦးနှောက်သည် မရွေ့လျားသော အစိတ်ပိုင်းတစ်ရပ်ဖြစ်သော်လည်း၊ သူ၏လုပ်ငန်းများ လည်ပတ်စေရန်၊ ခန္ဓာကိုယ်၏ အောက်ဆီဂျင်ဓါတ် ၂၅ % ကို ရယူသုံးစွဲနေသည်။ နှလုံးမှ ထုတ်လုပ် သောသွေးလှည့်ပတ်မှု၏ ၂၀% မှာ ဦးနှောက်သို့ပို့ဆောင်ရသည်ဆို၏။

စင်စစ်ဦးနှောက်သည် သာမန်လူတစ်ယောက် အလေးချိန်၏ ၂% မျှသာ ပမာဏသေးငယ်လှ သော်လည်း၊ သူ၏အရေးကြီးသော လုပ်ငန်းတာဝန်များအတွက်၊ ခန္ဓာကိုယ်မှအောက်ဆီဂျင်နှင့် သွေး များစွာသုံးစွဲရလေသည်။ အံ့ဖွယ်ဦးနှောက်ပေတည်း။

ဦးနှောက်၏အံ့ဖွယ်လုပ်ဆောင်ချက်များတွင် သတင်းအချက်အလက်များမှတ်သားခြင်း၊ ရုပ်ပုံအရောင်သွေးပုံဖော်ခြင်း၊ စာလုံးများကို အဓိပ္ပါယ်ခွဲခြားစီစစ်ခြင်းစသော အသိဉာဏ်ဆိုင်ရာ တာဝန်များကို စက္ကန့်မပြတ်လုပ်ဆောင်နေရ၏။ လူသည်အိပ်စက်အနားယူသော်လည်း၊ ဦးနှောက်မူကား အိပ် စက်သည်ဟူ၍ မရှိချေ။

### တောအုပ်ထဲမှကွန်ပြူတာ

လူတစ်ဦး၏ ဦးနှောက်ကလုပ်ဆောင်နေသော သတင်းအချက်အလက်များသည် မည်မျှများ ပြားသနည်း။ လူဦးနှောက်၏ မှတ်ဉာဏ်ကိုစာအုပ်ပြုလုပ်ခဲ့ရာတွင် စွယ်စုံကျမ်းစာအုပ် အတွဲ ၅၀၀ ထက်မက သာလွန်လိမ့်မည်ဟု ဦးနှောက်သုတေသီတို့ဆိုပေသည်။

### ကျွန်ုပ်တို့သည်ရိုးသားစွာဤသို့စဉ်းစားကြည့်သည်ဆိုပါစို့။

အကယ်၍ ကျွန်ုပ်တို့သည် တောအုပ်တစ်ခုတွင် (တစ်နေ့သ၌) လမ်းလျှောက်သွားရင်း၊ လမ်းခုလတ်

PDF Compressor Free Version

တစ်နေရာ၌၊ အလေးချိန်၃ပေါင်အရွယ်ရှိ Lap Top ကွန်ပြူတာတစ်လုံးကို မတော်တဆ ကောက်တွေ့ရသည့်အပြင်၊ (ကမ္ဘာ့ Lap Top ဈေးကွက်ထဲရှိ ကွန်ပြူတာတို့ထက်) လုပ်ငန်းဆောင်ရွက်မှု အလွန်ကောင်းနေကြောင်း သိရပြီ ဆိုပါစို့။

"ဤကွန်ပြူတာသည် သူ့အလိုလို တောအုပ်ထဲ၌ ဖြစ်တည်နေတာပါ "ဟူ၍ လူတစ်ယောက် က မှတ်ချက် - ပြုခဲ့လျှင် သင်မည်သို့တုန့်ပြန်မည်နည်း။

### ဉာဏ်ကြီးရှင်ဒီဇိုင်နာ

အံ့ဖွယ်ကွန်ပြူတာတစ်လုံးသည် ရည်ရွယ်ချက်များစွာကို (နားမလည်နိုင်ဖွယ်) လုပ်ဆောင်နေ၏။ ကွန်ပြူတာ၏ လုပ်ဆောင်ချက်ကို နားမလည် နိုင်သော်လည်း၊ သာမာန်ဉာဏ်ရှိသူ ( common sense) နားလည်နိုင်သောအရာတစ်ခုရှိ၏။ ထိုအချက်မှာ အံ့ဖွယ်ကွန်ပြူတာ (ဒီဇိုင်းပုံစံ) သည် အံ့ဖွယ် ဖန်တီးပြုလုပ်သူ (ဒီဇိုင်းရှင်) ၏ လက်ရာဖြစ်ကြောင်းတည်း။

ပန်းချီကားတစ်ချပ်သည် ရေးဆွဲသူ ပန်းချီဆရာကြောင့်ဖြစ်ရ၏။ ဒီဇိုင်း (ပုံစံအရာ)သည် ဒီဇိုင်းရှင်တည်ရှိကြောင်းကို ရိုးရှင်းစွာပြဆိုလေသည်။ ကမ္ဘာ့အကောင်းဆုံးသော ကွန်ပြူတာ(သို့မဟုတ်) ၃ပေါင်မျှသာလေးသော လူ့ဦးနှောက်သည် အံ့ဖွယ်ဉာဏ်ကြီးရှင်ဒီဇိုင်းဆရာ (An intelligent designer) တည်ရှိကြောင်းကို ပြဆို၊ သက်သေခံလေ၏။

### လပေါ်သို့ခြေချသောအသိဉာဏ်ရှင်

ဦးနှောက်၏လုပ်ငန်း အသိဉာဏ်ဟူသည်မှာ အဘယ်နည်း။ အသိဉာဏ် ( Intelligence) စကားရပ်ကို အဘိဓာန်စာအုပ်များတွင် အမျိုးမျိုးဖွင့်ဆိုကြလေသည်။ ယေဘူယျအဓိပ္ပါယ်မှာ နားလည်သိမြင်တတ်သည့် စွမ်းရည်၊ ဆင်ခြင်စဉ်းစားနိုင်သော ဉာဏ်ရည်ဖြစ်၏။

အသိဉာဏ်ရှိသောအရာနှင့် အသိဉာဏ်မဲ့သောအရာဟူ၍ လွယ်ကူစွာ ခွဲခြားနားလည်နိုင်ပေသည်။ လူ၊ တိရစ္ဆာန်တို့၌အသိဉာဏ်ရှိကြ၍၊ သက်မဲ့အရာ (inorganic) တို့တွင် အသိဉာဏ်မတည် ရှိချေ။

အသိဉာဏ်ရှိသော သတ္တဝါတို့၌ လူသားသည် အံ့ဖွယ်အသိဉာဏ်ပိုင်ဆိုင်ရရှိသူဖြစ်၏။ လူ သည်စဉ်းစား၊ တွေးခေါ်၊ တွက်ချက်၊ ဆင်ခြင်တတ်သူဖြစ်သည်။ သတ္တလောကတွင် အမြင့်မားဆုံးသော "အသိဉာဏ် (intelligence) "ရှိသူဖြစ်လေသည်။

ယခုခေတ်၌ လူသားသည် ဒုံးယာဉ်ပြင် အာကာသို့တက်ရောက်နိုင်ကြ၏။ အာကာသစခန်း များကိုပင် တည်ဆောက်ကာ၊ အာကာသဝေဟင်ခရီးကိုထွက်ခွါ စူးစမ်းရန်ကြံစည်နေကြပြီ။

လူသည် ကမ္ဘာမှ မိုင်၂၄၀၀၀၀ ဝေးကွာသော လမျက်နှာပြင်ပေါ်သို့ ခြေချနိုင်သော အသိ ဉာဏ်ရှင်ဖြစ်၏။ အင်္ဂါဂြိုလ်ကို လေ့လာရန်၊ စက်ရုပ်လူ (Robots) တို့ကို တီထွင်နိုင်သော "အသိပ ညာ" ပိုင်ဆိုင်၏။

### အသိဉာဏ်၏စွမ်းပကား

ကဆုန်နိုင်းပြေးလွှားသောမြင်းပေါ်မှ လေးသည်တော်တစ်ဦးသည် ဝေဟင်၌ ပျံသန်းနေသော သိမ်းငှက်

PDF Compressor Free Version

ကို အတိကျမှန်အောင် မြှားဖြင့်ပစ်ခွင်းနိုင်မည်လော။ ပျံနေသောငှက်ကို ရွေ့နေသော မြင်း ပေါ်မှ အဘယ်သို့ထိ မှန်အောင် ပစ်နိုင်မည်နည်း။

သို့ရာတွင် အသိဉာဏ်ရှင်လူသားသည် ကမ္ဘာမြေမှ မိုင်နှစ်သိန်းကျော်ဝေးလံသော ၊ ရွေ့လျားနေသည့် လပေါ်သို့ ဒုံးကျည် (မြှားယာဉ်)ဖြင့် (၃ရက်ခွဲကာလတွင်) အတိအကျ မှန်အောင် ချိန်ရွယ် ပစ်ခွင်း နိုင်ခဲ့လေသည်။ အာဂ စဉ်းစား၊ တွက်ချက်၊ လုပ်ဆောင်နိုင်သူ ဉာဏ်ကြီးရှင်ဖြစ်သတည်း။

လူသည် နှလုံးအတု (artificial heart) ကိုတီထွင်နိုင်သည်သာမက၊ အချက်အလက်ပေါင်း (ဘီလျံ) ကို ကိုင်တွယ်လုပ်ဆောင်သော ကွန်ပြူတာကို တည်ဆောက်နိုင်ခဲ့၏။ တကမ္ဘာလုံးပါဝင် ကစား နိုင်သော (Play Stalin) ဗွီဒီယို ဂိမ်းများကိုပင် အံ့မခန်းတီထွင်ခဲ့ကြ၏။

နောင်နှစ်ပေါင်း ၅၀ ခန့်အကြာတွင် မြေ (အင်္ဂါဂြိုလ်) သည် အာကာသမည်သည့်နေရာ၌ ရောက်ရှိနေမည်ကို လူတို့ကြိုတင်တွက်ချက်ကာ သိနိုင်ကြ၏။

### သက်မဲ့ဒြပ်မှုန်မှသက်ရှိနှင့်အသိဉာဏ်မဖြစ်နိုင်

ဤတွင် မေးခွန်းတစ်ရပ် ပေါ်ပေါက်လာ၏။ အံ့ဖွယ်ထိုအသိဉာဏ်ဟူသည် မည်သို့ဖြစ်တည် လာခဲ့သနည်း။ လူသည် အဘယ်ကြောင့် ဤအသိဉာဏ်အရာကို ထူးခြားစွာ ပိုင်ဆိုင်နေရသနည်း။

ဆင့်ကဲပြောင်းလဲဖြစ်ပေါ်လာခြင်း (Evolution) သဘောကိုလက်ခံသော (Alcestis) တို့က စကြာဝဠာ ပေါက်ကွဲလွင့်စင် ဖြစ်တည်ခြင်း (The Big Bang) ကိုထောက်ပြကြ၏။ စွမ်းအားအလွန်ကြီးသော ရုပ်ဒြပ် အစုအဝေးတစ်ခု ပေါက်ကွဲလွင့်စင်ခဲ့ရာ၊ နှစ်သန်းပေါင်း (၁၃.၆ဘီလျံ) ကြာမြင့်သောအခါ ယခုကဲ့သို့ သက်ရှိသက်မဲ့တို့ဖြစ်တည်လာကြသည်ဆို၏။

သာမန်စဉ်းစားတတ်သူတစ်ဦးသည်ဒြပ်မဲ့အခြေအနေတစ်ရပ်ပေါက်ကွဲ၍ ရုပ်ဒြပ်မှုန် တိမ်တိုက် အစုအဝေးမှ နေလကြယ် မြေကမ္ဘာတို့ဖြစ်တည်လာသည် ဟူသော အီဖော်လူးရှင်းဝါဒကို လက်မခံကြချေ။ သို့ဖြစ်ရာ သက်မဲ့ဒြပ်မှုတို့ စုဝေးလျက် သက်ရှိတို့၏ "အသိဉာဏ်" မဖြစ်လာနိုင်ကြောင်း ဆင်ခြင်တုံတရားဖြင့် သိနိုင်ကြပါသည်။

မစဉ်းစားတတ်သော၊ သက်မဲ့အရာ (Lifeless, mindless particles ) ရုပ်ဒြပ်မှုန်တို့စုဝေးခြင်းမှ စဉ်းစားနိုင်သော သက်ရှိနှင့် အသိဉာဏ်ဟူ၍ လုံးဝမဖြစ်နိုင်ကြောင်း ထင်ရှား၏။

### အသိဉာဏ်သည်အသိဉာဏ်ရှင်ကိုတောင်းဆို၏။

ယခု ($21^{st}$ ) ရာစုနှစ် လူတို့သည် အသိဉာဏ်များစွာရှိကြ၏။ အကြောင်းမှာ ရှေးရာစုနှစ်များ စွာ လူသား (ဘိုးဘေး) တို့ထံမှ ဗီဇ အသိဉာဏ်ကို ဆက်ဆံခဲ့ရသောကြောင့်ဖြစ်သည်။

အသိဉာဏ်ဟူသည် အသိဉာဏ်ရှိသော သက်ရှိသတ္တဝါမှ လက်ဆင့်ကမ်းခံယူရသော အမွေဖြစ် ၏။ ဆင်၏ အသိဉာဏ်သည် ဆင်မိဘထံမှ ဆက်ခံရသောအရာဖြစ်သည်။ တိရစ္ဆာန်တို့၏ အသိ ဉာဏ်သည် ရှေးမှ ဘိုးဘေး တို့ထံမှ လက်ဆင့်ကမ်းရရှိခြင်းပင်။ ထို့နည်းတူစွာ လူတို့၏ အသိဉာဏ် ဟူသည် သက်ရှိလူမိဘတို့မှ ဗီဇဆက်ခံ ရရှိလာခြင်းဖြစ်ပေသည်။

PDF Compressor Free Version

သက်မဲ့ရေ ( lifeless water)၊ အသိမဲ့ရွှံ့ ( mindless mud) အစုအဝေးမှ (နှစ်ကာလဘီလျံ မည်မျှကြာညောင်းခဲ့စေ) သူ့အလိုအလျောက် စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်ရှင် လူသားမဖြစ် ပေါ်နိုင်ချေ။

သက်ရှိသည် ရှေ့မှ သက်ရှိအရာကို တောင်းဆိုသကဲ့သို့ အသိဉာဏ်သည် ရှေ့မှ အသိဉာဏ်အရာကို တောင်းဆိုနေပေသည်။

(Intelligence demands an intelligent giver.)

### ခန္ဓာထဲသို့အသိဉာဏ်သွတ်သွင်းသူ

အသိဉာဏ်သည် ရှေ့မှအဆင့်ဆင့် အသိဉာဏ်ရှင်တို့တည်ရှိကြောင်း ဖေါ်ပြသက်သေခံ၏။ သို့ဖြစ်လျှင် စကြာဝဠာထဲ၌ အဆင့်ဆင့်သော သက်ရှိတို့၏ ပဌမဆုံးသော အသိဉာဏ် (The first intelligence) သည် မည်သို့စတင်ဖြစ်တည်ခဲ့ပါသနည်း။

ထိုမေးခွန်းကို သာမန်အသိဉာဏ်ရှိသူတစ်ဦးက "သက်ရှိဖြစ်ခြင်းကို တန်ခိုးရှင်ဖန်ဆင်းမှ ရနိုင်သကဲ့သို့ ပဌမဆုံးသော အသိဉာဏ်၏ မူလရင်းမြစ်အစသည် အသက်ပေးပိုင်သော၊ အသိဉာဏ်အစ စွမ်းကိုဖြစ်စေသော၊ အနန္တဉာဏ်တော်ရှင်။ မဟာဖန်ဆင်းရှင် (The creator of intelligence) သာဖြစ်ပေလိမ့်မည် ဟူ၍ စဉ်းစားဖြေဆို ခဲ့ပါသတည်း။

- မြေကြီးအဖြစ်ကို ငါတည်သောအခါ သင်သည်အဘယ်မှာရှိသနည်း။
- ခန္ဓာကိုယ်ထဲသို့အသိဉာဏ်ပညာကို မည်သူသွတ်သွင်းသနည်း။
- နားလည်နိုင်သော ဉာဏ်ကိုအဘယ်သူပေးသနည်း။ (ယောဘ ၃၈း၃၆)

ဦးယုမင်း (မြစ်ကြီးနား)

Reference:
-Intelligent demands an intelligent Creator : by Eric Lyons.
(2014) . Apologetics Press. (U.S.A)

PDF Compressor Free Version

# ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ



ဦးအောင်လှထွန်း

၁။ ချစ်ခြင်းမေတ္တာ

ခရစ်ယာန်များသည် ဖန်ဆင်းရှင်ထာဝရဘုရားကို ယုံကြည်သူများဖြစ်ကြ၏။ သမ္မာကျမ်းစာက ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည် (၁ယော ၄း၈) ဟုဖော်ပြထား၏။ ထို့ကြောင့် ခရစ်ယာန်တို့၏ ယုံကြည်ကျင့်သုံးမှု၏ ဗဟိုအချက်အချာသည် ချစ်ခြင်းမေတ္တာ၏ သဘောသဘာဝကို သေချာစွာသိ ရှိလို၏။

ချစ်ခြင်းမေတ္တာဆိုသော ဝေါဟာရကို ဘာသာရေးနှင့် လူမှုဆက်ဆံရေးတို့တွင် တွင်ကျယ်စွာ အသုံးပြု၏။ အဓိပ္ပါယ်မှာလည်း အလွန်ကျယ်ပြန့်၏။ ပူးတွဲအသုံးပြုသည့် နာမဝိသေသနပေါ်တွင် မူတည်၍ အနစ်အရသာတွင် ပြောင်းလဲမှုများရှိ၏။ ထို့ကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၊ လောကသားတို့က ဘုရားသခင်အပေါ်ထားသည့် ချစ်ခြင်းမေတ္တာ၊ လူလူချင်းထားသည့် ချစ်ခြင်းမေတ္တာတို့သည် အတိမ်အနက်နှင့် အနစ်သာရတို့တွင် ကွာခြား၏။

လောကီသားများအပေါ် ဘုရားသခင်ထားရှိသော ချစ်ခြင်းမေတ္တာ (ယော၃း၁၆)၊ ဘုရားသခင် ကို လူတို့က ကိုးစားရာမှ ပေါ်ထွက်လာသော ချစ်ခြင်းမေတ္တာ (၁ကောရး၃)၊ လူယောကျာ်းနှင့်လူမိန်းမ တို့ကြားထားရှိသော တပ်မက်ခြင်းကြောင့်ဖြစ်ပေါ်လာသည့် ချစ်ခြင်း

PDF Compressor Free Version

မေတ္တာ (သုတ္တံ၅း၁၉-၂၀)၊ မိသားစုအတွင်း ထားရှိသည့် ချစ်ခြင်းမေတ္တာ၊ မိတ်ဆွေများအပေါ်ထားရှိသည့် ချစ်ခြင်းမေတ္တာ၊ အခြားသူများအပေါ် ထားရှိသည့် သနားကြင်နာခြင်း၊ ကရုဏာသက်ခြင်းတို့ဖြစ်၏။ ဤမေတ္တာများသည် တစ်ခုနှင့်တစ်ခု အနှစ်သာရတွင် ကွာခြားသည်ကို တွေ့နိုင်၏။

မည်သို့ပင်ဆိုစေ ဤချစ်ခြင်းမေတ္တာအမျိုးမျိုးတို့ကို ခြုံ၍ကြည့်လိုက်မည်ဆိုပါက အခြေခံအားဖြင့် ချစ်ခြင်းမေတ္တာနှစ်မျိုးသာရှိသည်ဟုဆိုနိုင်၏။ ထို့အပြင် ဤနှစ်မျိုးပေါင်းစပ်နေသော ချစ်ခြင်းမေတ္တာမျိုးလည်း ရှိနိုင်ပေသည်။

ပထမအမျိုးအစားဖြစ်သော ချစ်ခြင်းမေတ္တာသည် မိမိတွင်ရှိသော အကောင်းဆုံးအရာကို အခြားသူများအားပေးလိုသည့် ချစ်ခြင်းမေတ္တာမျိုးဖြစ်ပြီး အတ္တကင်း၍ ကိုယ်ကျိုးမဖက်သည့် ချစ်ခြင်းမေတ္တာဟုလည်း ခေါ်ဆိုနိုင်ပေသည်။ ဒုတိယအမျိုးအစားချစ်ခြင်းမေတ္တာမှာ တပ်မက်သောအလိုဆန္ဒကြောင့် မိမိစွဲမက်သောအရာကို လိုချင်သည့် ချစ်ခြင်းမေတ္တာဖြစ်၏။ ဤချစ်ခြင်းမေတ္တာမျိုးကို ကိလေသာအချစ်ဟုလည်းခေါ်ဆိုနိုင်၏။

ဤချစ်ခြင်းမေတ္တာနှစ်မျိုးတို့၏ သဘောသဘာဝနှင့် အနှစ်သာရတို့သည် ဆန့်ကျင်ဘက်ဖြစ်၏။ ပထမ အမျိုးအစားဖြစ်သော အတ္တကင်းသည့် ချစ်ခြင်းမေတ္တာသည် အေးမြ၏။ ငြိမ်သက်ခြင်းကို ဖြစ်စေ၏။ ရောင့်ရဲခြင်းကိုဖြစ်စေ၏။ စေတနာသဒ္ဒါတရားကို ပွားများစေ၏။ အနစ်နာခံလိုစိတ်ကို လည်းတိုးပွားစေ၏။ မည်ကဲ့သို့သော ကိုယ်ကျိုးကိုမျှလည်း မျှော်လင့်ထားခြင်းမရှိပေ။ ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ဤမေတ္တာမျိုးဖြစ်၏။

ဒုတိယအမျိုးအစားဖြစ်သော ချစ်ခြင်းမေတ္တာမှာ သဘောသဘာဝနှင့် အနှစ်သာရအားဖြင့် ပူလောင်ခြင်း၊ နှင့် သောကကို ဖြစ်စေတတ်၏။ တပ်မက်သောစိတ် ကို ပွားများစေတတ်၏။ အတ္တလွှန်ကဲစွာ ကိုယ်အလိုဆန္ဒကိုသာ ကြည့်တတ်၏။ မနာလိုဝန်တိုစိတ်ကို လှုံ့ဆော်ပေး၏။ မိမိဆန္ဒကို ဦးစားပေး၏။ တစ်ကိုယ်ကောင်းဆန်သည့် ချစ်ခြင်းမေတ္တာမျိုးဖြစ်၏။

သမ္မာကျမ်းစာက သွန်သင်သည့် ချစ်ခြင်းမေတ္တာ၏ အရင်းမူလသည် ကိုယ်ကျိုးမပါသော အကောင်းဆုံးကိုပေးလိုသောဆန္ဒမှ ပေါ်ပေါက်လာသည့် ချစ်ခြင်းမေတ္တာဖြစ်၏။ စဉ်းစားချင့်ချိန်၍ အလွန်နူးညံ့သိမ်မွေ့ခြင်းရှိသည့် ချစ်ခြင်းမေတ္တာဖြစ်၏။ ဤအသွင်အပြင်များကို ဘုရားသခင်ကလောကီ သားတို့အား ချစ်တော်မူသည့်အရာ၌ အထင်အရှားတွေ့နိုင်၏။ ခရစ်ယာန်တို့၏ ချစ်ခြင်းမေတ္တာသည်လည်း ဘုရားသခင်၏ ချစ်ခြင်းမေတ္တာ၏ လွှမ်းမိုးခြင်းကို ခံရရာမှ အလိုတော်နှင့် အညီလိုက်နာကျင့် သုံးသည့် ချစ်ခြင်းမေတ္တာဖြစ်၏။

## ၂။ ဘုရားသခင်နှင့်ချစ်ခြင်းမေတ္တာ

ဘုရားသခင်နှင့် ချစ်ခြင်းမေတ္တာတို့ကို ခွဲ၍မရပေ။ ဘုရားသခင်ကပြုလေသမျှသည် ချစ်ခြင်း မေတ္တာ၌ အရင်းခံ၏။ ထို့ကြောင့် သမ္မာကျမ်းစာက "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်၏" (၁ယော ၄း၁၆) ဟု ဖော်ပြထား၏။ လောကီသားတို့အပေါ်၌ ထားရှိသော ဘုရားသခင်၏ချစ်ခြင်း မေတ္တာသည် မိမိ၏ စိတ်ဆန္ဒအရဖြစ်ပေါ်လာသည့် ချစ်ခြင်းမေတ္တာဖြစ်၏။ ရယူလိုသောကြောင့်မဟုတ် ကောင်းကြီးကိုပေးလိုသော မေတ္တာဖြစ်၏။ လောကီသားတို့ကို ဘုရားသခင်ကချစ်သည်မှာ မိမိကချစ်လိုသောကြောင့်ဖြစ်ပြီး ချစ်ထိုက်ခြင်းကြောင့်မဟုတ်ပေ။ ထို့ကြောင့် ဘုရားသခင်၏ မေတ္တာသည် အတ္တကင်းသော ချစ်ခြင်းမေတ္တာဖြစ်၏။ ဤချစ်ခြင်းမေတ္တာမျိုးကို မူရင်းဂရိဘာသာနှင့် ရေးသားထား သော ဓမ္မသစ်ကျမ်းတွင် "အဂ္ဂပေ" (Agape) ဟုခေါ်ဆို၏။ အဓိပ္ပါယ်မှာ ကိုယ်ကျိုးမဖက်သောချစ်ခြင်းမေတ္တာပင်ဖြစ်၏။ ထို့ကြောင့် ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် ပထမအမျိုးအစား ချစ်ခြင်းမေတ္တာ

PDF Compressor Free Version



အတွက် စံထားရမည့် မေတ္တာဖြစ်၏။

ဘုရားသခင်သည် အရာရာကို ဖန်ဆင်းခြင်းပြုတော်မူသည့်အရှင် ဖြစ်တော်မူ၏(ကမ္ဘာ၁း၁-၂၆)။ ဖန်ဆင်းခြင်းကို ပြုလုပ်ခဲ့သည့်အချိန်ကပင် လူသားများအပေါ် မိမိ၏ကြီးမားသော ချစ်ခြင်းမေတ္တာကိုပြခဲ့ပြီး ကောင်းကြီးကိုပေးခဲ့၏။ ထို့ကြောင့် ဘုရားသခင်သည် လူယောကျ်ားနှင့် လူမိန်းမတို့ကို ဖန်ဆင်းပြီးနောက် များပြားစွာ မွေးဖွားရန်လည်းကောင်း၊ ဖန်ဆင်းလေသမျှကို အုပ်စိုးခွင့်ကို လည်းကောင်းပေးခဲ့ပြီး ကောင်းကြီးမင်္ဂလာကိုလည်း ပေးခဲ့၏ (ကမ္ဘာ၁း၂၇-၂၈)။ ထို့နောက် လူ ယောကျ်ားအာဒံနှင့် လူမိန်းမဧဝတို့ကို မကြောင့်မကျ၊ အေးချမ်းသာယာ၍ ပြည့်ဝစုံလင်သည့် အသက်တာကို လိုက်လျှောက်နိုင်ရန် ဧဒင်ဥယျာဉ်ကို ဖန်ဆင်းပြီး ၎င်းဥယျာဉ်ထဲတွင် လွတ်လပ်စွာ နေထိုင်စေခဲ့၏။ ကိုယ်တိုင်ကလည်း အာဒံ၊ ဧဝတို့နှင့် အမြဲမိတ်သဟာရပြုခဲ့ပြီး ဥယျာဉ်အလယ်တွင် လည်း ထာဝရအသက်ကိုပေးနိုင်သည့် အသက်ပင်ကိုစိုက်ထားကာ အသီးကိုလည်းစားခွင့်ပေးခဲ့၏ (ကမ္ဘာ၂း၈-၁၇)။ လူသားများအပေါ်၌ထားရှိခဲ့သော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် အစကနဦးကပင် အလွန်ကြီးမားခဲ့၏။ လူသားများထံမှ မည်သည့်အရာကိုမှမလို။ မိမိချမှတ်ထားသည့်ပညတ်ကို လိုက်နာ၍ မိမိကဲ့သို့ပင်ချစ်ခြင်းမေတ္တာ ဖြင့် တုံ့ပြန်ရန်ကိုသာ မျှော်လင့်ခဲ့၏။

## ၃။ လူသားနှင့်အပြစ်

ဘုရားသခင်သည် မေတ္တာတော်ရှင်ဖြစ်သောကြောင့် လူသားများကိုဖန်ဆင်းစဉ်ကပင် လွတ်လပ်စွာ နေထိုင်ခွင့်နှင့်ဆုံးဖြတ်ပိုင်ခွင့်ကို ပေးသနားတော်မူခဲ့၏။ လမ်းမှားသို့မရောက်ရန် ပညတ်ချက်ကိုပြခဲ့၏ (ကမ္ဘာ၂း၁၆-၁၇)။ သို့သော် လူသားသည် ဘုရားသခင်ကချစ်တော်မူသောကြောင့် ပေးအပ်ထားသော လွတ်လပ်စွာ ရွေးချယ်ဆုံးဖြတ်ပိုင်ခွင့်ကို အလွဲသုံးစား ပြုလုပ်၍ မာရ်နတ်၏ သွေးဆောင်ရာနောက်သို့ လိုက်ပါကာ ဘုရားသခင်ကမစားရန် တားမြစ်ပညတ်ထားသော၊ စားမိပါလျှင် သေမည်ဟုပြောထားသော “ဧဒင်ဥယျာဉ်အလယ်တွင်ရှိသည့် ကောင်းမကောင်းကို သိသောအပင်” မှ အသီး ကိုစားခဲ့၏။ ဘုရား သခင်က ချမှတ်ထားသောပညတ်ကို ချိုးဖောက်ခဲ့၏ (ကမ္ဘာ၃း၁-၆)။ ဤသို့ ဘုရားသခင်၏ ပညတ်ကို ချိုးဖောက်ခြင်းသည် အပြစ်ကိုကျူးလွန်ခြင်းပင်ဖြစ်၏။

ဘုရားသခင်သည် လူသားတို့ကိုချစ်တော်မူသော အရှင်ဖြစ်သကဲ့သို့ ဖြောင့်မတ်တော်မူသော အရှင်လည်း ဖြစ်တော်မူ၏(ဆာလံ၁၁း၇)။ ဘုရားသခင်သည် လူသားတို့ကိုခွင့်လွှတ်လို၏။ အပြစ်ကျေးကျွန်ဘဝသို့ မရောက်စေလိုပေ။ ထို့ကြောင့် အပြစ်ပြုခြင်းကို ဥပက္ခပြုအပြစ်ပြုသူများကို နောင်တရ၍ လမ်းမှန်သို့ပြန်ရောက်ရန် ချစ်ခြင်းမေတ္တာဖြင့် ဆုံးမခြင်းပြုတတ်၏ (ဟေဗြဲ၁၂း၆-၁၁၊ သုတ္တံ၃း၁၂ကို လည်းကြည့်ပါ။)

ဤကဲ့သို့သော ချစ်ခြင်းမေတ္တာကြောင့် ဘုရားသခင်သည် သူ၏သားသမီးများကို ဆုံးမ၏။ စည်းကမ်းရှိရန် သွန်သင်၏။ ဤသို့ပြုရာတွင် မိမိ၏ ထူးကဲလှသော တန်ခိုးတော်အနန္တ၊ ဉာဏ်တော် အနန္တနှင့် မိမိဖြစ်စေလိုသောပုံစံအတိုင်း ပြုပြင်ခြင်းကိုပြုလုပ်၏။ ထို့ကြောင့် လမ်းမှားသို့ရောက်နေသော အာဒံနှင့်ဧဝတို့ကို လမ်းမှန်သို့ရောက်ရန် ချစ်ခြင်းမေတ္တာဖြင့် ဆုံးမခဲ့၏။ အာဒံနှင့်ဧဝတို့က ပညတ်ချက်ကို ချိုးဖောက်ခဲ့သောကြောင့် ဆုံးမသည့်အနေနှင့် ပေးခဲ့သောအပြစ်ဒဏ်မှာ မိမိနှင့်မိတ် သဟာရပြုခြင်းကို ပြတ်စဲစေခြင်း၊ ပင်ပန်းဆင်းရဲစွာ နေထိုင်စေရန် ဒုက္ခဝေဒနာကိုခံစားစေခြင်း၊ ထာဝရအသက်ရပိုင်ခွင့်ကို ရုတ်သိမ်း၍ မြေမှုန့်မှဖြစ်၍ မြေမှုန့်သို့ပြန်ရမည်ဟု ဆုံးမခဲ့ခြင်းဖြစ်ပေသည် (ကမ္ဘာ ၃း၁၆-၂၄)။ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်သည့်အတိုင်း မိမိချစ်တော်မူသော လောကီသားများကို ဘယ်သောအခါမှမစွန့်ပစ် အပြစ်ကြောင့် မိမိထံသို့ ပြန်

PDF Compressor Free Version

မလာရဲသော မိမိနှင့်ကွေကွင်းနေသော လူသားများအား အပြစ်ကိုစွန့်လွှတ်၍ နောင်တရခြင်းဖြင့် ပြန်လာကြရန်အစဉ်ပင်ဖိတ်ခေါ်လျက်ရှိပေသည်။

သို့သော် လူသားများသည် အပြစ်ကိုမစွန့်လွှတ် ဘုရားသခင်မကြိုက်နှစ်သက်သော အကျင့်များကို ကျင့်ပြီး ပညတ်ချက်များကို ချိုးဖောက်ခြင်းအား ထပ်ခါတလဲလဲပြုခဲ့ကြ၏။ ထို့ကြောင့် တစ်နေ့ထက်တစ်နေ့ အပြစ်ကြွေးများတိုးပွားလာပြီး မိမိကိုယ်တိုင် မပေးဆပ်နိုင်သည့် အခြေအနေသို့ရောက်ခါ နောက်ဆုံး တွင် အပြစ်ကျေးကျွန်ဘဝတို့ ရောက်ရှိခဲ့၏။

## ၄။ ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်ကယ်တင်ခြင်း

လောကီသားတို့ကို ချစ်တော်မူသော ဘုရားသခင်သည် လူသားတို့ ပျက်စီးစေခြင်းသို့ ရောက်သည်ကို မမြင်လို မိမိတို့၏ အပြစ်ဝန်ထုတ်ကြောင့် အပြစ်ကျေးကျွန်ဘဝမှ ရုန်းမထွက်နိုင်သော လူသားများကို ရွေးနုတ်ကယ်တင်လို၏။ ထို့ကြောင့် လူသားများအား အပြစ်ကျေးကျွန်ဘဝမှကယ်တင်၍ မိမိထံသို့ပြန် လာနိုင်ရန် အကြံအစည်တော်သစ်ကိုချမှတ်ခဲ့ပြီး ဓမ္မဟောင်းကျမ်းကာလတစ်လျှောက် အဆင့်ဆင့် အကောင်အထည်ဖော်ခဲ့၏။ သမ္မာကျမ်းစာတွင် ဖော်ပြချက်အရ ဘုရားသခင်၏ ကယ်တင်ခြင်းဆိုသော စကားသည် ကျယ်ပြန့်သောအဓိပ္ပါယ်ကိုဆောင်၏။ အနာရောဂါ၊ ဝေဒနာခံရခြင်းများ၊ သေခြင်းနှင့်အမှားပြုလုပ်ခြင်း၏ အကျိုးသက်ရောက်မှုများမှ ရွေးနုတ်ခြင်း၊ လွှတ်ကင်းစေခြင်း၊ ထိန်း သိမ်းစောင့်ရှောက်ခြင်းတို့ကို ရည်ညွှန်း၏။

ကယ်တင်ခြင်းဆိုသော စကားလုံး၏ အဓိပ္ပါယ်သည် ဓမ္မသစ်ကျမ်းတွင် ပို၍ကျယ်ပြန့်စွာ ပေါ်လွင်၏။ သို့သော် အဓိကကျသော အဓိပ္ပါယ်မှာ အပြစ်နှင့်အပြစ်ကြောင့်ဖြစ်ပေါ်လာသည့် အကျိုးသက် ရောက်မှုများမှ ရွေးနုတ်ကယ်တင်ခြင်းကို ညွှန်ပြ၏။ ဤကယ်တင်ခြင်းကို ဘုရားသခင်ထံမှ သခင်ယေ ရှုခရစ်အားဖြင့် ရရှိ၏။

ထို့ကြောင့် ဘုရားသခင်က ကြီးမားလှသောမေတ္တာဖြင့် လူသားတို့အား အပြစ်သားဘဝ ကယ်တင်ခြင်းအမှုပြုသည့် အကြံအစည်တော်၏ အကျဉ်းချုပ်မှာ အောက်ပါအတိုင်းဖြစ်၏။ မိမိအားနာခံမှုရှိ၍ ယုံကြည်ခြင်းအရာ၌ ခိုင်မြဲသောသူတစ်ဦးကို ရွေးချယ်၍ ထိုသူအားဖြင့် ရွေးနုတ်ကယ်တင်ခြင်းအမှုကို ပြုရာတွင် ရွေးကောက်ထားသည့် လူမျိုးတော်ကိုပေါ်ထွက်စေပြီး၊ ထိုလူမျိုးတော်ထဲမှ လူသားအားလုံးကို အပြစ်ကျေးကျွန်ဘဝမှ ရွေးနုတ်ကယ်တင်မည့် ကယ်တင်ရှင်မေရှိယကို အကြံအစည်တော်ပြည့်စုံသည့် ကာလသို့မရောက်မီကာလအတွင်း ဘုရားသခင်သည် ပရောဖက်များအားဖြင့် အပြစ်ကြောင့် မိမိနှင့်ကွေကွင်းသွားသော အပြစ်သားများကို ချွင်းချက်မရှိခွင့်လွှတ်၍ မိမိထံသို့ ပြန်လာရန် အကြိမ်ကြိမ် ခေါ်တော်မူခဲ့၏ (ဟေရှာယ ၄၄း၂၂။ ယောလ ၂း၁၃)။ သို့သော်လူသားတို့က ခေါ်သံကိုမတုန့်ပြန် အပြစ်ကိုပြုမြဲပြုကာ အပြစ်၏ကျေးကျွန်ဘဝတွင် ဆက်၍နစ်မွန်းနေခဲ့၏။ ဤအဖြစ်ကို မမြင်ရက်သောကြောင့် လူသားတို့ကိုချစ်တော်မူသော ဘုရားသခင်သည် လူသားတို့အား အပြစ်၏ကျေးကျွန်ဘဝမှလွှတ်ရန် ကြီးမားသောအဖိုးအခကိုပေး၍ ရွေးနုတ်ကယ်တင်ခြင်းအမှုကိုပြုခဲ့၏။ ထို့ကြောင့် ပြည့်စုံသည့်အချိန်သို့ရောက်သောအခါ ဘုရားသခင်သည် မိမိ၌ရှိသော တစ်ပါးတည်းသောသားတော်ကို စေလွှတ်၍ လူ့ဇာတိကိုခံယူစေပြီး၊ လူသားတို့အား အပြစ်သားဘဝမှ ရွေးနုတ်ကယ်တင်စေခဲ့၏ (ယော ၁း၁၄။ ၃း၁၆၊၁၇။ ၁၂း၄၇။ ၁တိ ၁း၁၅)။

အပြစ်သားများ ကယ်တင်ခြင်းရရန် သခင်ယေရှုခရစ်သည် လက်ဝါးကားတိုင်ပေါ်တွင် အသေခံ တော်မူပြီး အပြစ်ဖြေလွှတ်ခြင်းကိုပြုခဲ့၏။ ဤကယ်တင်ခြင်းသည် ကြီးမြတ်လှ၏။ ထို့ကြောင့် ကယ်တင်ခြင်းအကြောင်းကို လူသားတို့နားလည်နိုင်ရန် သမ္မာကျမ်း

PDF Compressor Free Version



စာက နည်းအမျိုးမျိုးကို အသုံးပြု၍ ဖော်ပြခဲ့ ၏။ အဓိက အချက်မှာ သခင်ယေရှုခရစ်က လက်ဝါးကပ်တိုင်ပေါ်တွင် အသက်ကိုစွန့်တော်မူခဲ့ခြင်းကြောင့် ယုံကြည်သူအားလုံးအပြစ်ကျေးကျွန်ဘဝမှ ကယ်တင်ခြင်းရသည်ဆိုသောအချက်ဖြစ်၏။

ရှင်ယောဟန် ဩဝါဒစာပထမစောင်(၄း၈)တွင် တမန်တော်ရှင်ယောဟန်က ဖော်ပြခဲ့ရာ၌ ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ သောကြောင့် ချစ်ခြင်းမေတ္တာသည် ဘုရားသခင်၌အစပြုခဲ့၏။ ထာဝရဘုရားသခင်သည် သားတော်ကိုချစ်သည့်နည်းတူ ဒုစရိုက်ပြစ်နင့်ရှိနေစဉ်ပင် လောကီသား တို့ကို ချစ်တော်မူ၏။ ထို့ကြောင့် သားတော်ကို အပြစ်ဖြေရာယဇ်ကောင်အဖြစ် စေလွှတ်တော်မူခဲ့၏။ သားတော်ကိုယ်တိုင်ကလည်း ကျေနပ်စွာဖြင့် မိမိကိုယ်ကို အပြစ်ဖြေရာယဇ်ကောင်ဖြစ်စေခဲ့၏။ ဤဘုရားသခင်၏ ချစ်ခြင်းမေတ္တာသည် တန်ခိုးအစွမ်းသတ္တိနှင့်ပြည့်စုံ၍ မည်သည့်အရာနှင့်မှ တုနှိုင်း၍မရ နိုင်ကြောင်းပြောဆိုခဲ့၏။ ထို့ကြောင့် ရှင်ယောဟန်ကဆက်၍ပြောဆိုခဲ့ရာတွင် –

"ဘုရားသခင်သည် တစ်ပါးတည်းသော သားတော်ကို ဤလောကသို့ စေလွှတ်တော်မူသော အရာ၌၊ ငါတို့ကိုချစ်တော်မူသည်မှာ ထင်ရှားလျက်ရှိ၏။ ငါတို့သည် ဘုရားသခင်ကိုချစ်ကြသည်မဆို၊ ဘုရားသခင်သည် ငါတို့ကိုချစ်၍ ငါတို့၏ အပြစ်ပြေရာပြေကြောင်းဖြစ်စေခြင်းငှါ သားတော်ကိုစေလွှတ် တော်မူသည့်အရာ၌ ချစ်ခြင်းမေတ္တာရှိ၏။" (၁ယော ၄း၉၊၁၀)

ဟု ဆက်၍ ပြောဆိုခဲ့၏။ ဘုရားသခင်၏ မေတ္တာတော်သည် ကြီးမားလှ၏။ သားတော်ကိုစေလွှတ်၍ လောကီသားများတို့ အပြစ်ကျေးကျွန်ဘဝမှ ရွေးနှုတ်ကယ်တင်စေခဲ့သည်သာမက၊ လူသားများအနေနှင့် မထိုက်တန်သော်လည်း ကျေးဇူးတော်အားဖြင့် လူအသီးသီးတို့ကို ဆုကျေးဇူးအမျိုးမျိုးကိုပေးခဲ့၏။ ထို့ကြောင့် တိတုဩဝါဒစာတွင် ရှင်ပေါလုက၊

"ငါတို့ကို ကယ်တင်သောဘုရားသခင်၏ စေတနာတော်နှင့် လူတို့ကိုချစ်တော်မူသော မေတ္တာ တော်သည် ပေါ်ထွန်းသောအခါ၊ ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်ကြောင့်မဟုတ်၊ မိမိ၏သနား ကရုဏာ (ကျေးဇူးတော်)နှင့်အညီ ဒုတိယမွေးဖွားခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ ပြုပြင်ခြင်းအားဖြင့်လည်းကောင်း၊ ငါတို့ကိုကယ်တင်တော်မူ၏။ ငါတို့သည် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် ဖြောင့်မတ်ရာသို့ရောက်၍ ထာဝရအသက်ကို မျှော်လင့်သည်နှင့် အညီ၊ အမွေခံဖြစ်ကြမည့်အကြောင်း တည်း" (တိတု၃း၄–၇) ဟုဖော်ပြထား၏။

ဘုရားသခင်၏ ချစ်ခြင်းမေတ္တာတော်သည် ကိုယ်ကျိုးမဖက်သောမေတ္တာတော်ဖြစ်၏။ ဤမေတ္တာတော်၏သဘောကို နားလည်သဘောပေါက်ရန် တမန်တော်ရှင်ပေါလုက အောက်ပါအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုခဲ့၏။

"မေတ္တာသည် စိတ်ရှည်တတ်၏။ ကျေးဇူးပြုတတ်၏။ မေတ္တာသည် ဂုဏ်ပြိုင်ခြင်းမရှိ၊ ဝါကြွားခြင်းမရှိ၊ မာန်မာနမရှိ၊ မလျောက်ပတ်စွာ မကျင့်တတ်၊ ကိုယ့်အကျိုးကိုမရှာတတ်၊ ဒေါသအမျက် မထွက်တတ်၊ အပြစ်ရှိသည်ဟုမထင်တတ်၊ မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊ သမ္မာတရား၌ ဝမ်းမြောက်တတ်၏။ ခပ်သိမ်းသောအရာကိုဖုံးအုပ်တတ်၏။ ခပ်သိမ်းသောအရာကိုယုံတတ်၏။ ခပ်သိမ်းသောအရာကို မျှော်လင့်တတ်၏။ ခပ်သိမ်းသောအရာကို သည်းခံတတ်၏။ မေတ္တာသည် ဖောက်ပြန်ခြင်းသဘောနှင့် ကင်းလွှတ်၏။" (၁ကော၁၃း၄–၈)

ဘုရားသခင်ကို ယုံကြည်ကိုးစားသူတိုင်း ဤ ချစ်ခြင်းမေတ္တာကို ထိုက်တန်စွာတုံ့ပြန်နိုင်ကြရမည် ဖြစ်၏။ သခင်ယေရှုက "ငါ့ကိုကြည့်မြင်သောသူသည် ငါ့ကိုစေလွှတ် သူ့ခမည်းတော်ကို ကြည့်မြင်၏။" (ယော ၁၃း၄၅)ဟုမိန့်ဆို၏။ ထို့ကြောင့် ခရစ်တော်ယေရှုသည်

PDF Compressor Free Version

ဘုရားသခင်၏ချစ်ခြင်းမေတ္တာကို ပြသသည့် မျက်မြင်ပြရုပ်ဖြစ်၏။ ခရစ်တော်ယေရှုက လောကီသားတို့အပေါ်၌ ထားရှိသော ချစ်ခြင်းမေတ္တာတော်ကို လက်ဝါးကပ်တိုင်ပေါ်၌ ဝေဒနာပြင်းပြစွာခံယူ၍ အသက်စွန့်တော်မူပြီး ကယ်တင်ခြင်းပြုခဲ့သည့် အမှုအားဖြင့် ပြတော်မူခဲ့၏။

လူတွင်အသက်သည် တန်ဖိုးအရှိဆုံးဖြစ်၏။ ထို့ကြောင့် သခင်ယေရှုခရစ်က "ကိုယ့်အဆွေ အဖို့အလို့ငှါ ကိုယ့်အသက်ကိုစွန့်သည်ထက် သာ၍ကြီးမြတ်သော မေတ္တာမရှိ" (ယော၁၅း၁၃) ဟုမိန့် ဆိုခဲ့၏။

ဘုရားသခင်၏ထင်ရှားသော ဝိသေသလက္ခဏာနောက်တစ်ခုမှာ ကရုဏာပွား၍ သနားကြင်နာခြင်းဖြစ်၏။ ဘုရားသခင်ကို ယုံကြည်သောသူတိုင်း ချစ်ခြင်းမေတ္တာကို ပွားများနိုင်ရမည်ဖြစ်၏။ ကရု ဏာတရားနှင့်ပြည့်ဝ၍ သနားကြင်နာခြင်းရှိရမည်ဖြစ်၏။ တခြားသူများအပေါ် ထောက်ထားညှာတာ ရမည်ဖြစ်၏။ ထို့ကြောင့် ရှင်ပေါလုက "ငါတို့ကိုကယ်တင်သော ဘုရားသခင် ၏ စေတနာတော်နှင့် လူ တို့ကိုချစ်တော်မူသော မေတ္တာတော်သည် ပေါ်ထွန်းသောအခါ မိမိ၏ ကရုဏာတော်နှင့်အညီ ငါတို့ကို ကယ်တင်တော်မူ၏" (တိတု ၃း၄ - ၅)ဟု ပြောဆိုခဲ့ခြင်းဖြစ်၏။

PDF Compressor Free Version



# ဘုရားမဲ့လူ



လင်းထက်

တစ်နေ့မှာ...ဘုရားမယုံကြည်သူတစ်ဦးက တောအုပ်ထဲလမ်းလျှောက်လာခဲ့ပါတယ်။ လှပခန့်ထည်တဲ့ သစ်ပင်ကြီးများကို မော့ကြည့်ရင်း သဘာဝတရားရဲ့အံ့ဖွယ်တွေကို စဉ်းစားမိလာတယ်။ လေနအေးတို့တိုက်ခတ်စဉ် သစ်ရွက်မြည်သံကိုသူကြားနေရပါတယ်။

အလှတရားကို မွေးဖွားပေးတဲ့ သဘာဝမိခင်ကြီးကို သူက ချီးမွမ်းထောမနာပြုရင်း၊ လောကဓါတ်ဖြစ်တည်မှုအစကို သူတွေးဆကာ သူလမ်းလျှောက်နေခဲ့ပါတယ်။

သူက ဘုရားသခင်ဖန်ဆင်းရှင်တည်ရှိကြောင်း မယုံကြည်တဲ့ ဘုရားမဲ့လူ။ သည်တော့ စကြာ ဝဠာကြီး မတော်တဆ ပေါက်ကွဲလွင့်စဉ်ခဲ့ပြီးနောက်၊ ဆင့်ကဲပြောင်း လဲဖြစ်စဉ်များ၊ နှစ်ပေါင်းကုဋေ ကြာသောအခါ... ယခုလိုလှပတဲ့ "တောအုပ်၊တောင်တန်း၊မြစ်ချောင်း" စတာတွေ ဖြစ်ပေါ်ခဲ့ပေလိမ့် မယ်လို့ အတွေးဝင်နေလေတယ်။

အံ့ဖွယ်ဖြစ်တည်လာတဲ့ သစ်ပင်ကြီးများပဲလေ...၊ ထူးဆန်းလှပတဲ့ တောတိရစ္ဆာန်လေးတွေ ပဲလေ...။ သူ့စိတ်ထဲမှာ ကြည်နူးသာယာနေတော့တယ်။

ဘုရားမဲ့ထိုလူက တသွင်သွင်ရေစီးနေတဲ့ မြစ်ကမ်းပါးအတိုင်း လမ်းလျှောက်နေစဉ်... ဖျောင်းကနဲ သစ်ကိုင်းကျိုးသံလိုလို ကြားလိုက်ရတယ်။ ဒါနဲ့ချိုးချိုးချောက် ချောက် အသံမြည်ရာ သူ့ နောက်ကျောဘက်ကို လှည့်ကြည့်မိလိုက်ပါတယ်။" အမလေး...ဝက်ဝံကြီးတကောင် ချုံတောထဲက ထွက်ပေါ်လာတာသူလှမ်းမြင်လိုက်တယ်။ အရပ်အမောင်းက ၇ ပေလောက်ရှိလိမ့်မယ်။ နီညိုရောင် အမွေးဖွားတွေနဲ့ ကြောက်စရာ ဇရာမ ဝက်ဝံကြီးပါလား။

ကုန်းမြင့်လမ်းဘက်သို့ သူထွက်ပြေးပါတယ်။ ဝက်ဝံကြီးကလည်း ဘာရမလဲ သူပြေးတဲ့ဘက်ကို လိုက်လာ တယ်။ သေတော့မှာပဲ။ လွတ်အောင်ပြေးမှ။

သူကပြေးရင်းနဲ့ ပခုံးပေါ်ကနေ နောက်သို့ လှမ်းကြည့်လိုက်တယ်။ ဟောဗျာ...ဝက်ဝံညိုကြီး က သူ့နောက်ကို ပြေးလိုက်လာပြီပဲ။ သူလည်း ဖနောင့်နှင့်တင်ပါး တသားတည်းဖြစ်အောင် အတင်း ပြေးရတယ်။

သူက ကြောက်လန့်စွာပြေးရင်း၊ နောက်သို့ လှည့်-ကြည့် လိုက်ရာ၊ အလိုလေး...၊ ဇရာမ ဝက်ဝံ ညိုကြီးက သူနဲ့ပိုပြီး နီးကပ်လာတာတွေ့လိုက်ရတော့တယ်။

သူ့နှလုံးက "တဒိန်းဒိန်း" ခုန်ကာ မောဟိုက်လာတယ်။ သို့သော် အသက်ဘေးမှီ သူက တအားကုန်ပြေး နေရတယ်လေ။

PDF Compressor Free Version

သူဟာပြေးရင်း ကျောက်တုံးတစ်ခုကို ခလုတ်တိုက်မိကာ၊ ရှေ့သို့မှောက်ရက်လဲကျသွားတယ်။ မျက်နှာက ဖုန်တွေကိုပင် မခါနိုင်အားပဲ၊ သူကလဲကျရာနေရာမှ လူးလဲထကာ၊ ထွက်ပြေးဖို့ကြံရွယ်ခိုက်။

နီညိုရောင်ဝက်ဝံကောင်ကြီးက သူ့ခန္ဓာကိုယ်အပေါ်မှာ မိုးလျှက်သားတွေ့လိုက်ရတယ်။ ဝက်ဝံရဲ့ ဘယ်လက်ကသူ့ကို လှမ်းဆွဲယူဟန်ပြင်နေတယ်။ ဝက်ဝံရဲ့ ညာလက်က သူ့ကို အားနဲ့ထုရိုက်တော့မယ်ဟန်၊.. လေထဲကို မြှောက်လိုက်တယ်။

ထိုစဉ် သွေးလန့်ခြောက်ခြားသွားတဲ့ ဘုရားမဲ့ထို လူက "အမလေး...ဘုရားသခင် ကယ် တော်မူပါ" လို့ ကုန်းကြုံးအော်ဟစ်လိုက်တော့တယ်။ သည်တွင်ပဲ

- လောကခါတ်တခွင်လုံး မည်းမှောင်သွားတယ်။

-အချိန်တို့ ရပ်ဆိုင်းသွားတယ်။ အရာရာဟာ ရုပ်သေဓါတ်ပုံလို ရပ်ဆိုင်းသွားတယ်။

- လက်မြှောက်ထားသော ဝက်ဝံကြီးကလည်းသည်အတိုင်း မလှုပ်မယှက်။

- တောအုပ်ထဲက လေတိုးသံတို့လည်း ဆိတ်ငြိမ်လို့။

- တသွင်သွင်စီးဆင်းနေသော မြစ်ရေတို့ပင်..ရပ်တန့်သွားကြလေတယ်။

ထိုစဉ် ဘုရားမဲ့လူရဲ့အပေါ်မှာ အလင်းတန်းကြီးတစ်ခု ထူးဆန်းစွာ ကျရောက်လာပါတယ်။ ဇတ်ခုံပေါ်မှာ မီးဆလိုက်ကြီး စူးစူးရဲရဲ ထိုးပြလိုက်သလို၊ သူ့မျက်လုံးတွေပြာဝေသွားတော့တယ်။ ဘာကိုမှမမြင်ရတော့။ ဤတွင် ကောင်းကင်ထက်မှ မိုးခြိမ်းသကဲ့သို့ အသံကြီးထွက်ပေါ်လာပါတယ်။

"အသင်သည် တသက်တာလုံး ဘုရားမရှိ" ဟု ကြွေးကြော်ခဲ့သူပါတကား။ ဖန်ဆင်းရှင်တည်ရှိကြောင်း လက်မခံ။ အခြားသူများကိုလည်း ငါ့အား ငြင်းဆိုရန် အကြောက်အကန်ဝေဖန်။ ဘုရားမရှိ အယူသင်ကြားပေးခဲ့သူ။ ဘုရားမဲ့သူ (အေသီအစ်) တစ်ဦးဖြစ်သကိုး။

ဖန်ဆင်းခံအရာ လူ၊ တိရစ္ဆာန်၊ သစ်တော၊ မြစ်၊ ပင်လယ် တို့ကို ထောက်ချင့်လျှက် "ဖန်ဆင်းရှင်" တည်ရှိကြောင်း သင်သည် အသိအမှတ်မပြုခဲ့။ လောကဓါတ်စကြာဝဠာဖြစ်တည်မှုအစ.. မတော်တဆပေါက်ကွဲလွင့်စင်ခြင်းတစ်ခုက ဖြစ်သယောင်ယောင် အမောင်ပြောဆိုတတ်ခဲ့၏။

ယခု သင်၏ သေဘေးအကြပ်အတည်းထဲမှ ငါ့ထံ ဟစ်အော်ကူညီတောင်းသည်မှာ အမှန်တကယ် ဘုရားသခင်တည်ရှိကြောင်း လက်ခံခြင်းလော။ သင့်ကို ခရစ်ယာန်ယုံကြည်သူဟု ငါသည် မှတ်ယူရတော့မည်လော။

ထိုအခါ ဘုရားမဲ့လူသည် မိုးကောင်းကင်မှ အလင်းတန်းကြီးအား မရဲတရဲမော့ကြည့်လျှက်.."ကယ်တော်မူပါ လို့ ရုတ်တရက် လန့်အော်မိလိုက်တာ မှန်ပါတယ်။



သို့သော် ကျွန်တော့်အား ယုံကြည် သူဖြစ်လာစေဖို့ရန်၊ တကယ့် မျက်ဝါးထင်ထင် သက်သေတခု တွေ့မြင်ချင်ပါတယ်။ ဒါနဲ့ .. ကိုယ် တော်သည် ဤဝက်ဝံကြီးအား "ခရစ်ယာန် ယုံကြည်သူ" အဖြစ် ဖန်ဆင်းပြနိုင်ပါသလား။"

အသံတော်က "ကောင်းပြီ" လို့ မိန့်ဆိုလိုက်ပါတယ်။ ဘုရားမဲ့လူက သူ့ကို သတ်ပုတ်စား သောက်တော့မယ့် ဝက်ဝံကြီးကို၊ ကြင်နာသနားတတ်သော ခရစ်ယာန် အသွင်ပြောင်းလဲပေးဖို့ မျက်ဝါးထင်ထင် သက်သေတစ်ခု တောင်းဆိုလိုက်ပါတယ်။

ကြောက်စရာ ဧရာမဝက်ဝံကြီးသာ ခရစ်ယာန်ယုံ

PDF Compressor Free Version

ကြည်သူဖြစ်သွားခဲ့ရင် သူ့ကိုအသက်ဘေးက ကင်းဝေးစေနိုင်လိမ့်မယ်လို့လဲ မျှော်လင့်ထားပုံရတယ်လေ။

ကောင်းကင်အလင်းတန်းကြီး ပျောက်ကွယ်သွားပါတယ်။ တဖန်မြစ်ထဲကရေတွေလည်း တသွင်သွင်စီးဆင်းနေကြပြန်တယ်။

တောအုပ်ထဲက သစ်ရွက်တွေလည်း တရှဲရှဲမြည်သံပြုလာတယ်။

လောကဓါတ်တစ်ခွင်လုံး မူလကလို ပြန်လည်အသက်ဝင်လာတော့တယ်။

ဝက်ဝံညိုကြီးကလည်း မြှောက်ထားတဲ့သူ့ညာ လက်ကို အသာအယာ ပြန်ချလိုက်ကာ၊ ဘယ် ဘက်လက်နဲ့ တွဲယှက်လိုက်ပါတယ်။ လက်အစုံကို သူ့ရဲ့အမွေးနီညိုရင်အုံထက်မှာထားလျှက်၊ ဝက်ဝံ ကြီးဟာ ဦးခေါင်းကိုအောက်သို့ငုံ့ကာ ယုံကြည်သူ ခရစ်ယာန်တို့ကဲ့သို့ ပဌာနာတော်ကြီးကို ဤကဲ့ သို့ရွတ်ဆိုလိုက်ပါတယ်။

"ကောင်းကင်ဘုံ၌ ရှိတော်မူသော အဘ။ ...အလိုတော်သည် ကောင်းကင်ဘုံ၌ကဲ့သို့ ဤမြေကြီးပေါ်မှာလည်း စုံလင်ပါစေသော။ ...အသက်မွေး လေ-ာက်သောအစာကို ယနေ့ပေးသနားတော်မူပါ။ ထိုလူအားစိုက်ကြည့်လျှက် ယခုစားသုံးခွင့်ရသော အစာအဟာရအတွက်၊ အလုံးစုံကျေး ဇူးတင်ပါ၏။ အာမင်။

-လင်းထက်

[ www.Inspire 21.com မှ

" The Atheist" –by Author Unknown ကို ဘာသာပြန်ဆိုသည် ■

PDF Compressor Free Version



# အချင်းမိန်းမ သင်သည် ငါနှင့်အဘယ်သို့ဆိုင်သနည်း၊ ငါ့အချိန်မရောက်သေး

သိုးကလေး

ဤစကားကား သခင်ယေရှု အမှုတော်ဆောင်ခြင်း၌ ပထမဦးဆုံးတန်ခိုးတော်နိမိတ်လက္ခဏာပြသည့် ကာနမြို့မင်္ဂလာဆောင်ပွဲ၌ ပြောခဲ့သောစကားဖြစ်သည်။

ကျွန်မတို့ပွဲတစ်ခုခု၊ သို့မဟုတ် ကျေးဇူးတော်ချီးမွမ်းခြင်းလုပ်နေချိန်တွင် ဧည့်ခံကျွေးမွေးနေစဉ်အခါ အစားအသောက်များ မလုံလောက်ပါက မည်ကဲ့သို့ဖြစ်ကြမည်နည်း။ ထိုအဖြစ်အပျက်မျိုး တစ်ကြိမ်တစ်ခါအားဖြင့်တော့ ကြုံဖူးကြမည်ဖြစ်သည်။ ဧည့်သည်များကို အားနာစိတ်နှင့်အတူ ကိုယ်တိုင် အရှက်ရကြမည်ကိုလည်း စိုးရိမ်မိကြမည်မဟုတ်လော။

ထိုကဲ့သို့ပင် ကာနမြို့လက်ထပ်ပွဲ၌ အကျွေးအမွေးပြတ်သွားသောအချိန်တွင် မည်ကဲ့သို့ဖြစ်နေကြမည်ကို ကျွန်မတို့ခန့်မှန်း၍ရနိုင်မည်ဖြစ်သည်။ အထူးသဖြင့် မင်္ဂလာပွဲ၌ပါဝင်ကူညီနေသော မယ်တော်မာရိအဖို့ အလွန်ပင် စိုးရိမ်ပူပန်နေမည်ဖြစ်သည်။ အကြောင်းမှာ စပျစ်ရည်ကုန်နေပြီ ဖြစ်ပါသည်။ ထိုပွဲ၌ အတူရှိနေသော သားတော်ယေရှုအား မယ်တော်က စပျစ်ရည်ကုန်ကြောင်း ကြားပြောသည်ကို တွေ့ရပါသည်။ သခင်ယေရှုကလည်း ချက်ခြင်းဆိုသလိုပင် အချင်းမိန်းမ၊

PDF Compressor Free Version

သင်သည်ငါနှင့် အဘယ်သို့ ဆိုင်သနည်း။ ငါ့အချိန် မရောက်သေး ဟုပြန်လည်ပြောကြားခဲ့သည်ကို တွေ့ရပါသည်။ (ယော ၂း၁-၄)

ဆက်လက်၍လေ့လာကြည့်ပါက ကာနမြို့လက်ထပ်ပွဲ၌ ကြုံတွေ့နေရသော ပြဿနာမှာ ပြေလည်သွားပြီး သခင်ယေရှု၏ တန်ခိုးတော်သည်လည်း ထင်ရှားခဲ့ကြောင်းတွေ့ရမည်ဖြစ်သည်။ ထိုကျမ်းချက်အရ ကျွန်မတို့ယုံကြည်နေသော ခရစ်တော်ယေရှုသည် နေ့စဉ်လူမှုဝန်းကျင်၌ ကြုံတွေ့နေရသော ပြဿနာ များကို ကြည့်ရှု ဖြေရှင်းပေးနေကြောင်း ဆင်ခြင်မိသည်။ ကျောင်းသူတစ်ယောက်ဖြစ်သော ကျွန်မအဖို့ တစ်ခါတစ်ရံ ငွေရေးကြေးရေး အခက်အခဲကြောင့်သော်လည်းကောင်း၊ စာပေဘာသာရပ်အား လေ့လာမှု၌ ခက်ခဲမှုများကြောင့်သော်လည်းကောင်း စိုးရိမ်မှုများဖြစ်လာသည့်အခါ ထိုကျမ်းချက်လေးအားဖြင့် ခွန် အားယူမိပါသည်။ သခင်ယေရှုက နင်ဟာငါနဲ့ဘယ်လိုသက်ဆိုင်သလဲ ငါ့အချိန်ငါသိတယ် ငါ့အလုပ်ငါ သိတယ်ဟု ပြောနေသလိုဖြစ်နေပါသည်။ သခင်ယေရှုအပေါ် ကျွန်မ၏ ယုံကြည်မှုကို မည်ကဲ့သို့ တည်ဆောက်ခဲ့သနည်း၊ ပြန်လည်၍စဉ်းစားသုံးသပ်မိသည်။

"ယေရှုခရစ်တော် ကျွန်ုပ်ကိုချစ်တယ်၊ ထို့အတူပဲ သင့်ကိုချစ်ပါတယ်..." တနင်္ဂနွေနေ့ ဓမ္မပညာသင်ကြားချိန်၌ ဆိုခဲ့ဖူးသော သီချင်းလေးတစ်ပုဒ်က ကျွန်မကို ယုံကြည်သူတစ်ယောက် ဖြစ်လာ စေဖို့ အထောက်-အကူ ဖြစ်စေခဲ့ပါသည်။ စာဖတ်နေသူ တစ်ယောက်စီတိုင်းရဲ့ အသက်တာထဲတွင်လည်း သခင်ယေရှုဆိုသည့် ပုဂ္ဂိုလ်နှင့် မည်ကဲ့သို့ ရင်းနှီးမှုရယူခဲ့သည်ကို ပြန်လည်၍ စဉ်းစားစေချင်ပါသည်။ တစ်ဦးတစ်ယောက်စီတိုင်းတွင် ကျွန်မထက်ပိုသော ယေရှုနှင့် ရင်းနှီးမှုရှိကြမည်ဟု လည်း ယုံကြည်မိ ပါ သည်။

လွန်ခဲ့သော ၁၄ နှစ်က ကလေးမလေးတစ်ယောက်၊ သူမ၏ အဖေ သတိမေ့မျောနေစဉ်၊ အဖေကို ခေါ်သော်ငြားလည်း ပြန်၍ မထူးသောကြောင့် ငိုယိုနေခဲ့သည်။ ဆွေမျိုးများမှာလည်း ရင်းနှီးနေသော ဆရာတစ်ဦးအား ဆေးထိုးပေးရန် အကူအညီတောင်းခဲ့ပါသည်။ ထိုအချိန်၌ ဆေးအကြောင်း နားမလည်သော်လည်း အဖေထိုးနေကျဆေးသည် သကြားဓာတ်ပြန်လည်ဖြည့်တင်းပေးကြောင်း ဆရာပြောထားသည်ကို မှတ်မိနေခဲ့ပါသည်။ ဆရာရောက်မလာသေးချိန် နောက်ဖေး မီးဖိုချောင်သို့ဝင်ကာ သကြားဘူးဖွင့်၍ ဖန်ခွက်ထဲထည့်ကာ ဖျော်ပြီး သူမအဖေ၏ နှုတ်ခမ်းဝသို့ ထည့်ပေးကာ "ယေရှုဘုရား ကူညီတော်မူပါ၊ သမီးအဖေပြန်နိုးအောင်လုပ်ပေးပါ" ဟူ၍ ထပ်ခါတစ်လဲလဲ ရေရွတ်နေခဲ့သည်။ သကြားရည် ဖန်ခွက်တစ်ဝက်မျှ မကုန်သေးချိန် သူမ၏အဖေမှာ သတိပြန်လည်လာခဲ့သည်။ "အိုယေရှု ဘုရားကျေးဇူးတင်လိုက်တာ" ဟူ၍ ထပ်ကာတလဲလဲ ရေရွတ်မိခဲ့သည်။

ယေရှု၏ကောင်းမြတ်ခြင်းများကို ကျွန်မသည် ဂီတဝါသနာရှင်ပီပီ သီချင်းများမှသိရှိလာခဲ့သည်။ ကျွန်မဆိုခဲ့သလိုပင် ယေရှုဘုရားသူတို့ကို ချစ်သလို ငါ့ကိုလည်းချစ်ပါလား၊ ငါ့ဆုတောင်းသံကို နားထောင်ပါလား ဆိုပြီး တစ်ပတ်ထက်တစ်ပတ် ဘုရားကျောင်း၌ ပို၍ပျော်လာခဲ့ပါသည်။ တစ်နေ့၌ "သမီး ခရစ်ယာန်ဖြစ်ချင်တယ်၊ အပါးကြိုက်လား" ဟူ၍အဖေ့ကို စတင်မေးမိသည်။ အဖေကလည်း "သမီးရဲ့သဘောပဲလေ" ဟု ဆိုသည်နှင့် ၂၀၀၆ ခုနှစ် ရှင်ပေတရုပွဲနေ့၌ ဗတ္တိဇံမင်္ဂလာ ကို ကျွန်မအစ်ကို ဖြစ်သူနှင့်အတူ တစ်ပြိုင်တည်း ခံခဲ့ကြသည်။ ဒီနေ့ဒီအချိန်ထိ ခရစ်ယာန်တစ်ယောက်အဖြစ် ရှိနေရခြင်းက ကျွန်မအတွက် ဂုဏ်ယူစရာတစ်ခုပင်ဖြစ်သည်။ အသက်ရှင်သော ယေရှုဘုရား၊ အခက်အခဲကြုံလာပါက ဖြေရှင်းပေးနိုင်သော ယေရှုဘုရားကို ပိုင်ဆိုင်ရရှိထားခြင်းက ကျွန်မအတွက် တကယ်ကိုပင် ထူးမြတ်သော ကောင်းချီးမင်္ဂလာတစ်ပါးပင်ဖြစ်လေသည်။ လောက၌ ခက်ခဲကြမ်းတမ်းမှု

PDF Compressor Free Version

များ၊ ပြဿနာများ၊ လူအများ၏ ပျယ်ရယ်ပြုမှုများ၊ ဝမ်းနည်းရခြင်းများကို ကြုံလာရချိန် ကိုယ်တော်ရှင်ထံမှ "အချင်းမိန်းမ၊ သင်သည်ငါနှင့် အဘယ်သို့ သက်ဆိုင်သနည်း၊ ငါ့အချိန်မရောက်သေး" ဟူသောစကားအားဖြင့် ကျွန်မကို စကားပြောနေ သည်။ ထိုစကားကို ပြန်လည်ကြားယောင်ကာ "ငါ့မှာ ယေရှုရှိတယ် ငါမတတ်နိုင်တာကို ယေရှု တတ်နိုင် တယ်" ဟု ယုံကြည်ကာ နေ့ရက်စဉ်တိုင်း ကျေးဇူးတော်ချီးမွမ်းနိုင်ပါသည်။

ထို့ကြောင့် သခင်ယေရှုသည် သူ၏တန်ခိုးတော်အား ကာနမြို့လက်ထပ်ပွဲ၌ ပထမဦးစွာပြသခဲ့သလို ကျွန်မ၏ အသက်တာထဲတွင် တန်ခိုးတော်ပြသခဲ့သည်။ ယခုအချိန်ထိပင် ကိုယ်တော်ရှင်၏ ကျွန်မအပေါ် ကောင်းမြတ်ခြင်းများကို သက်သေခံရလျှင် ကုန်နိုင်မည်မထင်ပေ။ ကျွန်မတို့တစ်ယောက်စီတိုင်းသည် မိမိ၏ ယုံကြည်မှုအား ပြန်လည်ဆင်ခြင်ကာ သခင်ယေရှု၏ ကောင်းမြတ်ခြင်းများကို သက်သေခံဝေမျှနိုင်သောသူဖြစ်ရန် တောင်းဆုပြုလျှက်။ ■



PDF Compressor Free Version





# ရှေ့သို့လှမ်းချီ “HCTC”

**ဘုန်းတော်ကြီးအိုက်ဇနောကာ**

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (Holy Cross Theological College-HCTC)သည် ၁၈၈၃ ခုနှစ်တွင် ရှင်မိက္ခေလအသင်းတော်(ကြည့်မြင်တိုင်)၊ ရန်ကုန်တွင် ဓမ္မဆရာ/မသင်တန်းကျောင်းအဖြစ်မှ စတင်မွေးဖွားလာခဲ့သောကျောင်းဖြစ်ပါသည်။ သို့သော်လည်း ၁၉၁၆ ခုနှစ်မှ ၁၉၃၄ ခုနှစ်အထိ အခြေအနေနှင့်အကြောင်းတရားအမျိုးမျိုးကြောင့် နေရာဒေသအမျိုးမျိုးသို့ ပြောင်းရွှေ့ခဲ့ရသည်။ ၁၉၃၄ ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင်မှ ထိုအချိန်က အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာ သာသနာပိုင်ချုပ်နယ်၏သာသနာပိုင်ချုပ်ကြီးဖြစ်သော သာသနာပိုင်ဒေါက်တာ Foss Westscott မှ ယခုလက်ရှိ တည်နေရာဖြစ်သည့် အမှတ် ၁၀၄၊ အင်းယားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် အုတ်မြစ် ချပေးခဲ့ရာမှ ယနေ့အချိန်ထိ နေရာအတည်တကျဖြစ်လာခဲ့ပေသည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် ၁၉၈၉ ခုနှစ်တွင် ဓမ္မဝိဇ္ဇာဘွဲ့(B.Th)ကို စတင်နိုင်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင်မှ ပထမဦးဆုံးအကြိမ် ဓမ္မဝိဇ္ဇာဘွဲ့ကို အပ်နှင်းနိုင်ခဲ့ပါသည်။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ အပ်နှင်းသောဓမ္မဝိဇ္ဇာဘွဲ့သည်လည်း မြန်မာနိုင်ငံသီဩလော်ဂျီပညာရေးအသင်း(ATEM)နှင့် အရှေ့တောင်အာရှသီဩလော်ဂျီအသင်း(ATESEA)တို့၏အသိမှတ်ပြုခြင်းခံရသည်။ ယခုလက်ရှိပစ္စုပ္ပန်ကာလတွင်မှ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် ဓမ္မဝိဇ္ဇာဘွဲ့(B.Th)၊ အမှုတော်ဆောင်ခြင်းဆိုင်ရာမဟာဓမ္မဝိဇ္ဇာဘွဲ့(M.min)နှင့် အမှုတော်ဆောင်များစဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားရေး(အမှုတော်ဆောင်အား သစ်လောင်း) သင်တန်းတို့ကို ဖွင့်လှစ်ပေးထားလျက်ရှိပါသည်။ သင်ကြားမှုပိုင်း၌လည်း ဓမ္မပညာဆည်းဖူးလေ့လာခြင်း(Academic studies)နှင့် ဝတ်ပြုကိုးကွယ်ခြင်း/ဝိညာဉ်ရေး(Worship/Spirituality)နှစ်ခုကို ဟန်ချက်ညီမျှစွာ အလေးထားသင်ကြားမှုပြုလျက်ရှိသည်။

ထို့ပြင် ကျောင်းသူ/သားများသာမက ဆရာ/မများနှင့် ရုံးဝန်ထမ်းများသည်လည်း ကျောင်းတော်ကြီး၏ဆောင်ပုဒ်ဖြစ်သည့် “နာခံခြင်း၊ ငြိမ်းချမ်းခြင်း၊ စင်ကြယ်ခြင်း”တည်းဟူသော ရှေးခရစ်ယာန်တို့၏ကျင့်ဝတ်များ ကိုအခြေခံလျက် မိမိတို့၏အသက်တာကို ဘုရားသခင်၏အမှုတော်မြတ်အတွက် ကြိုးစားအားထုတ်ပြင်ဆင်လျက်ရှိနေပေသည်။ အမှန်စင်စစ် အထက်ဖော်ပြပါအချက်တို့သည် ကျောင်းတော်ကြီး၏ထူးခြားသောအမှတ်သညာများလည်းဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလည်သည် နာခံခြင်း၊ ငြိမ်းချမ်းခြင်း၊ စင်ကြယ်ခြင်းတည်းဟူသောဆောင်ပုဒ်နှင့်အညီ ဓမ္မပညာဆည်းဖူးလေ့လာခြင်းနှင့် ဝိညာဉ်ရေးနှစ်ခုကို ဟန်ချက်ညီမျှစွာဖြင့်

PDF Compressor Free Version

အလေးထားသင်ကြားပေးနေသော၊ အမှုတော်ဆောင်များ (သို့) သာသနာ့ခေါင်းဆောင် များကို အစဉ်တစိုက် ပြုစုပျိုးထောင်ပေးနေသော မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၏ တစ်ခုတည်းသော သာသနာပိုင် ချုပ်နယ်အဆင့် ဓမ္မပညာသင်ကျောင်းပင်ဖြစ်ပေတော့သည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အတွက် သာသနာ့ခေါင်းဆောင်များ၊ အမှုတော်ဆောင်များ၊ ယုံကြည်သူအသင်းသူ၊အသင်းသားများကို အစဉ်တစိုက် ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည်မှာမူ ယနေ့မျက်မှောက်အချိန် ထိပင်ဖြစ်ပေသည်။ ယခု ၂၀၁၈ ခုနှစ်ဆိုပါက သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် သာသနာ့ခေါင်းဆောင်များ၊ အမှုတော်ဆောင်များကို ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည်မှာ ၈၃ ခုနှစ်တိုင် တိုင်ခဲ့ပြီဖြစ်ပေသည်။ သို့သော် HCTC ကျောင်းတော်ကြီးသည် ရပ်တန့်သွားမည်မဟုတ်ဘဲ ဆက်ကပ်မှုပြည့်ဝသော၊ အရည်အချင်းပြည့်ဝသော၊ ဝိညာဉ်ရေးရာပြည့်ဝသော၊ အစေခံခေါင်းဆောင်အရည်အသွေးရှိသောအမှုတော်ဆောင်များ၊ သာမန်တပည့်တော်ခေါင်းဆောင်များကို ပိုမိုပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ရန် ဘွဲ့လွန်သင်တန်းများ၊ အဆင့်မြင့်ဓမ္မပညာလေ့လာခြင်းသင်တန်းများ၊ သစ်လွင်သောအစီစဉ်တို့ဖြင့်သာ ရှေ့သို့ဆက်လက်၍ လှမ်းချီနေမည်ဖြစ်သည်။

လျင်မြန်စွာပြောင်းလဲတိုးတတ်နေသော ယနေ့ ၂၁-ရာစုခေတ်အချိန်တွင် ယုံကြည်သူအသင်းသူ၊ အသင်းသားများအတွက် ဝိညာဉ်ရေးရာဦးဆောင်သူများဖြစ်ကြသော ဘုန်းတော်ကြီး၊ အမှုတော်ဆောင်များသည် နေ့စဉ်ပင် ရှုပ်ထွေးဖွယ်ရာများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်တွေ့ကြုံနေရပေသည်။ ၎င်းရှုပ်ထွေးဖွယ်ရာများ၊ စိန်ခေါ်မှုများကို ကောင်းမွန်သင့်လျော်စွာဖြေရှင်းရင်ဆိုင်နိုင်ရန်အတွက် ဦးစွာဘုရားသခင်၏ဖွင့်ပြတော်မူခြင်းလိုအပ်သကဲ့သို့ အဆင့်မြင့် ဓမ္မပညာလေ့လာခြင်းအစီအစဉ်များ(သို့) မဟာဘွဲ့လွန်သင်တန်းများလည်း လိုအပ်နေသည်မှာ ဧကန်အမှန်ပင်ဖြစ်ပေသည်။ ထို့ကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် ရှေ့သို့လှမ်းချီနေသော ကျောင်းဖြစ်သည်နှင့်အညီ အထက်ဖော်ပြပါလိုအပ်ချက်များကို တုန့်ပြန်သည့်အနေဖြင့် မဟာဘွဲ့လွန်သင်တန်းများ၊ အဆင့်မြင့်ဓမ္မပညာလေ့လာခြင်းအစီစဉ်များကို လာမည့် ၂၀၂၀ ခုနှစ်တွင် တိုးချဲ့ဖွင့်လှစ်နိုင်ရန် စတင်အကောင်ထည်ဖော်ခြေလှမ်းနေပြီဖြစ်သည်။

ယခုလက်ရှိအချိန်တွင် ကျောင်းတော်ကြီးသည် လိုအပ်သောဘဏ္ဍာရေးနှင့်အတူ အခြားသောပြင်ဆင်မှုများကို စတင်လုပ်ဆောင်နေပြီးဖြစ်သည်။ ၂၀၁၈ ခုနှစ်အကုန် (သို့) ၂၀၁၉ ခုနှစ်အစတွင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ခြံဝင်းထဲ၌ "Anglican Training and Resource Center - ATRC" ဟူသော အမည်ဖြင့် လေးထပ်ဆောင်သစ်ကို စတင်တည်ဆောက်တော့မည်ဖြစ်သည်။ ATRC လေးထပ်ဆောင်သစ်ကို တစ်နှစ်ခွဲမှနှစ်နှစ်အတွင်း အပြီးတည်ဆောက်ရန် လျာထားလျက်ရှိပါသည်။ အမှန်စင်စစ် ဤကဲ့သို့လုပ် ဆောင်နေခြင်းမှာ ကျောင်းတော်ကြီးအနေဖြင့် ဘုရားသခင့်အမှုတော်မြတ်အတွက် ဆက်ကပ်မှုပြည့်ဝသော၊ အစေခံခေါင်းဆောင်အရည်အသွေးရှိသော၊ ဝိညာဉ်ရေးပြည့်ဝသော၊ Academic excellence ဖြစ်သော သာသနာ့ခေါင်းဆောင်များ၊ အမှုတော်ဆောင်များ၊ သာမန်ယုံကြည်သူတပည့်တော်များ ပိုမိုမွေးထုတ်ပေးနိုင်ရေး ရည်ရွယ်ချက်နှင့်အတူ ခေတ်ရေစီကြောင်းအရလိုအပ်သောသင်တန်းများ၊ အစီအစဉ်များဖြင့် ရှေ့သို့ချီတတ်နေခြင်းဖြစ်သည်။

"ယုံကြည်သူတိုင်း အမှုတော်ဆောင်ဖြစ်ကြောင်း"ကို အင်္ဂလီကန်အသင်းတော်၏ယုံကြည်ကျင့်သုံးမှု၌ ဖော်ပြထားသည်ကို စာဖတ်သူများမှလည်းသတိချပ်မိကြမည်ဖြစ်သည်။ ထို့ကြောင့် ယုံကြည်သူအသင်းသူ၊

PDF Compressor Free Version

အသင်းသားများအနေဖြင့်လည်း ဘုရားသခင်၏နိုင်ငံတော်ကျယ်ပြန့်စေခြင်း၊ ဘုန်းတော်ဂုဏ်တော်ထင်ရှားစေခြင်းအလို့ငှါ ကျောင်းတော်၏ရှေ့သို့လှမ်းချီနေသောအစီစဉ်များအတွက် အစဉ်သဖြင့် သတိရမေတ္တာပို့ဆုတောင်းပေးခြင်းနှင့် ငွေရေးကြေးရေးလှူဒါန်းခြင်းတို့ဖြင့် ကျောင်းတော်ကြီးနှင့်အတူ အမှုတော်ဆောင်နိုင်ကြောင်းကို ဖော်ပြလိုပါသည်။ အမှန်စင်စစ် ယုံကြည်သူတစ်ဦးစီတိုင်း၏ပါဝင်လှူဒါန်းခြင်းနှင့် သတိရမေတ္တာပို့ဆုတောင်းပေးခြင်းတို့သည် ဧဝံဂေလိနှင့်သာသနာပြုနေခြင်းဖြစ်သကဲ့သို့ မိမိတို့၏အနာဂါတ်မျိုးဆက်သစ်များအတွက် အကျိုးရှိစေမည့်ရင်းနှီးမြှုပ်နှံခြင်းလည်းဖြစ်ပေသည်။

ယနေ့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်(အင်္ဂလီကန်)၏တစ်ခုတည်းသော သာသနာပိုင်ချုပ်နယ် အဆင့်ဓမ္မပညာသင်ကျောင်းဖြစ်သော သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်အတွက် သာသနာ့ခေါင်းဆောင်များ၊ အမှုတော်ဆောင်များ၊ သာမန်တပည့်တော်ခေါင်းဆောင်များ ကို ယနေ့ထိ – တိုင် အစဉ်တစိုက် ပြုစုပျိုးထောင်မွေးထုတ်ပေးခဲ့သည့်နည်းတူ ရှေ့အနာဂါတ်၌လည်း ဆက်လက်၍ ပြုစုပျိုးထောင်မွေးထုတ်ပေးနေအုံးမည်ဖြစ်သည်။ တနည်းဆိုသော် သမ္မာကျမ်းစာ၊ ထုံးတမ်းစဉ်လာနှင့် ဆင်ခြင် တုံတရားတို့အပေါ်အခြေပြုကာ ခေတ်ရေစီးကြောင်းနှင့်အညီ တစ်နှစ်ထက်တစ်နှစ် ပိုမိုကောင်း မွန်သောအစီအစဉ်များ/သင်တန်းများ၊ ပြုပြင်မွမ်းမံမှုများ၊ ဖန်တီးမှုများဖြင့် ဘုရားသခင့်ဘုန်းတော်၊ ဂုဏ်တော်ထင်ရှားစေခြင်းအလို့ငှါ ရှေ့သို့လှမ်းချီနေမည်ဖြစ်သည်။ ဘုရားသခင့်အလိုတော်သည် ကောင်းကင်ဘုံ ၌ကဲ့သို့ မြေကြီးပေါ်၌လည်း ပြည့်စုံတော်မူသည့်တိုင်အောင် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (သို့) “HCTC” ဘုရားသခင့်ဘုန်းတော်အလို့ငှါ အစဉ်သဖြင့် ရှေ့သို့လှမ်းချီပါစေကြောင်း ဆုမွန်ချွေရင်း။။။

PDF Compressor Free Version



# အစေခံခေါင်းဆောင်ဆိုသည်မှာ

လူသား (ဆားမှော်)

နိဒါန်း

ယနေ့ကျွန်ုပ်တို့ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) တွင် အသင်းတော်အစေခံများ၊ အစေခံခေါင်းဆောင်များ၊ များပြားစွာလိုအပ်လှပေသည်။ ထို့ကြောင့် ဤဆောင်းပါးကို ရေးသားဖော်ပြရခြင်း၏ ရည်ရွယ်ချက်မှာ- သခင်ယေရှုခရစ်တော်၏ နောက်လိုက်တပည့်တော်များ ဖြစ်ကြသော ယနေ့အသင်း တော်ခေါင်းဆောင်များနှင့် အသင်းသူ/သားများသည် သခင်ယေရှုကဲ့သို့ အစေခံခေါင်းဆောင် ဖြစ်လာစေရန် ဖြစ်ပါသည်။

(၁) အစေခံခေါင်းဆောင်ဆိုသည်မှာ အဘယ်နည်း။

အစေခံခေါင်းဆောင်မှုကို အဓိပ္ပာယ်ဖွင့်ဆိုရမည်ဆိုလျှင် အပိုင်း (၂) ပိုင်းအားဖြင့် ဖွင့်ဆိုနိုင် ပါသည်။ ပထမအချက်အနေဖြင့် "အစေခံ" ကို အဓိပ္ပာယ်ဖွင့်ဆို ရမည်ဆိုလျှင် သူသည် အချိန်မရွေး သူ၏ပုံစံနှင့် စိတ်နေစိတ်ထားသည် ကျွန်ုပ်တို့လက်ရှိနေထိုင်သည့် အတိုင်းပင်ရှိရမည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ သူ၌ရှိသော စိတ်နေစိတ်ထားသည် မည်သည့်လုပ်ငန်းကိုမဆို အစေခံဖို့ရန်သာ စဉ်းစားခြင်းဖြစ်သည်။ ဒုတိယအနေဖြင့် "ခေါင်းဆောင်"ကို အနက်ဖွင့်ရမည်ဆိုပါက တာဝန်ယူခြင်း၊ တာဝန်ရှိခြင်းပင်ဖြစ်သည်။ ယုံကြည်သူ ခရစ်ယာန်များအားလုံးကို အစေခံများဟုခေါ်သည်။ အစေခံခေါင်းဆောင်သည် အစေခံခြင်းပြုရသည်။ သို့သော် လူများအားကိုးယုံကြည်မှုရှိလာအောင် မလုပ်ဆောင်နိုင် လျှင် အစေခံခေါင်းဟု မပြောဆိုနိုင်ပေ။ ထို့ကြောင့် "လုံ့လဝီရိယဖြင့် ခေါင်းဆောင်မှုပြု" (ရော ၁၂း၈) ရန် ရှင်ပေါလုမှ တိုက်တွန်းနှိုးဆော်ထားပါသည်။ သခင်ယေရှုကိုယ်တိုင် အစေခံခေါင်းဆောင်တစ်ဦးဖြစ်သကဲ့သို့ ခေါင်း

PDF Compressor Free Version



ဆောင်မှုပြုရာတွင် ငယ်သားကဲ့သို့၊ အစေခံကဲ့သို့ပင် ပြုကြရန် မိန့်တော်မူခဲ့ပါသည် (လု ၂၂း၂၆)။ စာရေးဆရာတစ်ဦးဖြစ်သော Robert K. Greenleaf ၏ ရေးသားဖော်ပြချက်အရ "အစေခံခေါင်းဆောင်ဆိုသည်မှာ အစေခံရန်သာ ပထမဦးစားပေးသည်။ သူ၏ ခံစားချက်၊ စဉ်းစားတွေးခေါ်မှုအားလုံးသည် အစေခံရန်သာ ပထမနေရာတွင် ထားရှိသောသူဖြစ်သည်ဟု ပြောဆိုရေးသား ခဲ့သည်။

(၂) အစေခံခေါင်းဆောင်မှု၏ သဘောသဘာဝ။

ယနေ့ကျွန်ုပ်တို့ မြင်တွေ့နေရသော ခေါင်းဆောင်မှုပြုနေသော သူများတွင် ခေါင်းဆောင်မှု စတိုင်အမျိုးမျိုး၊ ခေါင်းဆောင်အမျိုးမျိုး၊ ခေါင်ဆောင်မှုနှင့်ပတ်သက်သော ဂုဏ်ထူးဝိသေသများ၊ အရည်အချင်းများ၊ တတ်ကျွမ်း နားလည်မှုရှိသော ခေါင်းဆောင်များ အလွန်ပင်များပြားလှပေသည်။ သို့ သော် အစေခံခေါင်းဆောင်မှုသည် အလွန်ပင် နည်းပါးလှပေသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်တိုင်း ခေါင်းဆောင်ကောင်း မဖြစ်နိုင်သကဲ့သို့ အစေခံခေါင်းဆောင်လည်း မဖြစ်နိုင်ပေ။

ရှိုးသားပွင့်လင်းစွာ
ပြောဆိုရမည်ဆိုလျှင်
ယနေ့အသင်းတော်ခေါင်းဆောင်များ
(သို့) အသင်း သူ/သားများသည်
သခင်ယေရှု၏
အစေခံခေါင်းဆောင်မှုသဘောသဘာဝ
ကို သိရှိနားလည်ပြီး လက်
တွေ့လျှောက်လိုက်သောသူများရှိသကဲ့သို့
လုံးဝမသိနားမလည်သောသူများလည်း
ရှိပါသည်။

Robert K. Greenleaf ၏ ရေးသားဖော်ပြချက်အရ "အစေခံခေါင်းဆောင်ဆိုသည်မှာ အစေခံဖို့သာလျှင် ပထမဦးစားပေးသည်" ဟု ဆိုသည့်အတိုင်း အစေခံခေါင်းဆောင်သည် မည်သည့်အကျိုးဖလကိုမျှ မျှော်လင့်ခြင်းမရှိဘဲ အစေခံတတ်သောသူများကို ဆိုလိုခြင်းဖြစ်သည်။ ထို့ကြောင့် အစေခံခေါင်းဆောင်နှင့် သာမန်ခေါင်းဆောင်သည် များစွာကွာခြားမှုရှိပါသည်။ သာမန်ခေါင်းဆောင်၏ အတွေးအခေါ်တွင် မိမိသည်ခေါင်းဆောင်ဖြစ်သည်။ ခေါင်းဆောင်ဖြစ်သောကြောင့်သာလျှင် ခေါင်းဆောင်နှင့်ဆိုင်သော လုပ်ငန်းများကိုသာလုပ်ဆောင်သည်။ သို့သော် အစေခံခေါင်းဆောင်သည် သာမန်ခေါင်း ဆောင်ကဲ့သို့မဟုတ်ဘဲ အစေခံခေါင်းဆောင်သည် ညွှန်းကြားခြင်း၊ အထောက်အကူပေးခြင်းသာမက အခြားသင့်လျော်ရာများကို အသုံးပြုပြီးနောက်လိုက်တို့၏ အကျိုးကိုဆောင်ပေးသည်။ ထို့ကြောင့် စာရေးဆရာတစ်ဦးမှ "အစေခံခေါင်းဆောင်ခြင်း သည် ဟန်သဘောထက် ပင်ကိုသဘောကို ပိုဆောင် သည်" ဟု ရေးသားခဲ့သည်။

(၃) သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုကို လေ့လာခြင်း။

အစေခံခေါင်းဆောင်ခြင်း၏ အနက်အဓိပ္ပာယ်နှင့် သဘောသဘာဝကို လေ့လာပြီးသည့်နောက်တွင်မူ သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုများကို လေ့လာသွားမည် ဖြစ်ပါသည်။ အထက်ပါ လေ့လာပြီးသည့်အကြောင်းအရာများတွင် အစေခံခေါင်းဆောင်ခြင်း၏ သဘောသဘာဝသည် အလွန်ပင် နက်ရှိုင်းလှကြောင့် တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ခေါင်းဆောင်တိုင်၊ လူတိုင်း လုပ်ဆောင်ရန် မလွယ်ကူလှသည့် ခေါင်းဆောင်မှုမျိုးပင် ဖြစ်သည်။ သို့သော် ထိုကဲ့သို့သော အစေခံခေါင်း ဆောင်မှုမျိုးကို သခင်ယေရှု၏ အသက်တာတွင် တွေ့ရှိနိုင်ပါသည်။ အစေခံခေါင်းဆောင်မှုနှင့်ဆိုင်သော လက်တွေ့လုပ်ဆောင်ချက်များ

PDF Compressor Free Version

ကို မလုပ်ဆောင်မည် အရေးကြီးသောအချက်မှာ ကျွန်ုပ်တို့၏ ပြီးပြည့်စုံသော အစေခံခေါင်းဆောင်မှု စံနမူနာရှင် သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုများကို သိရှိထားရန် လိုအပ်ပေသည်။

အစေခံခေါင်းဆောင်မှုတွင် လုပ်ဆောင်ရခြင်း၏ ရည်ရွယ်ချက်နှင့် ဦးတည်ချက်များရှိရမည် ဖြစ်ပါသည်။ သခင်ယေရှု၏ အသက်တာကို ပြန်လည်ဆင်ခြင်-ကြည့်မည်ဆိုပါက လုပ်ဆောင်မှုတိုင်းတွင် ရည်ရွယ်ချက်နှင့် ဦးတည်ချက်အတိုင်း လုပ်ဆော်သွားခဲ့သည်။ (ဥပမာ- ဗတ္တိဇံခံချိန်မှ နောက်ဆုံးကားတိုင်ပေါ်သို့ တက်ချိန်ထိ) ဆိုလိုသည်မှာ သခင်ယေရှုသည် သူလုပ်ဆောင်ရမည့်လုပ်ငန်း၊ သူသွား ရမည့်နေရာအလုံးစုံကို ကြိုတင်သိနှင့်ပြီးဖြစ်သကဲ့သို့ သူ၏တပည့်တော်များကိုလည်း အစေခံခေါင်း ဆောင်ကဲ့သို့ အမြဲသွန်သင်သူဖြစ်သည်။ သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုတွင် တပည့်တော်တို့၏ ခြေကိုဆေးကြောပေးခြင်းသည် အစေခံခေါင်းဆောင်ခြင်း၏ သဘောသဘာဝကို ပြသလိုက်ခြင်းပင်ဖြစ်သည် (မ ၁၃း၅)။ ထိုကဲ့သို့လုပ်ဆောင်ခြင်းသည် တာဝန်အရလုပ်ဆောင်ခြင်းမဟုတ်ဘဲ အစေခံ ခေါင်းဆောင်မှုတွင် မရှိမဖြစ်လုပ်ဆောင်ရမည့် လုပ်ဆောင်မှုကို လုပ်ဆောင်ပြသလိုက်ခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် စစ်မှန်သော အစေခံခေါင်းဆောင်မှုသည် လိုအပ်သည့်အချိန်၊ နေရာမရွေး အစေခံခေါင်းဆောင်ခြင်းကို ပြုလုပ်ကြသည်။

ထို့ကြောင့် သခင်ယေရှုတွင် အစေခံခေါင်းဆောင်မှုဆိုင်ရာပညာရပ်များ ပြည့်စုံစွာရှိသောသူ ဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ များစွာသော ခရစ်ယာန်ခေါင်းဆောင်များသည် အစေခံကဲ့သို့ မြင်တွေ့နိုင်သော်လည်း အမှန်တကယ် အစေခံခေါင်းဆောင်၏ သဘောသဘာဝနှင့် အနည်းငယ်သာ ပြောဆို ဆက်ဆံနေထိုင်ကြသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ သခင်ယေရှု၏နည်းလမ်းအတိုင်း မလိုက်လျှောက်သောသူများကို ခရစ်ယာန်ဟု ခေါ်ဆို၍မရပေ။ ထို့ကြောင့် ကျွန်ုပ်တို့ခရစ်ယာန်များသည် သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုကို စံနမူနာယူပြီး အခြားသောခေါင်းဆောင်မှုဆိုင်ရာပညာရပ်များသို့ လိုက်လျှောက်ခြင်းမျိုးမဟုတ်ဘဲ သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုပုံစံကို အတုယူလုပ်ဆောင်မှသာလျှင် စစ်မှန်သော အစေခံခေါင်းဆောင် ဖြစ်ပါသည်။

(၄) အစေခံခေါင်းဆောင်မှုတွင် ထားရှိလုပ်ဆောင်ရမည့် စံနှုန်းများ။

Oswald Sanders ဆိုသူမှ စဉ်းစားဆင်ခြင်ပြောဆိုသည်မှာ "စစ်မှန်သောခေါင်းဆောင်မှု၊ စစ် မှန်သော အစေခံခေါင်းဆောင်များသည် နောက်လိုက်များ ဒုက္ခရောက်စေအောင် မည်သည့်အချိန်ကမှ မပြုလုပ်ပေ။ သူတို့လုပ်ဆောင်သောအချက်မှာမူ နောက်လိုက်များအတွက် မိမိကိုယ်တိုင် ကိုယ်ကျိုးစွန့်ဝန်ထမ်းကြသည်" ဟု ပြောဆိုခဲ့သည်။ ထိုနည်းတူ John Stott ဆိုသူမှလည်း စဉ်းစားပြောဆိုသည်မှာ "ခေါင်းဆောင်များသည် တန်ခိုးအာဏာရှိရမည်။ သို့သော် တန်ခိုးအာဏာသည် နောက်လိုက်များကို လုံခြုံစိတ်ချမှုပေးနိုင်ပြီး နှိမ့်ချစွာ အစေခံနိုင်ရမည်" ဟု ပြောဆိုခဲ့သည်။

သမ္မာကျမ်းစာတွင်လည်း အစေခံခေါင်းဆောင်မှုတွင် ထားရှိရမည့်အချက်များကို (ဖိလိပ္ပိ ၂း၃ -၅) တွင် တွေ့ရှိနိုင်ပါသည်။

"ရန်တွေ့လိုသောစိတ် အချည်းနှီးကျော်စောကီတ္တိကို တပ်မက်သောစိတ်ရှိ၍ အဘယ်အမှုကို မပြုကြနှင့်။ သူတစ်ပါးသည် ကိုယ်ထက်သာ၍ ကောင်းမြတ်သည်ဟု နှိမ့်ချသောစိတ်ရှိ၍ တစ်ယောက်ကိုတစ်ယောက် ထင်မှတ်ကြလော့။ ကိုယ်အမှုအရာကိုသာ မရှုမမှတ်ဘဲ သူ့အမှုအရာကို အချင်းချင်းရှုမှတ်ကြလော့။ ယေရှုရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း ရှိစေကြလော့" (ဖိ ၂း၃ -၅)။

ဤကျမ်းချက်သည် အစေခံခေါင်းဆောင်မှုတွင် ထား

PDF Compressor Free Version



ရှိရမည့် စိတ်နေသဘောထား၊ အနှစ်သာရ ပုံစံများဖြစ်သည်ဟု ဓမ္မပညာရှင်များကလည်း ပြောဆိုထားပါသည်။ ထို့ကြောင့် အစေခံခေါင်းဆောင်မှုတွင် နှိမ့်ချသော စိတ်သဘောထားအားဖြင့်သာလျှင် လုပ်ဆောင်နိုင်ကြောင်း ရှင်းလင်းစွာ တွေ့ရှိရပါသည်။

ထို့ပြင် အစေခံခေါင်းဆောင်မှုတွင် လုပ်ဆောင်ရမည့် စံနှုန်းများမှာ (၁) ဆုတောင်းအားကြီးသူ တစ်ဦး ဖြစ်ရပါမည်။ အစေခံခေါင်းဆောင်မှု၏ စံနမူနာရှင်ဖြစ်သော သခင်ယေရှုသည်လည်း ဆု တောင်းအားကြီးသောသူ တစ်ဦးပင် ဖြစ်ပါသည်။ ဗတ္တိဇံခံသည့်အချိန်မှစ၍ (မ ၃း၁၃-၁၇) အမှုတော်လုပ်ငန်းအစပိုင်းမှ နောက်ဆုံးကားတိုင်ပေါ်မကြာမီတက်ရောက်ရတော့မည့် အဖမ်းမခံရမီ မိနစ်အနည်းငယ်အလိုထိ သခင်ယေရှုဆုတောင်းခဲ့ပါသည် (မ ၂၆း၃၆-၄၆)။ ဆုတောင်းခြင်းသည် ကျွန်ုပ်တို့ ဘုရားသခင်နှင့် လွတ်လပ်စွာ၊ ပွင့်လင်းစွာ၊ မကြောက်ဘဲပြောခွင့်ရှိသည် ပွင့်နေသည့်ဆက်သွယ်ရေး လမ်းကြောင်းလည်း ဖြစ်သည်။

(၂) ဝတ်ပြုခြင်း၌ စည်းကမ်းရှိသူ ဖြစ်ရမည်။ သခင်ယေရှုသည် ရေ၌ဗတ္တိဇံကိုခံယူပြီး များမကြာမီ နာဇရက်မြို့သို့ပြန်တော်မူရာ "ထုံးစံတော်ရှိသည့်အတိုင်း ဥပုသ်နေ့၌ တရားဇရပ်သို့ဝင်၍ ကျမ်းစာကို ဖတ်ရွတ်ခြင်းငှါထတော်မူ၏"(လု ၄း၁၆)။ ထို့နောက် (၃) နှစ်လွန်သောအခါ ကိုယ်တော်သည် ရဗ္ဗိဆရာတစ်ဦးအဖြစ်သမားရိုးကျသင်တန်းတက်ရောက်ထားခြင်းမရှိသော်လည်း တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ဝင်တစ်မြို့ထွက်ကာ တရားဇရပ်များသို့ဝင်၍ ဟောပြောသွန်သင်မှုကို ပြုခဲ့သည်။ သခင်ယေရှုသည် ကိုယ်ပိုင်ဆုတောင်းချိန်၊ ဝတ်ပြုချိန်များအပြင် အခြားသူများနှင့်အတူ စုပေါင်းဝတ်ပြုခြင်း၌ ပါဝင်လေ့ရှိသည်။

(၃) နှိမ့်ချသောစိတ်ဓာတ်ကို ဖော်ပြပါ။ ဤအချက်သည် အစေခံခေါင်းဆောင်မှုတွင် မရှိမဖြစ် အလွန်အရေးကြီးသော စံနှုန်းတစ်ခုပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုတွင် နှိမ့်ချသောစိတ်ဓါတ်ဖြင့် လုပ်ဆောင်သွားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည် (မ ၁၃း၅)။ ကနဦးက အသင်းတော်၏ ရှိသေလေးစားထိုက်သော ခေါင်းဆောင်တစ်ပါးမှ ပြောဆိုသည်မှာ "ခရစ်ယာန်တို့အတွက် အဓိကပါရမီသုံးပါးမှာ နှိမ့်ချခြင်း၊ နှိမ့်ချခြင်း၊ နှိမ့်ချခြင်း" ဖြစ်သည်ဟု ပြောဆို ခဲ့သည်။ ထိုနည်းတူ Andrew Marray မှ ပြောဆိုသည်မှာ "နှိမ့်ချခြင်းသည် ကျေးဇူးတော် (သို့) အခြားသော သုစရိုက်ကဲ့သို့မဟုတ်ပေ။ ၎င်းမှာ အားလုံး၏ရေသောက်မြစ်ဖြစ်သည်။ အကြောင်းမှာ ဘုရားသခင်အပေါ်မှန်သောစိတ်ထားကို ယင်းကသာလျှင် ဖော်ပြပေးသောကြောင့်ဖြစ်ပြီး၊ ဘုရားသခင်အနေဖြင့် အားလုံးလုပ်ခွင့်ပေးသောကြောင့် ဖြစ်သည်ဟု သူ၏ နှိမ့်ချခြင်းဟူသောစာအုပ်တွင် ထိုသို့ရေးသား ခဲ့သည်။ အစေခံခေါင်းဆောင်တို့၏ စံနမူနာရှင်ဖြစ်သော သခင်ယေရှုသည်လည်း နှိမ့်ချခြင်းကို သွန်သင်ခဲ့သကဲ့သို့ ကိုယ်တိုင်ကျင့်သုံးခဲ့သူလည်း ဖြစ်သည် (လု ၂၂း၂၇၊ မ ၁၁း၂၉၊ ၂၀း၂၇-၂၈၊ ယော ၁၃း ၁၄-၁၅)။

(၅) ယနေ့အသင်းတော်ခေါင်းဆောင်များနှင့် အသင်းသူ/သားများတို့အတွက် သတင်းစကား။

ရိုးသားပွင့်လင်းစွာ ပြောဆိုရမည်ဆိုလျှင် ယနေ့အသင်း တော်ခေါင်းဆောင်များ (သို့) အသင်း သူ/သားများသည် သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုသဘောသဘာဝကို သိရှိနားလည်ပြီး လက်တွေ့လျှောက်လိုက်သောသူများရှိသကဲ့သို့ လုံးဝမသိနားမလည်သောသူများလည်း ရှိပါသည်။ သို့သော် လူသားဆန်ဆန် အတ္တစိတ်များရှိနေသောကြောင့် သခင်ယေရှု၏ အစေခံခြင်းသဘောသဘာဝကို ပြုလုပ်ရန်မှာ မဖြစ်နိုင်ပေ။ ထို့ကြောင့် ယနေ့အသင်းတော်ခေါင်းဆောင်များ (သို့) အသင်းသူ/သားများ အနေဖြင့် ဘုရားသခင်ရှေ့တွင် မည်သူမှပိုမိုမကြီးမြတ်ကြောင်းကို သိရှိနားလည်ပြီး တစ်ဦးကိုတစ်ဦး အချင်းချင်း နှိမ့်ချစိတ်ကို

PDF Compressor Free Version

မွေးကာ သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုအတိုင်း လျှောက်လိုက်အသက် ရှင်ရမည် ဖြစ်ပါသည်။

ထို့ကြောင့် ယနေ့အသင်းတော်ခေါင်းဆောင် (သို့) အသင်းသူ/သားများသည် သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုနည်းတူ (သို့) အနည်းငယ် မြီးစမ်းကြည့်ရန် လိုအပ်ပါသည်။ ကျွန်ုပ်တို့၏ အမှု တော်ဆောင်ခြင်း၌သော်လည်းကောင်း၊ မိမိအိမ်တွင်း၌သော်လည်းကောင်း၊ မိမိလုပ်ငန်းခွင်၌သော် လည်းကောင်း အစေခံခေါင်းဆောင်မှုကိုပြသရန် လိုအပ်ပါသည်။ ခရစ်ယာန်အမှုတော်ဆောင်ခြင်း၏ တစ်ခုတည်းသော ခေါင်းဆောင်မှုပုံစံသည် အစေခံခေါင်းဆောင်မှုပြခြင်းပင် ဖြစ်ပါသည်။ ထိုအစေခံခေါင်းဆောင်မှုပုံစံသည် သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုသဘော သဘာဝနှင့် မတူညီလျှင် "ခရစ်ယာန်"ဟု မခေါ်ဆိုနိုင်ပေ။ ထိုအစေခံ ခေါင်းဆောင်မှုပုံစံသည် တစ်ကိုယ်ကောင်းဆန်သော ခေါင်းဆောင်မှု၊ စိုးမိုးအုပ်ချုပ်လိုသော ခေါင်းဆောင်မှု၊ မိမိကိုယ်ကိုသာ အစေခံခေါင်းဆောင်ခြင်း မဟုတ် ကြောင်း သတိချပ်ရမည် ဖြစ်ပေသည်။

နိဂုံး

အချုပ်အားဖြင့် သခင်ယေရှု၏ အစေခံခေါင်းဆောင်မှုသည် ယနေ့အသင်းတော်ခေါင်းဆောင်များနှင့် အသင်းသူ/သားများအတွက် အစေခံခေါင်းဆောင်ခြင်းဆိုင်ရာ စံပြပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သခင်ယေရှုတွင် အစေခံခေါင်းဆောင်မှုဆိုင်ရာ သဘောသဘာဝများ ပြည့်စုံစွာ ရှိနေသောကြောင့်ပင်ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့အသင်းတော်ကို ခေါင်းဆောင်မှုပြုနေသော အသင်းတော်ခေါင်းဆောင်များနှင့် အသင်းသူ/သားများသည်လည်း သခင်ယေရှု၏ အစေခံခြင်း သဘောသဘာဝတို့ကို သိရှိနားလည်ပြီး တသွေမသိမ်းလိုက်လျှောက် လုပ်ဆောင်မည်ဆိုလျှင်မူ မိမိအိမ် ထောင်မိသားစု၊ အသင်းတော်၊ လူမှုပတ်ဝန်းကျင်သည် ငြိမ်းချမ်းသာယာဖွယ်ကောင်းသော ချစ်ဖွယ်ကောင်းသော ဘုရားသခင်၏ နိုင်ငံတော်တည်ရှိသောနေရာပင်တစ်ခုပင် ဖြစ်ပါသည်။

လူသား (ဆားမော်)
နောက်ဆုံးနှစ် (၂၀၁၈ - ၁၉) ပညာသင်နှစ်။
သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် (ရန်ကုန်)။

PDF Compressor Free Version



# သန္ဓေဖျက်ခြင်းနှင့် လူသားတို့၏ကျင့်ဝတ်

ဆလိုင်းဌေးလွင် (ပြည်)



ယနေ့ကျွန်တို့၏ကမ္ဘာမြေကြီးသည် ကျင့်ဝတ်နှင့် ပတ်သက်သော ပြဿနာများကို များစွာရင်ဆိုင်နေရခြင်းကို တွေ့ရသည်။ ထိုပြဿနာများစွာထဲမှ လူသားတစ်ဦးဖြစ်တည်မှု၏အစဖြစ်သော ပဋိသန္ဓေဖျက်ခြင်းသည်လည်း လူသားတို့၏ကျင့်ဝတ်နှင့် ပတ်သက်သော ပြဿနာတစ်ခုအနေဖြင့် ဖြစ်လာပေသည်။ အကြောင်းမှာ တစ်နေ့တစ်နေ့တွင် ကမ္ဘာကြီးတွင် သန္ဓေဖျက်ချခြင်းဖြင့် လောကကြီးတွင် လူဖြစ်ခွင့်မရဘဲ သေကြေပျက်ဆီးခြင်းခံရသည့် ရင်းသွေးငယ်ကလေးများ သန်းပေါင်းများစွာ ရှိနေသည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ ထိုသို့ဖြစ်နေရခြင်းမှာ လူသားများတွင် အကြောင်းအရာ ပြဿနာအမျိုးမျိုး ရှိနေကြသောကြောင့် ဖြစ်ပေသည်။ အထူးသဖြင့် လူသားများသည် စီးပွါးရေးအခက်အခဲ၊ စားဝတ်နေရေးအခက်အခဲ၊ လူမှုရေးအခက်အခဲများစွာတို့နှင့် လူသားများသည် ရင်ဆိုင်လာရသည်။ ထို့ပြင် ကမ္ဘာကြီးသည် တဖြည်းဖြည်း လူသားများမှီခို စားသောက်ရန်အတွက်လည်း အရင်းအမြစ်များသည် တဖြည်းဖြည်းကုန်ခန်းလာခြင်းကိုလည်း တွေ့လာရသည်။ ထို့ပြင် အခြားတဘက်မှာလည်း ကမ္ဘာမြေ ကြီး၏ လူဦးရေသည် တစ်နှစ်ထက်တစ်နှစ်များပြားစွာတိုးပွါးခြင်းကို တွေ့ရသည်။ ယနေ့ ကမ္ဘာလူဦး ရေသည် သန်းပေါင်း ၇၂၀၀ ကျော်ရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် အချို့သောနိုင်ငံများသည် လူဦးရေကို ကန့်သတ်ချက်ဖြင့် ထားရှိကာ မိသားစုတစ်စုက လူဦးရေ (၁)ယောက်သာ မွေးဖွားခွင့်ရှိသည်။ အထူးသဖြင့် လူသားများ၏မျိုးနွယ်စုတွင် အမျိုးမျိုးသော အခက်အခဲပြဿနာများရှိလာခြင်းကြောင့် လူသားတစ်ဦးဖြစ်လာ မည့် သန္ဓေတည်ခြင်းကိစ္စသည် လူ့ဘောင်လောကထဲတွင် ပြသနာတစ်ခုအဖြစ် ဝင်ရောက်လာခြင်းကို တွေ့ရသည်။ ထိုပြင် သန္ဓေတည်ယူခြင်းကိစ္စသည် ဘာသာတရားရှု့ထောင့် လူ့ကျင့်ဝတ်များနှင့်လည်း တိုက်ရိုက်ပတ်သက်ဆက်နွယ်လာခြင်းကို တွေ့ရသည်။ အဘယ့်ကြောင့် ဟူမူကား ဘာသာတရားတိုင်းတွင် လူသားဘဝဖြစ်ခြင်းသည် အမြင့်မြတ်ဆုံးသောဖြစ်တည်မှု့ တစ်ခုအဖြစ် လက်ခံကြသည်။

ခရစ်ယာန်ဘာသာတရား၏ခံယူချက်ယုံကြည်မှုတွင် လူသည် ဘုရားသခင်ဖန်ဆင်းထားသော ဖန် ဆင်းခံထဲတွင် အမြင့်မြတ်ဆုံး သောသူဖြစ်သည်(ကမ္ဘာ -

PDF Compressor Free Version

၁း၂၇) ။ လူသည် ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့် အညီ ဖန်ဆင်းထားသောသူများ ဖြစ်ကြသည်။ ထိုနည်းတူ ဗုဒ္ဓဘာသာတရားတွင်လည်း ဖော်ပြထားသည့် အချက်မှာ ရခဲသောဘဝငါးပါးရှိသည့်အထဲတွင် လူ့ဘဝ လူ့အဖြစ်သည် ရခဲသည့်ဘဝဖြစ်သည်ဟု ဆိုထားသည်။ ဆက်လက်ပြီး ဟိန္ဒူဘာသာ၏အမြင်အရလည်း လူသားဖြစ်ခြင်းသည် အလွန်မြင့်မြတ်သည့် အနေအထားတစ်ခုဖြစ်သည်ဟု ခံယူထားသည်။ ထို့ကြောင့် ပဋိသန္ဓေဖျက်ခြင်းသည် ဘာသာတရားများ၏ ယုံကြည်ချက်ကျင့်ဝတ်များနှင့် လူ့ကျင့်ဝတ်များနှင့် တိုက်ရိုက်ဆက်နွယ်လျက်ရှိသည်ဟု နားလည်မိပါသည်။ ပဋိသန္ဓေဖျက်ခြင်းသည် လူ့ကျင့်ဝတ်နှင့် လူ့ဘောင်အဖွဲ့စည်းများ၊ လူမှုရေး၊ စီးပွါးရေးကြားတွင် ဖြေရှင်းရခက်ခဲလှသော စိန်ခေါ်ချက်တစ်ခုဖြစ်လာခြင်းကို တွေ့ရသည်။

(၁)ပဋိသန္ဓေဖျက်ချရခြင်းအကြောင်းအရင်းများ

အမေရိကန်နိုင်ငံတွင် ပဋိသန္ဓေဖျက်ရသည့် အောက်ပါအချက်များကြောင့်ဖြစ်သည်ကို လက်ခံစဉ်းစားပေးခြင်းကို တွေ့ရသည်။ မိခင်ကျန်းမာရေးအတွက် ဖျက်ချခြင်း။ မိခင်စိတ်မမှန်သောကြောင့် ဖျက်ချခြင်း၊ လူစဉ်မမှီသောကလေး(သို့) ဉာဏ်ရည်ချို့တဲ့သော ကလေးမွေးဖွားခြင်းကို ကာကွယ်ရန် အတွက်ဖျက်ချခြင်း၊ ငွေကြေးလိုအပ်မှု၊ စီးပွါးရေးအဆင်မပြေသောအကြောင်းပြချက်ဖြင့် ဖျက်ချခြင်း၊ အနိုင်ပြုကျင့်ခံရသောကြောင့် (သို့) သွေးနီးသောဆက်ဆံမှုများကြောင့် ဖျက်ချခြင်းဟူ၍ စသည့်အကြောင်းပြချက်များပင် ဖြစ်သည်။

(၂)ပဋိသန္ဓေဖျက်ချခြင်းနှင့်ပတ်သက်ပြီး သမ္မာကျမ်းစာရှုထောင့်မှလေ့လာခြင်း

ပဋိသန္ဓေဖျက်ချခြင်းနှင့် ပတ်သက်ပြီး ဘုရားသခင်သည် မောရှေအားဖြင့် ပြစ်ဒဏ်ပေးခြင်းကို ဖော်ပြရတွင် "လူချင်းခိုက်ရန်ပြုကြ၍ကိုယ်ဝန်ဆောင်သောမိန်းမကို ထိခိုက်သဖြင့် ကိုယ်ဝန်ပျက်ပြီး အခြားသောအနာမဖြစ်လျှင် မိန်းမလင်စီရင်သည့်အတိုင်းလည်း ငွေကိုလျော်ရမည်။ အခြားသောအနာဖြစ်လျှင် အသက်အတွက်အသက်ကိုငှင်း၊ မျက်စိအတွက်မျက်စိ၊ သွားအတွက်သွား၊လက်အတွက်လက်၊ မီးလောင်ခြင်းအတွက်မီးလောင်ခြင်း၊ ရှနာခြင်းဒဏ်ရာ အတွက် ရှနာခြင်း ဒဏ်ချက်ကိုစီရင်ရမည်" (ထွက်-၂၁း၂၂-၂၄)။ ထိုပြင် ဟေရှာယတွင် လူသား၏ပဋိသန္ဓေသည် ဘုရားသခင်၏ဘုရားသခင်၏ အလိုတော်အတိုင်းဖြစ်ခြင်းကို ဖော်ပြရာတွင် "တကျွန်းတနိုင်ငံအရပ်တို့၊ ငါ့စကားကိုကြားကြလော့။ ဝေးစွာသောလူမျိုးတို့ စေ့စေ့နားထောင်ကြလော့။ ငါဘွားစကပင် ဘုရားသခင်သည် ငါ့ကို ခေါ်တော်မူ၏။ အမိဝမ်းထဲကပင် ငါ့၏နာမကို မှတ်တော်မူ၏" (ဟေရှာယ ၄၉း၁-၂) တွင်ဖော်ပြထားသည်။ ဆက်လက်၍ ယေရမိအနာဂတ္တိကျမ်းတွင် ဖော်ပြထားသည်မှာ "သင့်ကိုအမိဝမ်းထဲ၌ ငါမဖန်ဆင်းမီသင့်ကို ငါသိပြီ။ မဘွားမီကပင်သင့်ကို ငါသန့်ရှင်းစေ၍လူမျိုးမျိုးတို့အဖို့ ဖရောဖက်အရာ၌ ခန့်ထားပြီဟု" (ယေ- ၁း၅) ဖြစ်သည်။ ထို့ကြောင့် ယေရမိကျမ်းတွင် ဖော်ပြချက်အရ လူသားတစ်ဦးဖြစ်တည်ခြင်း သည် ပေါ့ပေါ့ဆဆမဟုတ်ဘဲ ထိုသန္ဓေသားတွင် ဘုရားသခင်၏အလိုတော်နှင့်အကြံအစည်တော်၊ ရည်ရွယ်ချက်များ ပါရှိနေခြင်းကို ဖော်ပြနေသည်။ ဆာလံကျမ်း အခန်းကြီး ၁၃၉း၁၆တွင်လည်း ဖော်ပြထားသည့်အချက်မှာ "မစုံလင်သေး သော အကျွန်ုပ်၏အလုံးအထွေးကို လည်း ကိုယ်တော်သည် ကြည့်ရှု၍ မြင်တော်မူပြီ။ ထိုအရာတို့ကို ပြုပြင်၍ တစုံတခုမျှမရှိမီကာလတွင် ကိုယ်တော်၏စာရင်း၌အကုန် အစင်မှတ်ထားလျက်ရှိကြပါ၏" ဟူ၍ တွေ့ရသည်။ ထို့ကြောင့် ကျွန်ုပ်တို့လူသားများ၏ ဖြစ်တည်မှုအစ ဖြစ်သော ပဋိသန္ဓေ စတင်သည့်အချိန်ကပင် ဘုရားသခင်သည် ထိုသန္ဓေကိုကြည့်ရှုစောင့်ရှောက်ကာ တန်ဖိုးထားရှိခြင်းကို တွေ့ရလေသည်။

PDF Compressor Free Version



ပဋိသန္ဓေ ကိုယ်ဝန်ဖျက်ချခြင်းအပေါ် ခရစ်ယာန်သဘောထားနှင့် ပတ်သက်ပြီး Thomas Aequinas ဖော်ပြထားသည့် သဘောထားအမြင်မှာ ပညတ်တော်(၁၀)ပါး တွင် အမှတ်စဉ်(၆) ပညတ်အရ လူအသက်သတ်ခြင်းဖြစ်သောကြောင့် လူသတ်မှုပင် ဖြစ်သည်ဟု သတ်မှတ်ထားသည်။

၃။ ပဋိသန္ဓေဖျက်ချခြင်းကို အခြားသော ကျင့်ဝတ်ဆိုင်ရာရှုထောင့်မှလေ့လာခြင်း

(က) မမွေးဖွားရသေးသည့် သန္ဓေသားသည် ပြည့်ဝသည့်လူသားတစ်ဦးအဖြစ် မှတ်ယူနိုင်သလားဆိုသည့်အချက်နှင့်ပတ်သက်ပြီး ဖော်ပြရာတွင် လူသားဖြစ်ခြင်းကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် DNA ပါရှိသောကြောင့် လူသားတစ်ဦးဖြစ်ကြောင်း သဘောတရားအရ လက်ခံနိုင်သည်။ သို့သော် မျိုးရိုးဗီဇရှုထောင့်အရ သန္ဓေသားသည် ပြည့်ဝသည့်လူသားတစ်ဦးအဖြစ်မှတ်ယူရန်အခက်အခဲ ရှိနေသည်။

(ခ) မမွေးဖွားရသေးသည့် သန္ဓေသားသည် လူပုဂ္ဂိုလ်တစ်ဦးအဖြစ် ရပ်တည်နိုင်ခြင်း ရှိမရှိ ဆိုသည့်အချက်နှင့် ပတ်သက်ပြီး DNA ပါရှိသော မဖွံ့ဖြိုးသေးသော သန္ဓေသားလောင်းသည် တိကျသောလူသားမျိုးနွယ်တစ်ခုဖြစ်သည်။ သန္ဓေသားသည် မိခင်အပေါ်တွင်မှီခိုနေရသော်လည်း ၎င်းသန္ဓေသားသည် သီးခြားလွတ်လပ်စွာ တစ်ဦးချင်းရပ်တည်နိုင်သည်။ ထို့ကြောင့် သန္ဓေသား၊ ကလေး၊ သက်ရွယ်နှင့် သက်ကြီးရွယ်အိုတို့တွင် မိမိမည်သူမည်ဝါဟု ထုတ်ဖော်တင်ပြနိုင်သည့်ဖြစ်တည်မှု ကိုယ်စီကိုယ်စီရှိကြသည်။ ထို့ကြောင့် သန္ဓေသားသည် ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်ဟု ဖော်ပြခဲ့ကြသည်။

(ဂ) မမွေးဖွားရသေးသည့် သန္ဓေသား၏ အခွင့်အရေးနှင့် မိခင်တစ်ဦး၏အခွင့်အရေးဆက်စပ်ပုံ

မမွေးဖွားရသေးသော သန္ဓေသားသည် ပြည့်ဝသောလူသားဖြစ်သည်။ ဆေးသုတေသနဆိုင်ရာ တွေ့ရှိချက်အရ ပထမတစ်လတွင် ၎င်း၏ဦးခေါင်းလက်များနှင့် ခြေထောက်များ စတင်ထွက်လာသည်။ ဒုတိယလတွင် ၎င်း၏ဦးနှောက်များဖြစ်လာပြီး နှာခေါင်း၊မျက်စိ၊ နားရွက်များရှိလာသည်။ ထိုပြင် နှလုံးခုန်နှုန်းနှင့် သွေးများလည်ပတ်စီးဆင်းမှုဖြစ်လာသည်။ ကျောရိုးသည်လည်း ဖွံ့ဖြိုးလာသည်။ ၎င်း၏ ရုပ်လက္ခဏာလည်းဖြစ်လာသည်။ စတုတ္ထလတွင် အလေးချိန် ပေါင်ဝက်ထိ တိုးလာသည်။ ပဥ္စမလတွင် အရေပြားဆံပင်တို့ဖွံ့ဖြိုးလာပြီး ငို၍ရလာသည်။ ထို့ကြောင့် လူသား၏သားဥသည် အသီးအရွက်နှင့် တိရစ္ဆာန်ကဲ့သို့မဟုတ်ဘဲ ပြည့်ဝသော လူသားဖြစ်သည်။

ဗုဒ္ဓဘာသာတရားတော်များအရမူ သန္ဓေတည်သည်နှင့်တစ်ပြိုင်နက် (ရုပ်နာမ်ပါ) တည်သည်ဟု ဆိုသဖြင့် သန္ဓေတည်သည်နှင့် တစ်ပြိုင်နက် အသက်ရှိသည်ဟု ဆိုရာရောက်ပါသည်။ ထို့ကြောင့် သန္ဓေသားကို ဖျက်ဆီးခြင်းသည် လူ့အသက်သတ်ခြင်း ကံထိုက်ပါသည်။ ထိုသူသည် ပြန်လည်ပြီး သံသရာတွင် ဝဋ်ကြွေးကို ပြန်လည်ဆပ်ရပါမည်။

မည်သို့ပင်ဖြစ်စေ ကိုယ်ဝန်ဖျက်ချခြင်းသည် ဘာသာတရားများ၏အလိုနှင့် ဘာသာတရားများ၏ ကျင့်ဝတ်များနှင့် မကိုက်ညီခြင်းကို တွေ့ရသည်။ အထူးသဖြင့် ကျွန်ုပ်တို့ခရစ်ယာန်ယုံကြည်သူ တစ်ဦးအနေဖြင့် ဘာသာရေးရှုထောင့်ကကြည့်မည်ဆိုပါက ကိုယ်ဝန်ဖျက်ချခြင်းသည် ဘုရားသခင်၏ သန့်ရှင်းသောဗိမာန်တော်ကို ဖျက်ဆီးခြင်းဖြစ်ပြီး "လူ့အသက် မသတ်ရ"ဟူသောပညတ်တရားကို လွန်ကျူးခြင်းဖြစ်သည်။ ခရစ်ယာန်များသည် သမ္မာကျမ်းစာ၏သွန် သင်ချက်ဖြစ်သော မြင့်မြတ်စင်ကြယ်သောအသက်တာနှင့် တန်ဖိုးထားခြင်း၊ အားနည်းသူ၊ ခိုးကိုးရာမဲ့သူများ(သန္ဓေသားများ) ပေါ်ထားရှိသော ဘုရားသခင်မေတ္တာဂရုဏာတော်အားဖြင့် လူသားတို့အားလုံး၏ အသက် (ဘဝ)ကို ကောင်းစွာပြု စုစောင့်ရှောက်ရန် အတွက် ခရစ်တော်ရှင်က ကျွန်ုပ်တို့အားလုံးကို ဆင့်ခေါ်နေခြင်းပင်ဖြစ်သည်ဟု နားလည်မိပါသည်။

PDF Compressor Free Version



## ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၂၀မှ
# ကျမ်းတတ်ဆရာနှင့်ဖာရိရှဲတို့ဖြောင့်မတ်ခြင်းထက် သာလွန်သည့် ဖြောင့်မတ်ခြင်း (သို့) အကျင့်ဆိုတာ

မောင်တနိုင်းခ

နိဒါန်း

ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၂၀တွင် ဖော်ပြသောကျမ်းချက်က ယနေ့ယုံကြည်သူခရစ်ယာန်တို့၏ အသက်တာ၌ ခရစ်တော်သည် မည်သို့သော အသက်တာမျိုးနှင့် အသက်ရှင်ရန် သွန်သင်ပေးနေသည်ကို ဆင်ခြင်ဖို့ ရန်ဖြစ်ပါသည်။ တစ်ခါတရံ ခရစ်ယာန်အသက်တာတွင် ခရစ်တော်ကိုယုံကြည်လက်ခံ ရုံဖြင့် ခရစ်ယာန်ဖြစ်ခြင်း၌ ပြီးပြည့်စုံပြီဟု လက်ခံယုံကြည်ပြီး အမှန်တကယ်လက်တွေ့ အသက်တာ၌ ခရစ်တော်သွန်သင်ခဲ့သည့် တရားအတိုင်း ကျင့်ကြံအသက်ရှင်ရမည်ကို မေ့လျော့လာကြပါသည်။ ထို့ကြောင့် ရှင်မဿဲ ၅း၂၀ က ယနေ့ခရစ်ယာန်အသက်တာကို မည်ကဲ့သို့ အသက်ရှင်ရန် သွန်သင်ပေးနေ သည်ကို အသက်တာ၌ ဆင်ခြင်ဖို့ရန် ရည်ရွယ်ပါသည်။

> "သင်တို့ဖြောင့်မတ်ခြင်းသည် ကျမ်းတတ်ဆရာနှင့် ဖာရိရှဲတို့ဖြောင့်မတ်ခြင်းထက်မသာလျှင်
> ကောင်းကင် နိုင်ငံတော်သို့ အလျှင်းမဝင်ရ၊ ငါဆို၏။" (ဂဲရက်မူ)

ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၂၀တွင် တွေ့ရသော ဝေါဟာရတို့ကို ဘာသာပြန်ဆိုရာတွင် မြန်မာ ကျမ်းစာမူ၌ အနည်းငယ်ကွဲပြားမှုရှိပါသည်။ ယုဒသာန်မူတွင် "ဖာရိရှဲတို့နှင့် ကျမ်းပြုဆရာတို့ကျင့်သော အကျင့်ထက်မသာလျှင်"ဟု ဘာသာပြန်ထားပြီး ဂဲရက်မူတွင် "ကျမ်းတတ်ဆရာနှင့် ဖာရိရှဲတို့ဖြောင့် မတ်ခြင်းထက်မသာလျှင်"ဟု ဘာသာပြန်ထားသည်ကို တွေ့ရပါသည်။ အင်္ဂလိပ်ကျမ်းစာမူတွင် ၎င်း ဝေါဟာရကို "Righteousness" ဟူ၍ အသုံးပြုထားသည်ကို တွေ့ရပါသည်။ ၎င်းစကားလုံးကို Greek မူရင်းတွင် (δικαιοσύνη) (dikaiosyne)ᵒ ဟူ၍ ဖော်ပြထားပါသည်။ အနက်အဓိပ္ပါယ်မှာ "Right-eousness" "ဖြောင့်မတ်ခြင်း (သို့) ဖြောင့်မှန်ခြင်း" ဟူသော အဓိပ္ပါယ်ကိုရရှိပါသည်။ တနည်းအားဖြင့် လူတစ်ဦးချင်း၏ ဖြောင့်မတ်ခြင်း (သို့) ဖြောင့်မှန်ခြင်းကို ဖော်ပြရာတွင် အသုံးပြုသော စကားလုံးဖြစ်ပါသည်။ သို့ဖြစ်၍ ဤကျမ်းပိုဒ်တွင် ခရစ်တော်က ကျမ်းတတ်ဆရာနှင့် ဖာရိရှဲတို့၏ မည်သည့်ဖြောင့်မတ်ခြင်း (သို့) အကျင့်ကို ပြောနေခြင်းဖြစ်သည်ကို နားလည်ရန်လိုအပ်ပါသည်။ ဤအကြောင်း

PDF Compressor Free Version

အရာ ကို မလေ့လာမည် ဖြောင့်မတ်ခြင်းနှင့် အကျင့်တရားတို့၏ သဘောတရားကို အနည်းငယ်ဖော်ပြလို ပါသည်။ ဖြောင့်မတ်ခြင်းဟုဆိုရာတွင် သမ္မာကျမ်းစာတွင် မှန်ကန်သောဆက်ဆံမှုတည်ဆောက်ရေး၌ ဘုရားသခင်၏ ပြုတော်မူချက်များနှင့် ဆက်စပ်သောလုပ်ဆောင်မှုများကို ဆိုလိုခြင်းဖြစ်သည်။ ကိုယ်ကျင့်တရားအရ ဖြူစင်သန့်ရှင်းခြင်း၊ မှန်ကန်သောလမ်းအား ကျင့်ကြံအသက်ရှင်ခြင်းကို ဆိုလိုပါသည် (ဆာလံ ၉၆း၁၃၊ ၉၇း၆၊ ၁၀၆း ၃)[၂]။ တနည်းအားဖြင့် ဖြောင့်မတ်ခြင်းသည် ဖြောင့်မတ်ကြောင်း ကြေငြာခြင်း (သို့မဟုတ်) ဖြောင့်မှန်ကြောင်း မှတ်ယူခြင်းဟူ၍ဖြစ်သည်။ ယင်း ဝေါဟာရသည် တရားခုံရုံးမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး တရားသူကြီး၏လုပ်ရပ်ကို ဖော်ပြခြင်းလည်းဖြစ်ပါသည်။ ဟေဗြဲဘာသာစကား၏ ဖြောင့်မတ်ခြင်းကို NRSV ကျမ်းစာ၌ "လွတ်မြောက်ခြင်း၊ ကယ်တင်ခြင်း"အဖြစ် အသုံးပြု ထားကြောင်း ရှင်းလင်းစွာတွေ့မြင်ရပါသည် (ဟေရှာယ ၅၁း၅၊၆၊၈)[၃]။ ရှင်ပေါလု၏ ဩဝါဒစာစောင်တွင်လည်း "ဖြောင့်မတ်ခြင်း"ကို (justify) (တရားမျှတခြင်း၊ ဖြောင့်မှန်ခြင်း) ဟု ဖော်ပြထားသည်ကို တွေ့ရပါသည် (တ ၁၇း၃၁၊ ဟေဗြဲ ၁၁း၃၃)[၄]။ သို့ဖြစ်၍ ဘုရားသခင်၏ ထင်ရှားသည့် ဖြောင့်မတ်ခြင်း မှာ ကတိတည်ခြင်းဖြစ်ပြီး လူသားတို့၏ ဖြောင့်မတ်ခြင်းကို ဖော်ပြသည့်အခါ သစ္စာရှိသောနာခံမှုအားဖြင့် ဖြောင့်မတ်ခြင်းကို ဖော်ပြလေ့ရှိသည်ဟု အနက်ဖွင့်ဆိုထားပါသည်။[၅] တနည်းအားဖြင့် ဖြောင့်မတ်ခြင်းသည် ဘုရားသခင်၏ ပဋိညာဉ်တရားကို နာခံခြင်းဖြင့် စောင့်ရှောက်ခြင်းပင်ဖြစ်သည် (ထွက် ၁၉း ၅)။ ယုဒလူမျိုးများက ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကိုရရှိရန် သိနာတောင်ပေါ်တွင် မောရှေအားဖြင့် ဘုရားသခင်ပေးခဲ့သည့် ပညတ်တော်(၁၀)ပါးအား နာခံခြင်းဖြင့် အသက်ရှင်ကြပါသည်။ ထိုကဲ့သို့ အသက်ရှင်ခြင်းကို အကျင့် တရားဟုခေါ်ပါသည်။ အကျင့်တရားသည် (deed, work and action) ဖြစ် ၍ ပညတ်တရားအတိုင်း ကျင့်ကြံနေထိုင်ခြင်းကို အကျင့်တရားဟုခေါ်ပါသည်။ သို့ဖြစ်၍ လူတစ်ဦး၌ အကျင့်တရားသည် အစပထမလုပ်ဆောင်ရမည်ဖြစ်ပြီး ဖြောင့်မတ်ခြင်းမှာ ထိုအကျင့်တရားကို လုပ် ဆောင်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်ကြောင်း နားလည်ရပါသည်။ ထို သဘောတရားကို ရှင်ယာကုပ် သည်လည်းကောင်းမွန်သော အကျင့်တရားအားဖြင့် ဖြောင့်မတ်ရာသို့ရောက်မည်ဟု ဖော်ပြထားသည်ကို တွေ့ရမည်ဖြစ်သည် (ယာ ၂း၂၄)။ ထိုသို့ဆိုသော် ပညတ်တရားအတိုင်း လိုက်လျှောက်နိုင်မှ ဖြောင့်မတ်ခြင်းကိုရရှိမည်ဟု ဆိုလိုခြင်းမဟုတ်ပေ။ ပညတ်တရားက လူသားတို့၏အသက်တာ၌ အပြစ်ရှိ ကြောင်းကိုဖော်ပြ၍ ကယ်တင်ရှင် သခင်ခရစ်တော်ကို လိုအပ်ကြောင်းညွှန်ပြပေးသည့်အရာတစ်ခုဖြစ်ပါသည်။ (ရော ၈း၃၊ ဂလာတိ ၃း၂၄)။ သို့ဖြစ်၍ လူသားတို့သည် ပညတ်တရားကိုကျင့်ကြံခြင်းဖြင့် ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကိုရရှိရန် မလုံလောက်ပေ။ ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်၏ ကျေးဇူးဂရုဏာအားဖြင့်သာ ထိုဖြောင့်မတ်ခြင်းသရဖူကို ရရှိမည်ဖြစ်ပါသည်။

သို့ဖြစ်၍ ဖာရိရှဲတို့၏ ဖြောင့်မတ်ခြင်း (သို့) အကျင့်ဟု ခရစ်တော်အဘယ့်ကြောင့် ပြောသည် ကိုကြည့်မည်ဆိုလျှင် ယုဒဘာသာရေးခေါင်းဆောင်ဖြစ်သော ဖာရိရှဲတို့သည် ပညတ်တရားကို အဓိက အလေးထားပြီး ပညတ်တရားမှတောင်းဆိုချက်များအတိုင်း လိုက်လျှောက်ရန်မှာ ၎င်းတို့၏ ဦးတည်ချက်နှင့် ဆန္ဒပင်ဖြစ်ပါသည်။[၆] ဖာရိရှဲတို့သည် ပညတ်တရားကို ကျင့်ကြံလိုက်လျှောက်ခြင်းဖြင့် ဘုရားသခင်ထံမှ ဖြောင့်မတ်သူဖြစ်ခြင်းကိုခံရမည်ဟု ယုံကြည်ကြသည် (တရား ၆း ၁-၁၇)။ ထို့ကြောင့် ဖာရိရှဲတို့သည် ဘုရားသခင်ကိုချစ်ကြောင်းကို ပညတ်တော်ကိုစောင့်ရှောက်ခြင်းဖြင့် ဖော်ပြပါသည်။ သို့ဖြစ်၍ ဖာရိရှဲတို့၏ အသက်တာသည် ပညတ်တရားအား ကျင့်ကြံနိုင်မှုပေါ်တွင်အခြေခံ၍ လူတစ်ယောက် သည် ဘုရားသခင်ရှေ့တွင် ဖြောင့်မတ်ခြင်းရှိမရှိ စီရင်ခဲ့ကြပါသည်။

PDF Compressor Free Version

တနည်းအားဖြင့် ဘုရားသခင်၏ ဂရုဏာတော်ကိုအခြေမခံဘဲ ပညတ်တရားအား ကျင့်ကြံမှုပေါ်တွင် အခြေခံ၍ (Self goodness) မိမိ ကိုယ်မိမိကောင်းကြောင်းကို ဝင့်ကြွားသော အသက်တာဖြင့် အသက်ရှင်ကြပါသည်။ ထို့ကြောင့် ခရစ် တော်က ကျမ်းတက်ဆရာနှင့် ဖာရိရှဲတို့ဖြောင့်မတ်ခြင်း (သို့)အကျင့်ဟုပြောရာတွင် ပညတ်တရားကို စောင့်ရှောက်ခြင်းဖြင့် ယုဒဘာသာတရားအပေါ်တွင် သစ္စာရှိသူများဖြစ်ကြောင်းကို ဖော်ပြသည့်အနေဖြင့် ခေါ်ဝေါ်ခြင်းသာဖြစ်ပြီး စစ်မှန်သော ဘုရားသခင်၏ ကျေးဇူးဂရုဏာအားဖြင့်ရရှိသည့် ဖြောင့် မတ်ခြင်း၊ စင်ကြယ်ခြင်းကို ဖာရိရှဲတို့အား ခရစ်တော်ပြောနေခြင်းမဟုတ်ကြောင်း သိရပါသည်။

ထိုသို့ဆိုသော် ခရစ်တော်သည် ကျမ်းတတ်ဆရာနှင့် ဖာရိရှဲတို့၏ ပညတ်တရားအပေါ်အခြေခံသည့် ဖြောင့်မတ်ခြင်း (သို့) အကျင့်တို့ကို လုံးဝပြိုင်ဘက်အဖြစ် ဆန့်ကျင်နေခြင်းမဟုတ်ပေ။ အဘယ်ကြောင့်ဆိုသော် ကျမ်းစောင်၌ ကျမ်းတက်ဆရာနှင့် ဖာရိရှဲတို့ဖြောင့်မတ်ခြင်း "ကဲ့သို့"ဟူ၍ မဖော်ပြခဲ့ပေ။ မြန်မာကျမ်းစာတွင် "ထက်မသာလျှင်"ဟူ၍သာ ဖော်ပြခဲ့ပါသည်။ ၎င်းစကားလုံးကို Greek မူရင်း တွင်လည်း (not enough) "လုံလောက်မှုမရှိ"ဟူသော အဓိပ္ပါယ်ကို တွေ့ရပါသည်။ တနည်းအားဖြင့် ခရစ်တော်သည် ကျမ်းတတ်ဆရာနှင့် ဖာရိ ရှဲတို့၏ ဖြောင့်မတ်ခြင်း (သို့)အကျင့်သည် ကောင်းကင်နိုင်ငံ သို့ဝင်နိုင်ရန် လုံလောက်မှုမရှိကြောင်းကို သွန်သင်နေခြင်းသာဖြစ်ပါသည်။ ထို့ကြောင့် ခရစ်တော်က တပည့်တို့နှင့် လူအပေါင်းတို့အား သင်တို့၏ ဖြောင့်မတ်ခြင်းသည် ထိုသူတို့၏ ဖြောင့်မတ်ခြင်းထက် သာလွန်ရမည်ဟု သွန်သင်ခြင်းဖြစ်သကဲ့သို့ ယနေ့ခရစ်ယာန်တို့ကိုလည်း ထိုနည်းတူစွာ ခရစ်တော်သွန်သင်နေခြင်းဖြစ်ပါသည်။ အမှန်စင်စစ် ခရစ်တော်သည် တပည့်တော်တို့နှင့် လူအပေါင်းတို့ကို သွန်သင်ရာတွင် ငါ့ကိုယုံကြည်ရုံဖြင့် ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းကိုရရှိမည်ဟု မသွန်သင်ခဲ့ပေ (မ ၇း၂၁)။ သို့ဖြစ်၍ ခရစ်ယာန်အသက်တာသည် ခရစ်တော်ကိုယုံကြည်သည့်နည်းတူ ခရစ်တော်သွန်သင် ခဲ့သည့် တရားအတိုင်း လက်တွေ့အသက်တာ၌ အသက်ရှင်ဖို့ရန်လိုအပ်ပါသည်။ ထိုကဲ့သို့သော အသက်တာ၌ အသက်ရှင်ရန် ခရစ်တော်သွန်သင်နေခြင်းဖြစ်ပါသည်။ တနည်းအားဖြင့် ခရစ်ယာန်အ သက်တာသည် ဘုရားသခင်ကို ချစ်ကြောင်းကို ယုံကြည်ခြင်းနှင့်ဖော်ပြပြီး ယုံကြည်ခြင်း၏နောက်မှာ (deed, work and action) "လုပ် ဆောင်ခြင်း"၊ (commitment) "ကတိကဝတ်" စသောအချက်များမှာ အသက်တာ၌ လုပ်ဆောင်ရပါသည်။ ထိုကဲ့သို့ ယုံကြည်ခြင်းကိုဖော်ပြသည့်အခါ (Self centre) မိမိကိုယ်ကို ဗဟိုပြုသော ယုံကြည်ခြင်းဖြင့် ဖော်ပြခြင်းမဟုတ်ဘဲ (Christ centre) ခရစ်တော်ကို ဗဟိုပြုသော ယုံကြည်ခြင်းဖြင့် ဖော်ပြရမည်ဖြစ်ပါသည်။ ထို့အပြင် ခရစ်ယာန် ယုံ - ကြည်မှုတွင် မိမိ၏အသက်တာကို မိမိ ကပိုင်လျက် မိမိကသာအုပ်စိုးရမည်ဟူသော တစ်ယူသန်စိတ်ထား (ego centric life) မှ ခရစ်တော်ကို အုပ်စိုးခွင့်ပြုသော ခရစ်တော်ဗဟိုပြုသည့်အသက်တာ (Christo centric life) အဖြစ် ပြောင်းလဲရမည် ဖြစ်ပါသည်။[၇]

သို့သော် ယနေ့ခေတ်တွင် ခရစ်တော်ကို ဗဟိုပြုသည့်အသက်တာနှင့် ခရစ်တော်၌တည်မြဲသည့် အသက်ရှင်ခြင်းတို့၌ အနည်းငယ်ပေါ့လျော့လာပြီး နှုတ်၊ လျှာ၊ ပါးစပ်အားဖြင့် ခရစ်တော်ကိုယုံကြည်သည့် အသက်တာများလာပါသည်။ ထို့အပြင် ခရစ်ယာန်တစ်ဦးဖြစ်ခြင်းသည် အလွန်လွယ်ကူလှသော အရာဖြစ်သည်ဟု အချို့သော ခရစ်ယာန်တို့က လက်ခံထားကြပါသည်။ ထိုကဲ့သို့ လက်ခံထားကြသည့် အတိုင်း ယနေ့ ၂၁ရာစု၌ ခရစ်ယာန်တို့သည် ခရစ်ယာန်ဖြစ်ခြင်း၏ အနှစ်သာရပျောက်ကွယ်ပြီး လူမှုအဖွဲ့အစည်းအသင်းဝင်တစ်ခုအနေဖြင့်သာ ခံယူ၍ ပေါ့ဆစွာဖြင့် အသက်ရှင်လာကြသည်ကို တွေ့ရပါသည်။ ထို့အပြင် (Prosperity Gospel) "အောင်မြင်

PDF Compressor Free Version

ကြွယ်ဝပြည့်စုံသော သတင်းကောင်း”[၈] ဟူသော ခရစ်တော်ကို ယုံကြည်လျှင် ကြွယ်ဝချမ်းသာခြင်းရမည်၊ အရာအားလုံးပိုင်ဆိုင်နိုင်မည်၊ ဆင်းရဲဒုက္ခခံ စားရခြင်းမှ ကင်းလွတ်မည်စသော လွဲမှားသော သွန်သင်ခြင်းတို့ကို ယုံကြည်လက်ခံ၍ အသက်ရှင်နေကြသည့် ခရစ်ယာန်များစွာလည်းရှိလာပါသည်။ အချို့တို့က ကျေးဇူးတော်ကာလဟု လက်ခံ၍ မိမိတို့ အသက်ရှင်လိုသော အသက်ရှင်မှုပုံစံအတိုင်း အသက်ရှင်ပြီး အပြစ်တရားလည်း နောက်ထပ်မရှိနိုင် တော့ကြောင်း ခရစ်ယာန်အသက်တာ၌ ခံယူအသက်ရှင်လာကြသည်ကို ယနေ့ခေတ်၌ တွေ့မြင်နေရပါသည်။ တနည်းအားဖြင့် ခရစ်ယာန်တို့၏ အသက်ရှင်မှုသည် လောကီဆန်လာပြီး ပြည့်စုံသောကျန်းမာခြင်း၊ သက်တောင့်သက်သာရှိသော ဘဝပုံသဏ္ဍာန်၊ ထာဝစဉ်ပျော်ရွှင်မှု၊ မျှော်လင့်ထားသော အိပ်မက်များ၊ အကြွင်းမဲ့ ပြည့်မြောက်မှု၊ ယုံကြည်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် ပြဿနာများမှ ချက်ခြင်း လွတ်မြောက်မှုရခြင်းစသည်ဖြင့် အဓိပ္ပါယ်လွဲမှားဖွင့်ဆိုလာကြပါသည်။ ထိုသို့ခံယူသော သူတို့သည် ခရစ်ယာန်အသက်တာကို သက်တောင့်သက်သာ လွယ်ကူချောမွေ့ဖို့ မျှော်လင့်နေကြသည့်သဘောကို တွေ့မြင်လာရပါသည်။[၉] အမှန်စင်စစ် ခရစ်တော်ကို ယုံ–ကြည်သော ခရစ်ယာန်အသက်တာသည် လွယ်ကူစွာ အသက်ရှင်နိုင်သော အသက်တာမဟုတ်ပေ။ သမ္မာကျမ်းစာ၏ သွန်သင်ချက်၌လည်း ကျင့်ကြံ လိုက်လျှောက်ရန် လွယ်ကူပေါ့ပါးစွာ သွန်သင်ထားသော တရားများ မတွေ့ရပေ။ ထို့အပြင် ခရစ်တော် သွန်သင်ခဲ့သောတရားနှင့် မိန့်တော်မူခဲ့သော စကားတော်တို့သည်လည်း လွယ်ကူစွာဖြင့် လိုက်လျှောက် နိုင်သော တရားများမဟုတ်ကြောင်းသိရပါသည်။ ခရစ်တော်၏ သွန်သင်ချက်မှာ ခရစ်ယာန်တို့သည် ဖာရိရှဲတို့၏ ဖြောင့်မတ်ခြင်း (အကျင့်)တို့ထက်သာလွန်သော အသက်တာဖြစ်ရမည်ဟု သွန်သင်ခဲ့ခြင်း ဖြစ်ပါသည်။ တနည်းအားဖြင့် ခရစ်ယာန်အသက်တာသည် အတွင်းစိတ်နလုံးနှင့် အပြင်ပန်းအသက်ရှင်မှုတို့သည် တစ်ခုတည်းဖြစ်ရမည်ဖြစ်ပါသည်။ ယနေ့၂၁ရာစု၌ ခရစ်ယာန်များသည် နှုတ်၊ လျှာ၊ ပါးစပ်အားဖြင့်သာ ဘုရားသခင်ကို တောင်းတအော်ဟစ်၍ လက်တွေ့အသက်တာ၌ ခရစ်တော်သွန်သင်သည့်တရားအတိုင်း ကျင့်ကြံအသက်ရှင်မှုတို့၌ အားနည်းလာခဲ့ကြပါသည်။ ခရစ်ယာန်အသက်တာသည် ဖာရိရှဲတို့ထက်သာလွန်ရမည်ဟူ၍ သွန်သင်ခဲ့သော်လည်း ခရစ်ယာန်တို့သည် ခရစ်တော်ကို လက်ခံယုံကြည်ခြင်းမှလွဲ၍ ဖာရိရှဲတို့၏ အသက်တာကဲ့သို့သာလျှင် အသက်ရှင်နေသည့် ခရစ်ယာန် များရှိနေစဲပင်ဖြစ်ပါသည်။ အဘယ်ကြောင့် ဆို–သော် ခရစ်ယာန်အချို့တို့သည် ခရစ်ယာန်ဖြစ်ခြင်းနှင့် ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ်လက်ခံသည့် အဆင့်မှာသာ ကျန်ရစ်ခဲ့ပြီး မိမိတို့၏ စိတ်နလုံး တွင်းထဲ၌ ခရစ်တော်ကို မိမိကယ်တင်ရှင်အဖြစ်လက်ခံပြီး ခရစ်တော်သွန်သင်ခဲ့သည့်တရားအတိုင်း လိုက်လျှောက်ဖို့ရန်မှာတော့ ကျင့်ကြံခြင်း၊ လက်တွေ့အသက်တာ၌ အသက်ရှင်ခြင်းမရှိသောကြောင့်ဖြစ်ပါသည်။ တနည်းအားဖြင့် ခရစ်တော်ကို ယုံကြည်လက်ခံလိုက်ရုံဖြင့် ခရစ်ယာန်အသက်တာသည် ပညတ်တရားကို စောင့်ရှောက်ပြီးဖြစ်သော်လည်း ယုံကြည်ခြင်းသာရှိပြီး ခရစ်တော်သွန်သင်သည့် တရားအတိုင်း အသက်တာ၌လိုက်လျှောက်ခြင်းမရှိသည့်အခါ ဖာရိရှဲတို့၏ ပညတ်တော်ကို စောင့်ရှောက်နေခြင်းကဲ့သို့ပင်ဖြစ်နေပါသည်။ သို့ဖြစ်၍ ခရစ်ယာန်အသက်တာသည် လက်တွေ့အသက်ရှင်ရ သော အသက်တာဖြစ်သည့်အတွက် မဿဲ၅း၂၀၌ ယနေ့ခရစ်ယာန်တို့ကို ခရစ်တော်သွန်သင်သည်မှာ ဖာရိရှဲတို့၏ ဖြောင့်မတ်ခြင်း (သို့) အကျင့်တို့ထက် ဘုရားသခင်၏ အလိုတော်နှင့်ညီသော ကောင်း သောအကျင့်နှင့် ဘုရားသခင်ကို နှစ်သက်စေနိုင်သော ကောင်းသောအကျင့်တို့အားဖြင့် အသက်ရှင်ကြ ရန် ခရစ်တော်သွန်သင်ခြင်းဖြစ်ကြောင်းကို ဆင်ခြင်မိပါသည်။ ခရစ်ယာန်အသက်တာသည် မိမိအစွမ်း အစဖြင့် ကယ်တင်ခြင်းရရန် လုပ်ဆောင်နိုင်ခြင်းမရှိသော်လည်း

PDF Compressor Free Version

ခရစ်တော်ကိုယုံကြည်သောကြောင့် ဘုရားသခင်၏ ကျေးဇူးဂရုဏာတော်အားဖြင့် ဖြောင့်မတ်ခြင်း (သို့) ကယ်တင်ခြင်းအသက်တာကို ရရှိခြင်းဖြစ်သော်လည်း ရှင်မဿဲခရစ်ဝင်ကျမ်း ၅း၂၀၏ ဖော်ပြချက်အရ ခရစ်တော်သည် ယနေ့ကျွန်ုပ် တို့ကို ကောင်းကင်နိုင်ငံသားဖြစ်နိုင်ရန် စံနှုန်းနှင့်ညီသော ကောင်းသောအကျင့်တို့ကို ကျင့်ကြံအသက်ရှင်ရန် လိုလားကြောင်း ဆင်ခြင်မိပါသည်။

နိဂုံး

ထို့ကြောင့် ယနေ့ ခရစ်တော်ကို ယုံကြည်လက်ခံနေကြသော ခရစ်ယာန်တို့ ကျင့်ကြံလိုက် လျှောက်ရမည့် အသက်တာမှာ ခရစ်တော်၏ အသက်တာကဲ့သို့ ကြိုးစားအသက်ရှင်ပြီး ခရစ်တော်မှာကြားခဲ့သည့် ပညတ်တော်(၁၀)ပါး၏ အနှစ်သာရဖြစ်သော ဘုရားသခင်ကို ကြည်ညိုရှိသေခြင်း (ချစ် ခြင်း)နှင့် လူသားအချင်းချင်း ရိုသေလေးစားခြင်း (ချစ်ခြင်း)ဟူသော ပညတ်သစ်ကို လက်တွေ့အသက် တာ၌ကျင့်ကြံအသက်ရှင်၍ ဘုရားသခင်ထံမှ ဖြောင့်မတ်ခြင်းဟူသောသရဖူကို ခံယူရမည်ဖြစ်ကြောင်း ရှင်မဿဲ ၅း၂၀က ယနေ့ ကျွန်ုပ်တို့ ယုံကြည်သူ ခရစ်ယာန်တို့ကို သတင်းစကားပေးနေခြင်းပင်ဖြစ်ပါသည်။

## End Notes


၁။ Bible works7.

၂။ Donald K.Mckim, Westminster Dictionary of Theological Terms: ed. Edited by Salai Siang-awr Vanhnin, (ရန်ကုန်၊ မြန်မာနိုင်ငံ သီဩလိုဂျီပညာရေးအသင်း၊ ၂၀၁၃)၊ စာ - ၄၁၀။

၃။ Roger Bowen, A Guide to Romans, (Cambridge: SPCK, 2009), P- 311-320.

၄။ ပါစတာဒွေး၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် Anglican Digest, "ဖာရိရှဲထက် မသာခဲ့ရင်"၊ ဥသူ.၁ - ၅ (ရန်ကုန်၊ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၊ အင်္ဂလီကန်ရေးရာနှင့် သုတေသနဌာန၊ ၂၀၁၅)၊ စာ - ၂၉၇။

၅။ Ralph P. Martin & Peter H. Davids, Dictionary of the later New Testament & Its Develop-ments: Righteousness (U.S.A: Inter Varsity Christian Fellowship, 1997), P-1053.

၆။ William Barclay, (ဆရာဦးဇော်နိုင်ထွန်း ဘာသာပြန်)၊ ရှင်မဿဲခရစ်ဝင်ကျမ်း ပထမတွဲ(၁ - ၁၀) (ရန်ကုန်၊ မြန်မာနိုင်ငံနှစ်ခြင်း ခရစ်ယာန် အသင်းချုပ်၊ ၂၀၁၃) စာ - ၁၄၅။

၇။ သိက္ခာတော်ရ ဒေါက်တာဆိုင်မွန်ပေါင်ခန့်အင်း၊ ၂၁ရာစုအတွက် ခရစ်ယာန်ဓမ္မအတွေးအခေါ် (ရန်ကုန်၊ နှစ်ခြင်းပုံနှိပ်တိုက်၊ ၂၀၀၉)၊ စာ - ၃၆၆။

၈။ Rev. Aung Myo Tun, "Anglican Study," (Lecture, B.Th Class, Holy Cross Theological College, Yangon, 2018).

၉။ Billy Graham and Franklin Graham, ဘဝခရီးနှင်စေသောရည်ရွယ်ချက် (ဘာသာပြန်) (ရန်ကုန်၊ မြင့်ပုံနှိပ်တိုက်၊ ၂၀၀၈)၊ စာ - ၂၂၂။

PDF Compressor Free Version





# TOWARD A MISSIONAL CHURCH IN THE 21ST CENTURY”

By Rev. Salai David

Introduction

It is one of African saying that “If you want to go quickly, you can go alone,” yet “If you want to go far, you should go together with your accompany.” If and when a Christian Church is going to upgrade a ‘Missional Church’ from an Established Church or Consumer Church, the people in the Church will be transformed into the Missional People or Community. This means that all Church members need to undertake their responsibilities in the Church by the guidance of the Holy Spirit in the Mission of God.[1] The parishioners in the Church will be mobilized as Missionary or Evangelists because the Church cannot exist without Missional People. Thomas stated that “If it is something God co-opts us for or drafts us into, simply because to be loved by God is to be gathered up by him into his purposes, then how can we prepare for it, or be trained for it, or grow into it?”[2]

1. Missional Concepts from the Bible

God’s mission is to redeem and to restore the world to its intended purpose. Thus, the mission of God is the reason that the church exists. When the people work in God’s mission, they will become the living signs of God’s intended future for the world.[3] God, by nature, has right from the beginning been reach-

PDF Compressor Free Version

-ing out to humanity out of love through the Spirit, the Spirit of God imparts God's life to "earth creature" (Adam) (Gen 1), gives life even in the most desperate circumstances (Ezek 37: the dry bones; Ezek 47: the living water from the temple); inspires prophets (Isa 61) and inspired Jesus (Luke 4:18-19) and later the Apostles (Acts 2:1-4).[4] Likewise, all creatures are exactly controlled in the universe by God's order or mission.

According to Richard, Jesus was conscious that he had a mission of preaching the Kingdom of God (Mark 1, 14-15; Luke 4, 16-30) in word and deed. In order to continue this mission, Jesus called and associated a close group of 12 men that he called his disciples: to be with him (Mark 3, 14-19); in view of learning from him; to be sent out to preach and act as he did (Mark 6, 6-13). Each missionary presents the call of the disciples in his own way, but one has to learn to be first of all a disciple, at the feet of Jesus, before being sent out to preach and act as he did. Nothing can replace the time spent at the Master's feet.[5]

Furthermore, Paul's teaching in Acts 20:27, Eph 1: 9-10, God has a purpose and goal for his whole creation, which is called the "whole will [plan] of God." God has called the people to involve into that divine mission with God in the accomplishment of Missio Dei.

All our mission flows from the prior mission of God. With this concept, Mission is the global outreach of the global people of a global God.[6] They are missional people practicing in God's mission in the global Church. Therefore, Paul said that "every disciple is an agent, and to carry the mission of God into every sphere of life (Rom 12:5)," as the missional leaders.

## 2. What is A Missional Church?

Missional Church is a term that entered popular usage with the publication in 1998 of Missional Church: A Vision for the Sending of the Church in North America edited by Darrel Guder.[7] A Missional Church is a unified body of believers intent on being God's missionary presence to the indigenous community that surrounds them, recognizing that God is already at work. Missional Churches see themselves as agents of God's pre-existing mission within their own indigenous communities, and they engage those communities on common ground without compromise,. What then is the current status of the Missional Church?[8] Thomas Keller stated that "If God is indeed the true missionary, it was said, our business is to not promote the mission of the church, but to get out into the world, find out "what God is doing in the world," and join forces with him. And "what God is doing" was generally thought to be in the secular rather than

PDF Compressor Free Version


in the religious sectors of human life. The effect, of course, was to look for what seemed to be the rising powers and to identify Christians' missionary responsibility with support for a range of political and cultural developments."[9]

3. The Missional Church

Of the nature in Missional church, a mission mobilizer is a Christian who not only wants to get involved in evangelism and missions work but who wants to get other people involved as well. This is in obedience to the Great Commission in Matt. 28: 19-20, and to the words in 2 Tim 2: 2. God can use anyone who loves Jesus.[10] Principally, the key to the formation of Missional communities is their leadership. The Spirit empowers the church for mission through the gifts of people. Leadership is a critical gift, provided by the Spirit because, as the Scriptures demonstrate, fundamental change in any body of people requires leaders capable of transforming its life and being transformed themselves.[11] A true missionary will be transformed by the Holy Spirit.

Lesslie Newbigin consequently wrote these words in the late 1970s: "If God is indeed the true missionary, it was said, our business is not to promote the mission of the church, but to get out into the world," find out "what God is doing in the world," and join forces with him. And "what God is doing" was generally thought to be in the secular rather than in the religious sectors of human life. The effect, of course, was to look for what seemed to be the rising powers and to identify Christians' missionary responsibility with support for a range of political and cultural developments.[12] Missionary or Missional leaders will upgrade the peoples' life and knowledge. Anglican pioneers missionaries served in the midst of the people for education of the people in Myanmar promoting their life.

In fact, Jesus himself, at the meal which inaugurated his new covenant with men, showed his followers for all time the one way to carry on the work of the Son. "I am in the midst of you as one who serves.[13] The Missional church also needs to serve in the midst of the community as selfless servant. They, non-Christians, will be transformed into the believers by the power of the Holy Spirit. Anglican mission school in the past did not motivate the students to convert Christians' life during the colonial period by missionaries as school teachers.

Thus, how we have to prepare the Missional people and community in the diocese is to train the pastors, staffs, the members of committee for organizational vision and values, and getting the Spiritual development in the ministry by

PDF Compressor Free Version

prayer. The procedure of management will upgrade the Missional goals by their strategic plans. And then the communication is essential for the congregational involvement in the mission fields. There will be encouraged the workers who are working as Missional workers for Anglican Diocese, respectively.[14] Prayer chain is very important between the church and missionary in mission frontier, need God's guidance.

These concepts will help them to be the church as Missional church in the 21st century. Business people can join to the mission teams to establish businesses which will sustain the work. In this way, the team can receive part of their support from the churches which send them, and part from their tent making work.[15] Paul as tentmaker who did mission in early church, likewise the parishioners in the Anglican Diocese of Yangon can be done like Paul in the midst of other believers or non- Christians in Myanmar.

4. Formation of Missional Leadership

How are Missional Leaders to be formed in order for them to live lives worthy of their calling in Eph. 4:1? Traditionally, the Church leaders must go beyond merely focusing on morals and ethics that are unconnected to how persons live within their local context. Thus, Missional Formation of Leaders is much more emphasis to build strong character in dealing with money. The lack of public trust in Christian leaders is increasing as people lose confidence in leaders' capacity to be authentic. One of things is that the formation of Missional leaders should aim at developing credible and just business ethics.[16] Beside, Missional Leadership cultivates the practice of indwelling Scripture and discovering places for experiment and risk as people discover that the Spirit of God's life-giving in Jesus is amongst them.[17] St. Paul the apostle taught the people in Rome, "In Christ we who are many form one body, and each member belongs to us, and so we are responsible for it, and we make decisions about it together in Roman 12: 5. Hence, we are responsible for one another and make decisions together. For God is a missionary God, and God's primary method is his covenant people. Humanity was made in the image of the Triune God.[18]

5. Missional Leadership

Missional Leaders are transformed by the Holy Spirit (Eph 4). Dan Shefield stated that Missional Leader is to engage with society and local context by his skills of leadership.[19] Missional leader is not only to know "A Missional Theology," but also to apply to the whole life of every believer in church mission. All disciples are missionaries sent into a non-Christian culture.[20] Greg-

PDF Compressor Free Version

ory Cary said that Missional leaders are theologically controlled by the Holy Spirit, and also in detail of daily life and especially in the matter of missionary strategy. This means to be said that Missional leader has to balance of the spirit in the areas spoken about the vision, sensitivity and understanding, prayer, encourager of people, committed to high standards in communication, and a reader.[21] During the WW II, the indigenous priests in the Anglican Diocese of Yangon, Myanmar worked hard to tour pastoral visitation to the parishioners in Delta and Pyay Area. They had encouraged and prayed together with them, and sharing the good news, as the apostles were among the spreading Christian believers in early church.

Likewise, the church of the sub-apostolic age was initially witnessing a transition from the flexibility and fluidity of a missionary situation to that of ordered communities which needed leadership, pastoral care and teaching. Anglican Church is apostolic succession and practices the threefold ministry. This concept was flowed from the Ignatius' order, which is now seen threefold ministry as bishop, priests and deacons. Later, the Missional leaders as threefold ministry have arrived in the church.[22] The 'priestly' character of ministry thus receives a very full expression in the theology of Cyprian, Bishop of Carthage (AD 210-58). The priest, as well as the martyrs, can convey God's blessing and forgiveness: the latter by his blood; the former by the church's authority, through which he may give sacramental absolution. According to Cyprian's concept of ministry is church centred. Cyprian calls the choice of the minister by the people a 'divine right'.[23] Thomas Kemper said about global ministries that "The church in mission is a sign of God's presence in the world.[24]

In Anglican Church, Parishioners are especially the lay members as communicants who partake of the Sacraments and are encouraged to play an active role in the Parish mission, volunteering in many capacities. They are relied upon to financially support the Parish. The head of the Parish is appointed by the Bishop who will manage mission operation to implement in the church with departmental staffs of Evangelism and Mission as Missional people.[25] Especially, Missional leadership is shaped by the revelation of Jesus Christ (Mark 1:14-15).[26] Missional leader cultivates the practice of indwelling Scripture and discovering places for experiment and risk as people discover that the Spirit of God's life-giving future in Jesus is amongst them.[27] With these concepts, clergymen induct the laymen as Missional people in the church by their cooperation in God's ministry. By practicing this way, there will have a Missional community and church in

PDF Compressor Free Version

God's kingdom in future and present Myanmar.

If reflecting on the mission of Jesus and of the early church communities such as koinonia as life witness, which means "communion," diohonia as work-witness, and kerygma as Word-witness. The church is gathered to continue the mission of Jesus in the world by Missional people as leaders. At its core, Missional church is how we cultivate a congregational environment where God is the centre of conversation and God shapes the focus and work of the people. In order to create an environment, the people discern God's activities among them and in their community context.[29] As clergymen are the leaders in the church, and the parishioners are also the leaders to implement God's plans in the community.

6. Ethos of Missiology in Anglican Mission

Predominantly, the model of Anglican ecclesial identity in the communion, the church's mission is to all. Anglicanism can never be a sect. The Church of England is a territorial church and embraces all within its parishes who do not refuse its ministry. In fact, the ethos of Anglican mission is essentially inclusive, not exclusive. Most churches in the Anglican Communion are not territorially based, being outward-looking and offering their pastoral ministry to all who are willing to receive it.[30]

In fact, Ian T. Douglas wrote "A new understanding of Anglican identity is that Anglican believers are to remain in communion across the colours and cultures, nations and nationalities that Anglicanism now embodies.[31] Anglican Churches in Myanmar basically practice the structure with four main pillars, Men's Association, Mothers' Union, Anglican Young People Association and Religious Committee, etc. They support to the Church for mission at all level who accept the Church as their mission. This can be said that it is the Missional goal of Anglican Diocese as an ethos of Anglican Mission. According to Paul Avis, the meaning of mission can be said that Mission is embracing everything for His glory on earth as it is in heaven.

7. Toward A Missional Church in the 21st Century

Consequently, Anglican Church can embrace everything without discrimination. But some of the church leaders could not understand the nature of God in the Global Church. As if we know God is a Missionary God, the church will be a Global Church. Globalization is a term that means different things to different people in different situations.[32] For God is working for all

PDF Compressor Free Version


and with all that is a sign of His presence. After leaving foreigner missionaries in Anglican, Myanmar was a national church changed as the Church of the Province of Myanmar. Thus, all parishioners will undertake their responsibilities in the church for changing to the Missional community from an established church in Myanmar because it is one of Christian Churches in Anglican Communion.

8. Mission in the Church by Cooperation

Mission in the Church by cooperation will become an essential fact to transform the people into Missional community. They built their community with their abilities. In fact, most Christian missionaries are familiar with five historic "selfs" of the church such as (1) self-supporting, (2) self-propagating, (3) self-governing, (4) self-theologizing, and (5) self-missiologizing.[33] When we go to the back of Anglican history in Myanmar after leaving all foreign missionaries, a new era of indigenous leadership was begun.

In September, 1966 bishop V.G Shearburn, the last British diocesan bishop of Yangon, left Myanmar after enthronement of the Rt. Rev. Francis Ah Mya, the first indigenous bishop of Rangoon, at the Holy Trinity Cathedral on 28th, August 1966. Bishop Francis was a visionary and an advocate of self-support in the church. To materialize his vision, he drew up a work plan, which includes: 1) Self-propagation: development of lay ministry, development of mission oriented holy order, and promotion of ecumenical fellowship among Christian denominations. 2) Self-support: and finance by starting self-supporting projects at different parishes and introduction new investment policy for its financial resources. 3) Self-governing: was promoted by reorganization of the parishes in new parish pattern, promotion of higher theological education and church leadership and preparation towards the formation of Missional church in the Diocese of Yangon.[34] Most of the people in the church who did not understand a new investment policy for self-supporting church project, and they borrowed using the project money for their self-profit of parishioners' in Anglican Diocese of Yangon. Why is this happened in the church?

According to William D. Taylor, two things are lack of visionary in the church of Anglican Diocese. These are self-theologizing and self-missiologizing[35] which were partially provided to promote the national church as self-reliance church in praxis. 4) Self-theologizing: none of the above is alien to Anglicanism. The Church of England identifies itself as 'part of the One, Holy, Catholic and Apostolic Church'. It

PDF Compressor Free Version

claims to be a participant in the mainstream of historic Christianity and shares the Catholic creeds with all Trinitarian Churches. Engagement in the dynamics of its theological and practical formation is one of the distinctive features of the Church in Anglicanism: there is no straightforward 'doctrine of the Church' but an on-going theological formation of church life.[36] Its concept is unity in diverse. 5) Self-missiologizing: From the beginning the church was on mission. The Lord Jesus Christ told his disciples, they were not only to pray and support mission but also to be on mission. Our heavenly Father was on mission when He sent His only begotten Son. The Lord Jesus sent His disciples out not initially to foreign lands, but to their own land, saying, "Go rather to the lost sheep of Israel." (Matt. 10:6) The concept is that if you pattern your life after Jesus, you are doing mission. Your very life is on mission. A missionary is one who lives, loves and serves as a result of being transformed by the redeeming love of the Lord. This equipping is living out a Christ-like behaviour on the job, in the home and beyond. One of the basic mission fields is local church where all members who are inactive, indifferent, and un-Christ-like. Thus, our mission is not only to cooperate, but it also involves with personal commitment or Missional Spirit.[37] In fact, Missional spirit is born from missiology.

Regarding Missional Spirit, Samuel Escobar's definition of missiology is this that "missiology" is "an interdisciplinary approach to understand missionary action. It looks at missionary facts from the perspective of the biblical sciences, theology, history, and the social sciences.[38] Consequently, Missional strategy is shaped through dialogue and engagement with the contexts and neighbourhoods in which we live.[39] If missionaries intend the people around them, they will have a new insight of the Missional Spirit among the people around them. Likewise, missionary opens to their environment will intentionally create those perspectives, attitudes, priorities, goals, plans, and activities which will aid them in interacting with their context in purification and preservation of truth, justice, equality, faith, hope and love.[40] For each member the church will never be a Missional people without missionary spirit in the church community as well. As the result the parishioners are not as the consumer in the church after Missional leaders stimulate the people in the church for building the Missional Church.

## Conclusion

All in all, the church is a gift of God to Myanmar for transforming towards a Missional church as God's kingdom on Earth. All parishioners must be unity to participate in God's

PDF Compressor Free Version


mission, overcoming the divisions and tensions that exist among us, so that the world may believe and all may be one (John 17:21). The church, as the communion of Christ's disciples, must become an inclusive community to bring healing and reconciliation to the world. Our contribution in mission and our practice of the life of the Spirit need to be woven together for their transformation. Transformation can be understood in the light of the Paschal mystery: "If we have died with Christ, we will also live with him; if we endure, we will also reign with him" (2 Tim. 2:11-12). God's purpose for the world is not to create another world,  but to be transformed from established church to a Missional church in the 21st century. Thus, Anglican Churches in the Diocese of Yangon reforms to the Missional church from an established church by practicing the pattern of self-reliance as Missional church.

End Notes;

1.W. Rodman MacIlvaine III, "Become Missional," Bibliotheca sacra 167 (April-June 2010),
2.Thomas E. Breidenthal, "Formation for Mission," Anglican Theological Review,  ATR/96.1.
3.JR Woodward, Re-Sketching the Church: with the help of an ancient master,2008.
4.Richard K. Baawobr, Biblical Foundations of Mission and Current Challenges, March, 2013.
5.Richard K. Baawobr, Biblical Foundations of Mission and Current Challenges, March, 2013.
6.Christopher J. H. Wright, Biblical Theology for life: The Mission of God's People: A Biblical Theology of the Church's Mission, Langham Partnership International, 2010.
7.Grand Rapids, MI: Wm. B. Eerdmans Publishing Co., 1998). It originally referred to the challenge and opportunity presented to the Western church by the disestablishment of religion during the final decades of the 20th Century
8.W. Rodman Macllvaine III,WHAT IS THE MISSIONAL CHURCH MOVEMENT? BiBLiOTHECA SACRA 167 (January-March 2010):
9.Timothy Keller, Center church: doing balanced, gospel-centered ministry in your church, 2012.
10.George Verwer, "Out of the cofort Zone and into Missions," Manila, 2001.
11.Darrell L. Guder, ed., "Missional Church: A Vision for the sending of the church in North America, Michigan, 1998.
12.Timothy Keller, Center church: doing balanced, gospel-centered ministry in your church, 2012.
13.Mary Louise Norpel, "Diakonia, The Mission of the Church,"
14.David Mays, "Doing Missions in Your Church: A Handbook of lists, July, 2002.
15.Ian E. Benson, ed., "The Effective Sending Church," The missionary Training Service, Oswestry Christian Centre, UK, 1997.
16.Roderick Hewit, Missional leadership formation: Embodiment of together towards life: International Review of Mission, WCC, 2014.
17.Karen West, The Missional Leader: Cultivating Missinal Growth, WMB Church, Waterloo, April, 2007.
18.Tim Chester and Tim Timmis, Total Church: A radical Reshaping around Gospel and Community,  crossway books,2008.
19.Dan Sheffield , Leadership: toward pastoral priorities,
20.Alan Hirsch, "Today Leaderhsip Journal, 2008.
21.George Verwer, "Out of the comfort Zone and into  Missions," Manila, 2001.
22.George Carey, "The Origins of the Threefold Christian Ministry,
23.George Carey, "The Origins of the Threefold Christian Ministry,

PDF Compressor Free Version

24.Thomas Kemper, G.S., “In Mission & Ministry Together, : A Mission Leader’s Handbook, 2013-16.
25.Chapter II: The Parish; Membership, structure, & Leadership, 2008.
26.Darrell L. Guder, ed., “Missional Church: A Vision for the sending of the church in North America, Michigan, 1998.
27.Karen West, The Missional Leader: Cultivating Missinal Growth, WMB Church, Waterloo, April, 2007.
28.Barbara Hendricks, “What is Evangelization?” Missiology: An International Review, Vol., No. 4 October, 1978.
29.Karen West, The Missional Leader: Cultivating Missional Growth, WMB Church, Waterloo, April, 2007.
30.Paul Avis, “The Anglican Understanding of the Church: An Introduction, SPCK, 2000.
31.Ian, T. Douglas, “Anglican Identity and the Missio Dei: Implications for the American Convocation of Churches in Europe,
32.Vinoth Ramachandra, what is Globalization in “Global Society: Challenges for Christian Mission,” 1953.
33.William D. Taylor, “From Igassu to the reflective practitioners of the global family of Christ” in “ Global Missiology for the 21st century,” : the Iguassu Dialogue, ed., by William D. Taylor, 2000.
34.C. C. R. for the Church of the Province of Myanmar. Yangon, 1975. .
35.William D. Taylor, “From Igassu to the reflective practitioners of the global family of Christ” in “ Global Missiology for the 21st century,” : the Iguassu Dialogue, ed., by William D. Taylor, 2000.
36.Rowan Cantuar, “theology for a missionary church,” in “Mission-shaped church,”2003.
37.Teofilo L. Tolentino, “Mission and Evangelism” in “The Esstntials of the Evangelical Beliefs, “Chicago, 2012.
38.William D. Taylor, “From Igassu to the reflective practitioners of the global family of Christ” in “ Global Missiology for the 21st century,” : the Iguassu Dialogue, ed., by William D. Taylor, 2000.
39.Key Text: Alan Roxburgh, Introducing the Missional Church: What It is, Why It Matters, How to Become One. Grand Rapids: Baker Books, 2009.
40.Charles Van Engen, God’s Missionary People: Rethinking the Purpose of the Local Church, Baker Book, 1999.
41. “Together towards life: Mission and Evangelism in Changing Landscapes,” New affirmation on Mission and Evangelism, 2012.



PDF Compressor Free Version

SHALOM MAGAZINE




081- HCTC

PDF Compressor Free Version



